

[redacted]

ရွှေသမီးစာပေမှတစ်ပြည်လုံးသို့ဖြန့်ချိသည်။


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၁၁၅၁၀၈၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၁၃၆၁၁၀၀၉ |
| အဖုံးပန်းချီ | စောမင်းဝေ |
| ထုတ်ဝေသူ | ဒေါ်မိုးကေခိုင်(ချိုတေးသံစာပေ)<br>ရွှေနံ့သာကျေးရွာ (ပုလဲ-၃)<br>မင်္ဂလာဒုံ၊ရန်ကုန် |
| အတွင်းပုံနှိပ်သူ | ဦးကျော်စိန် ၊ကျောက်စိမ်းပုံနှိပ်တိုက်<br>၁၇၁၊ ၃၃လမ်း။ကျောက်တံတား။<br>ရန်ကုန် |
| ပုံနှိပ်ခြင်း | ၂၀၀၉ ခုနှစ် ၊နိုဝင်ဘာလ<br>ပထမအကြိမ် |
| အုပ်ရေ | (၅၀၀) |
| စာအုပ်ချုပ် | မေသူဝင်း |
| တန်ဖိုး | (၁၃၀၀)ကျပ် |

ချမ်းမင်းအိမ် ၈၉၅.၈၃

မေယျတ္တာသစ္စမင်္ဂလာ / ချမ်းမင်းအိမ် ။ - ရန်ကုန် ၊
ချိုတေးသံစာပေ၊ ၂၀၀၉ ။

၁၅၉- စာ ၊ ၁၃ x ၂၀ စင်တီမီတာ

(၁)မေယျတ္တာသစ္စမင်္ဂလာ

# ရေယျတူသမ္ဘမင်္ဂလာ

အရှေ့တိုင်း ကြေဝေဠာ . . .
နေကြတဲ့ များသတ္တာ ဝေနေယျာ အယ်ဟွင်၊အယ်ဟွင် . . .
ကျန်းမာ . . . ချမ်းသာစေဖို့ရာ . . .
လန်းဖြာ . . . ဝမ်းသာစေဖို့ရာ . . . ခေါ် . . . ဦး
အောင်ဧယျာ အောင်စေနိမိတ်နဲ့
အောင်အတိတ်ဆောင်ကာ . . .
သပြေနုရွက်ဝါ . . . ဧယျတုသဗ္ဗမင်္ဂလာ . . . အဟိန် . . .
'တွစ် . . . အစ် . . . အစ်'

✿ ရွှေသမီးစာပေ ✿

အရပ်ရှစ်မျက်နှာသို့ မေတ္တာပို့နေသံက ဆောင်းခြည်နှယ်ထဲမှာ ဥဩမဆွဲဘဲလ်မတီးဘဲ ကဲရီးအွန်နေပါတော့သည်။ ရှိရှိသမျှ သဗ္ဗရိသ နွယ်ဝင် သူတော်စင်များတို့မှာ လောင်းကွတ်၊ ခေါင်းစွပ်၊ ချောင်းတဟွပ် ဟွပ်နှင့် ဆောင်းမကျွတ်သေးရာပေ။

စောစောက 'အယ်ဟွပ် . . . အယ်ဟွပ်' မှာ တခြားဟုတ်ပါရိုး လား . . .။ ကျော်ဟိန်းကြီး 'ဒိုးရတော့မယ်အချစ်ရယ် . . . နွတ်ဆက်ခဲ့ ပါတယ်'လို့ဟဲအပြီး ဘာဘူနှင့်အနဂ္ဂတို့ ဝင်ထောက်ပေးကြလေသော 'အာဟ . . . အာဟ' မျိုးမဟုတ်။ အမှန်တကယ် ချောင်းဆိုးရင်ကြပ် သလိပ်ကပ်နာ၏ အိတ်ဖောမှုတ်သံစစ်စစ် ဖြစ်ပါသည်။ နောက်ပြီး 'ခေါ် . . . ခွိး'ကတော့ လည်ချောင်းထဲမှာ ပိတ်ဆို့နေသော သလိပ်တို့ကို ခတ် ခြင်း ဟပ်ခြင်း လီဗာနင်းသံ ဖြစ်၏။ သို့သော် အနီးအနားမှာ လှမ်းထွမ်း စရာ ထွေးခံမရှိလေသမို့ မျိုလို့သာဂလုလိုက်ရချေတော့သည်။

အဲ . . .'အဟိန်' ဆိုတာကတော့ အိတ်ဖောမှုတ်သံလည်း မဟုတ်၊ လီဗာနင်းသံလည်းမမည်၊ လည်ချောင်းမှသည် အာခေါင်ဆီသို့ ခရီးလမ်းကြောင်းရှင်းလင်းရေးဝစီမှုတ်သံသာ ဖြစ်လတ္တံ့။ အနီ 'တွစ် . . . အစ် . . . အစ်'ကား ဘီစကစ်မုန့်သာသာကြေးစည်ကလေးကို လှမ်း အခတ် ဘီလီယက်ချန်ပီယံလို လက်မသေချာ၍ ဘောချော်ထိုးသံသာ ဖြစ်ပါလေတော့သည်။

ဦးမာယာတင် မျက်မှန်ကိုလက်ညိုးကလေးနှင့်ပင့်တင်ရင်း အနားမှာ ရှိရှိကလေးထိုင်ကာ လက်အုပ်ချီနေသောဖနီးသည်ဒေါ်ခင် ခင်ကြီးကို မလုံမလဲဖြင့်တစ်ချက်ငဲ့ကြည့်လိုက်၏။ နောက် ဖုတ်လှိုက် ဖုတ်လှိုက် ကြက်ရင်အုပ်ကလေးကိုသာ တဖုတ်ဖုတ်ပုတ်နေရှာသည်။ ဟာမိုနီပိုင်းဆိုင်ရာ တာဝန်ယူထားသော ဒေါ်ခင်ခင်ကြီးကတော့ ဘုရားစင် ကိုမျက်နှာမူလျက် လင်တော်မောင့်ကို မျက်ထောင့်ကပ်ကာ မသိမသာ အကဲခတ်လိုက်၏။

"ဗေယျာတုသဗ္ဗမင်္ဂလာ . . . ခင်ခင်"

"ရှင် . . . ဗေယျာတုသဗ္ဗမင်္ဂလာ"

"မင့်သား ခုထိပြန်မလာသေးပါလားကွ။ ဘယ်အချိန်ရှိနေပြီ
…"

မေးတော့ ဒေါ်ခင်ခင်ကြီးကို မေးသည်။ သူ့လက်ကနာရီကို
…ဘာသာသူပဲ ကြည့်သည်။ ဒေါ်ခင်ခင်ကြီးလည်း တိုင်ကပ်နာရီဆီသို့
…မော့ကြည့်လိုက်၏။ ဩော် … လုလင်ပြန်ချိန်တောင် ရောက်ပါပေါ့
…။

"ဇေယျတုသဗ္ဗမင်္ဂလာ … လာမှာပါတော် …
ခေတ်ကလေးတွေပဲဥစ္စာ။ ဒီလောက်တော့ရှိမှာပေါ့ …
ကဲ … ကဲ … လုပ်စရာရှိတာ ဆက်လုပ်စို့"

ဦးမာယာတင် မျက်စောင်းတစ်ချက် လှမ်းပစ်လိုက်၏။ သို့သော်
…ခင်ခင်ကြီးဆီတော့အားဖြင့်မရောက်၊ လမ်း …. လမ်းမှာပဲ။ အေး
… … အသက်တွေလည်း ရလာပြီကိုး။ ရှေးဘက်ထရီအိုးဟောင်း
…းတွေဆိုတော့ အားကအကျမြန်လာသည်လေ။

"ဟ! ရှိတာမှ ဒီအိမ်မှာ ဒီသားအမိသားအဖသုံးယောက်ပဲ
…ဘာ။ သူမပါတော့ ဟာမိုနီပဲ့တာပေါ့ဟ"

ပါဠိထွက်နေကျပါးစပ်က ဘိုလိုမှတ်လိုက်သောကြောင့် ဒေါ်ခင်
…ကြီး၏မျက်စောင်းကိုရလိုက်သည်။

"အိုတော် … သူမမွေးခင်ကတည်းက ကျုပ်တို့နှစ်ယောက်
…သည်းဟဲလာတာ ညတိုင်းပဲဟာ။ ခုမှဟာမိုနီတွေ ပဲ့မနေပါနဲ့တော်"

လက်အုပ်ကလေးချီရင်း မျက်လွှာကလေးချရင်း လေပြေက
…းနှင့် ပြောလိုက်သောစကားကြောင့် ဦးမာယာတင် တွန့်သွားသည်။

"ဘာ! ဘယ် … ဘယ်လိုပြောတယ် ခင်ခင်"

"ဟုတ်တယ်လေ။ တော်နဲ့ကျုပ်နဲ့ညားကတည်းက ညစဉ်
…တိုင်းအိပ်ရာမဝင်ခင် ဘုရားအတူတူရှိခိုး။ မေတ္တာအတူတူပို့လာတာ
… နှစ်တွေနည်းမှမနည်းတော့ပဲ။ အခုဆို သူတောင်ဘွဲ့ရပြီးနေပြီ။
… … ဒါပြောတာ …"

ဒေါ်ခင်ခင်ကြီးလည်း ခုမှ သူ့စကားသူ သတိထားမိပုံရသည်။

ရင်ဘတ်ကို လက်ဖြင့်ဖိလျက် ...။

"ဘုရား ... ဘုရား ... ဖေယျတုသဗ္ဗမင်္ဂလာ ...

ဦးဖင်းနော် ... မဟုတ်ကဟုတ်ကတွေ လျှောက်မတွေးနဲ့ ... ဟွန်း!"

ဦးမာယာတင်လည်း ရှက်ကိုးရက်ကန်းဖြင့်သာ ဘုရားစင်ကို လက်အုပ်ပြန်ချီကာ ချောင်းခြောက်တစ်ချက်ခတ်လိုက်၏။ ပြီးမှ ...

"ကိုင်း ... ကိုင်း ... မေတ္တာဆက်ပို့ရအောင် ခုနက ဘယ် တိုင်းရောက်သွားပြီလဲ"

"အခုမှ အရှေ့တိုင်းပဲ ပြီးသေးတာလေ"

"အေး ... အေး ... ဒါဆို တောင်တိုင်းဆက်ကြစို့ ...။

တောင်တိုင်းစကြဝဠာ ...

နေကြတဲ့ များသတ္တာ ... ဝေနေယျာ ...

ကျန်းမာ ... ချမ်းသာစေဖို့ရာ ...

လန်းဖြာ ... ဝမ်းသာစေ ... စေ ... ဖို့ ... "

ထိုစဉ် အိမ်ရှေ့တံခါးပွင့်သံ 'ကျွီ'က အလိုက်သင့်ထွက်လာ သည်၊ ဒီဂျေတစ်ယောက် ဓာတ်ပြားပွတ်လိုက်သည့်အတိုင်း။ နောက်ပြီး ဖိနပ်ချွတ်သံ 'ရှတက် ... ရှတက်'နှင့်မရှေးမနှောင်း ကြမ်းပြင်ပေါ် ခြေဆောင့်နင်းသံ'ဒုန်း'ကလည်း ရှေ့သွားနောက်လိုက်ညီညွတ်စွာ။ ဒီဂျေဂျေးသာ ဤအသံကိုကြားသွားပါက နောက်တစ်ခါ DJ Remix ခွေထုတ်လျှင်ဖြင့် ထည့်သုံးမိမှာအသေအချာ။

"ကျွီ ... ရှတက် ... ရှတက် ... ဒုန်း"

ဒီဂျေပွတ်သံကြောင့် မေတ္တာပွတ်သံတို့ 'ဒက်စ်စတော့' ရပ်သွား သည်။ ဦးမာယာတင်ခမျာ ပို့ထားသောမေတ္တာများကို ရောက်ရာဝိုင်းမှ အမြန်ပြန်ခေါ်လိုက်ရ၏။ ထုံးစံအတိုင်း ခေါင်းခင်ကြီးကိုသာငုံကြည့်သည်။ ခေါင်းခင်ကြီးကလည်း သားတောင်မောင်ရှိရာသို့ မျက်မှောင်ကြုတ် ကာ လှမ်းကြည့်လိုက်မိသည်။

"ဖေယျတုသဗ္ဗမင်္ဂလာ ... ကျွန်တော်ပြန်ရောက်ပါပြီခင်ဗျ"

ဦးမာယာတင်နှင့် ဒေါ်ခင်ခင်ကြီးတို့၏ 'အုံးလီးဝမ်း' တည်း ဟူသော ရင်နှစ်သည်းချာ သားရတနာကြီး 'ဇေယျတု'ပါပေ။ အိမ်ပြန် ရောက်ကြောင်းသတင်းပို့ရင်း မိကိုလက်ဝဲ ဘကိုယာထား နှစ်ယောက် ကြားသို့ ဝင်ထိုင်လေတော့၏။ ဦးမာယာတင်မှာ သူ့အနားခွေးသေပုပ် ကောင်လာချထားသည့်အလား နောက်နားသို့တိုင် တွန့်၍ဆုတ်လိုက် သည်။ ဒေါ်ခင်ခင်ကြီးကတော့ ယောကျ်ားမျက်နှာ သားမျက်နှာကို မှုမြင်ဖူးဟန်ဖြင့် တစ်ယောက်တစ်လှည့်ကြည့်နေသည်။

"ဇေယျတုသဗ္ဗမင်္ဂလာ ... နောက်ကျသွားတဲ့အတွက် ဆောရီး ။ အခု ဘုရားရှိခိုးပြီးသွားကြပြီလား ...။ ကျွန်တော်ရောက်လာပြီ ဆိုတော့ အစကပြန်စရအောင်လား"

ဆယ်ဖြာလက်မိုး ရှိခိုးဦးချိ ငါးဖြာအဋ္ဌလီပြီးသကာလ အစက ပြန်စရအောင် အဆိုပြုရာ ...

"ဇေယျတုသဗ္ဗမင်္ဂလာ ... မရဘူးဟေ့ကောင် ... မင်းဘာ သာမင်း လေချင်ရာလေနေပြီးတော့ ... သွား ... မိတဲ့နေရာကလိုက် ။ လုပ် ... ခင်ခင် ... ခုနက ဘယ်နားရောက်သွားပြီလဲ"

အိမ်ဦးနတ်ပီပီ သား၏အဆိုကို ဗီတိုအာဏာဖြင့် ပယ်ချလိုက်၏။ ဒေါ်ခင်ခင်ကြီးခမျာမှာတော့ ကိုးကြည့်ကြောင်ကြည့်။ သုံးလွန်းတင်မှ ကြိုးပိသသလို ဤအိမ်၌လည်း ဘုရားရှိခိုး မေတ္တာပို့ရာမှာတော့ ဒီအဖေ ဒီအမေ ဒီသား သုံးဦးသားဆုံမှ ဟာမိုနီညီပါလိမ့်မည်။

"ဟို ... ဟို ... အောင်ဇေယျာ အောင်စေနိမိတ်နဲ့ ရောက်ပြီ ခင်း"

"အေး ... အဲဒီကဆက်မယ် ... ဘာတဲ့"

ခုမှဟာမိုနီ ညီပါလေတော့သည်၊ သုံးဦးကော်မတီက လူစုံ ပြီကိုး။ ဒါကလည်း ဦးမာယာတင်စီစဉ်တင်ဆက်သည့် ဘာသာ ရေးကိုင်းရှိုင်းမှု အစဉ်အလာကောင်းပါပေ။ မင်္ဂလာအပေါင်းနှင့်ပြည့်ပါ ။ ညအိပ်ရာမဝင်ခင် ဘုရားရှိခိုးရသည်။ မေတ္တာပို့ရသည်၊ သေကောင် ပေါင်းလဲမဖျားမနာသရွေ့ တစ်ညဝတ်မပျက်ရ။ အရိုးစွဲသွားသည့် ငယ်ကျင့်

ကောင်းပေကိုး။ သက်နှဲမနိုင် သပိတ်မနိုင်ခင် ကိုရင်ကတုံးဘဝမှသည် ပထမကျော်အောင်ပြီးလေသည့် ခန်းနေဦးဇင်းဖြစ်လာသည်အထိ ညစဉ်မပျက် ထရိန်နှင်းဆင်းလာခဲ့ရသည်လေ။ လှူပုံတော်နာဂီပြင်ဆရာမှသည် မာတုဂါမကြီးဒေါ်ခင်ခင်ကြီးနှင့် အကြောင်းဆက် ပေါင်းဖက်လာခဲ့ပြီး 'ဇေယျတု' တည်းဟူသော ရတနာရွှေအိုးကြီး ကျောင်းပြီးလို့ဘွဲ့ရ ယခုညထိတိုင် အစဉ်အလာမပျက်ခဲ့။ ဟော . . . တစ်ဦးကိုတစ်ဦး စကားပြောလျှင်တောင် 'ဇေယျတုသဗ္ဗမင်္ဂလာ' ရယ်လို့ နှုတ်ခွန်းတော် ပဏာမနှင့် ဖိရစ်ပြုရပါသည် . . . ကိုင်း။

အောင်ဇေယျာ အောင်စေနိမိတ်နဲ့

အောင်အတိတ် ဆောင်ကာ . . .

သပြေနုရွက်ဝါ . . . ဇေယျတုသဗ္ဗမင်္ဂလာ . . .

"တူ . . . ဝေ . . . ဝေ . . . ဝေ . . ."

❑ ❑ ❑

"အင်း .. ဘုရား .. ဘုရား .. အနိစ္စ .. အမြဲမရှိ .. အနိစ္စ"

သုံးဦးကော်မတီ ညီလာခံအပြီးအထမှာတော့ ပေါင်(၁၀၀)ပင် ပြည့်လေသော ခန္ဓာအိမ်မည်းပိန်ခြောက်ကလေးကို ကမ္ဘာ့မြေဆွဲအား နှင့် (၂)ပေကျော်ကျော်လောက်ကလေး ဆန့်ကျင်ရန်ကိုပင် ဆင်တစ် ာင်လုံးကို ခါးမှာကြိုးချည်ပြီး ဆွဲနေရသည့်အလား။

မယားတစ်ဖက် သားတစ်ဖက်ကြောင့်သာ ပက်လက်ကုလား ိုင်ကလေးရှိရာဆီရောက်ရသည်။ အဲဒီပက်လက်ကုလားထိုင်ဆိုသော ကြီးပုခက် ယိုင်နွဲ့ပျက်ပေါ်မှာ သစ်ခက်သစ်ကိုင်းခြောက်အလား ဦးမာ ဘတင်၏ခန္ဓာကိုယ်အတ္တဘောကြီးတည်ရှိနေပုံက နာဂစ်အောက်မှေ့ဖွယ် ိတုကြီးသဖွယ်။

"ဇေယျတုသဗ္ဗမင်္ဂလာ ... ရေနွေးလုပ်ပါဦးခင်ခင် ...
အယ်ဟွပ် ... အယ်ဟွပ်"

ဘေးနားမှာချထားသော ဓာတ်ဘူးကြီးထဲမှ ရေနွေးတစ်ခွက်စာ ငှဲ့ယူလိုက်ပြီး ဦးမာယာတင့်လက်ထဲထည့်ပေးလိုက်၏။

"မှုတ် ... မှုတ်ပေးပါဦးခင်ခင်"

"ရှင်"

"ရေနွေးတွေ ဒီလောက်ပူလောင်နေတာ ...
ဘယ်သောက်နိုင်မှာလဲဟ ...
နည်းနည်းလောက်မှုတ်ပေးပါဦးလို့ပြောတာ ...
အင်း ... ဇေယျတုသဗ္ဗမင်္ဂလာ ..."

ဒေါ်ခင်ခင်ကြီး မျက်စောင်းခတ်လိုက်သလို ဇေယျတုလည်း ခေါင်းကိုငုံ့ကာပြုံး၏။

"ဇေယျတု"

"ဗျာ အဖေ"

"မင်း ... အဖေ့ကိုကြည့်ပါဦး"

ကြည့်ပါဦးဆို၍သာ ကြည့်လိုက်ရသည်။ အဖေက အဖေနှင့် မတူတော့ဘဲ သစ်ကိုင်းခြောက်ကို ပက်လက်ကုလားထိုင်ပေါ် တင်ထား သည့်အလား။

"အဖေတို့လည်း အသက်ကြီးကုန်ပြီကွာ ... မင်းလည်းဘွဲ့ရ ပြီ။ ဘာအလုပ်မှမယ်မယ်ရရ မလုပ်သေးဘူးနော်"

"ဇေယျတုသဗ္ဗမင်္ဂလာ ... ကျွန်တော် .... တိုးနောင်မိုးတို့ အုပ်စုနဲ့ တိုင်ပင်နေပါတယ် အဖေ"

"ဘာ ... ဘာတွေများလုပ်ဖို့ တိုင်ပင်နေကြတာတုန်းဟ။ လုပ် စမ်းပါဦး"

ဇေယျတုစကားကြောင့် ဦးမာယာတင်အားတက်သွားပြီး ဦးမာ ယာတင်၏ အပျော်အပြုံးကြောင့်လည်း ဇေယျတုမာန်တက်သွားသည်။

"လိုင်စင်ရ အရက်ဖြူဆိုင်ဖွင့်မလို့"

"ဘာ!"

အပျော်အပြုံးတို့ ချော်တုံးလို ပျော်ပြုန်းကုန်လေပြီ။

"ဟုတ် ... ဟုတ်တယ်အဖေ ... စောမင်းဝေဦးလေးတစ်ယောက်က လိုင်စင်ရအောင်လုပ်ပေးမယ် ... တဲ့"

"ဟော့ကောင် ... ဇေယျတု!"

"ဗျာ"

"ငါ့မျက်နှာကို သေချာကြည့်စမ်း"

"ဘာ ... ဘာလို့လဲအဖေ ဝက်ခြံပေါက်နေလို့လား"

"ငါ ... တယ်လေ ..."

ဦးမာယာတင်၏ သစ်ကိုင်းခြောက်တစ်ဖက် လေထဲကိုမြောက်တက်သွားလေသည်။ သို့သော် ဇေယျတုဆီသို့မရောက်လိုက် လမ်းမှာင်။ ဒေါ်ခင်ခင်ကြီး၏တိုးလ်ဂိတ်က 'ဟိုး!ဘရိတ်' ဖမ်းထားလိုက်သည်။

"ဇေယျတုသဗ္ဗမင်္ဂလာ ... ဦးဖင်း ... ရှင်လက်မပါနဲ့လေ"

"ဟ ... မင်းသားက ပါးစပ်နဲ့မရဘူး ... လက်ပါမှ"

"ဟွန်"

ဒေါ်ခင်ခင်ကြီး အဓိပ္ပာယ်အကောက်လွဲပြီး မျက်နှာခေါင်းငုံ့လိုက်တော့မှ ...

"ငါ ... ငါပြောတာ ... အဲ ... အဲလိုမဟုတ်ဘူး ... အဟမ်းလိုက္ကွာ ... ငါးပါးသီလမြဲတဲ့ ငါလိုကောင်ရဲ့သား ငါ့သားက အရက်ရောင်းမယ်တဲ့လေ ... မင်းလည်းကြားသားနဲ့ ..."

"ဟုတ်တယ် အဖေ ... ကျွန်တော်တို့ တွက်ကြည့်ပြီးပြီ ... တစ်လ ... တစ်လ ... မကျန်ပါဘူးဆိုတောင် အနည်းဆုံးနှစ်ပုံး ... သုံးပုံးလောက်ကျန်မှာ"

"တော်စမ်း! မင်းဘာသာမင်း ... ဘယ်နှပုံးကျန်ကျန် ... ရောင်းရဘူး ... ငါသဘောမတူဘူး ... ဒါပဲ ... အယ်ဟွပ် ... အယ်ဟွပ်"

ဒေါ်သပြင်းပြင်းနှင့်ကြက်ရင်အုပ်အင်ဂျင်ကို အတင်းနှင်းတော့

အိတ်ဇောပွတ်သံပါ ပြင်းလာလေတော့သည်။ ကြောင်လေးတစ်ကောင်ကို ပွတ်သပ်ချော့မြူနေသလို ဒေါ်ခင်ခင်ကြီးခမျာ ကြက်ရင်အုပ်ကလေးကို တပွတ်ပွတ်။

"ဇေယျာတုသဗ္ဗမင်္ဂလာ စိတ်ထိန်းပါ ဦးဖင်းရယ် ... သူလည်း သူ့စိတ်ကူးနဲ့သူ တစ်ပြန်တစ်လှည့် ရှာကျွေးချင်လို့နေမှာပေါ့တော်"

"အေး ... အဲဒီထမင်း ငါမစားဘူး။ အကုသိုလ်နဲ့ နယ်ထားတဲ့ထမင်း ... အပင်းပဲဖြစ်မှာ"

"ဦးဖင်းကလည်းတော် ... ကလေးစိတ်မကောင်းအောင် ပြောမနေပါနဲ့တော့"

"ဟွန်း! ဖအေက ဦးဖင်းလူထွက်၊ မအေက သက်သတ်လွတ်သမား ... သားကျမှအရက်ရောင်းမတဲ့ ... လူကြားလို့မှကောင်းကြသေးရဲ့လားကွာ။

ဟော့ကောင် ... မင်းညတိုင်း ငါးပါးသီလရွတ်နေတာ ဘယ်သွားထားမှာလဲ ... ပြော ..."

ဇေယျာတု ငြိမ်နေလိုက်၏။ မတော်လို့များ မွေးသဖခင်ကြီး ခေါက်ခနဲကြွေသွားပါက ဘဝအဆက်အဆက်ထိ နောင်တရနေမိမှာ ကျိန်းသေသည်။

"သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိဆို ... မင်းပဲ ညတိုင်းရွတ်နေတာလေ ..."

"ကျွန်တော် သောက်ဖို့ရောင်းကြည့်တယ်လေ။ ဒါကရောင်းမှာ"

"တော်စမ်း! ငါလူမှန်းသိကတည်းက ကိုးပါးသီလနဲ့နေလာတာ။ မင်းအမေနဲ့ရမှမထိန်းနိုင်တော့တာ ..."

"ဦးဖင်း ... ရှင်ဘာတွေလျှောက်ပြောနေတာတုန်း"

ဒေါ်ခင်ခင်ကြီး ဝင်ဟန့်လိုက်တော့ ဦးမာယာတင်ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဟင် ... ငါဘာမှားလို့လဲ။ ဟုတ်တယ်လေ ... မင်းနဲ့ရျူတော့ အဗြဟ္မစရိယာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိနိုင်ပါတော့

လားဟ''

''ဦးဇင်း ... သိမ်မခုန်နဲ့နော် ... ဖုန်ထ,တယ်''

''ငါ .. ငါပြောချင်တာ အဲဒီသဘောမဟုတ်ဘူး၊ အဟမ်း .. အဟမ်း ... ဒီလိုကွာ။ တစ်နေ့တစ်နေ့ မနက်အိပ်ရာထသည်ကနေ ညအိပ်ရာဝင်တဲ့အထိအတွင်း ငါးပါးသီလလေးတော့ မြဲနိုင်သလောက် လေးထိန်းတယ်။ ဒါ အသေးစား အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုလေးကို တစ်နိုင်ထိန်းကြည့်တဲ့သဘော''

ဇေယျတုစိတ်ထဲအောက်မေ့လိုက်သည်၊ မောင်သိန်းဇော်ရေး တဲ့ကဗျာနဲ့ မောင်ရန်ပိုင့်ဝတ္ထုထဲကစာသားတွေ ရောသမမွှေထားတာ ဘဲ့။

''အဲဒီတော့ တစ်နေ့တစ်နေ့ ကုသိုလ်မရရင်နေ အကုသိုလ်မဖြစ် အောင်ထိန်းရမယ်။ တခြား သမ္မာအာဇီဝဖြစ်မယ့်အလုပ်တွေ အများကြီး။

ခင်ခင် ... မင့်သားအရက်ရောင်းကျွေးတဲ့ထမင်းကို မင်းစားရဲ သား ... ကဲပြော။

အေး ... အဲဒါပဲ။ ငါထမင်းတစ်လုပ်ကို အေးအေးချမ်းချမ်း စားချင်တယ်။ ပူတဲ့ထမင်းလုပ်ကို မျိုမချနိုင်ဘူး။

ဟော့ကောင် ... ဇေယျတု!''

''ဗျာ''

''မနက်ဖြန်ကစပြီး ဆိုင်သွားထွက်တော့။ ဒါပဲ''

ဇေယျတုအကြီးအကျယ်စိတ်လေသွားသည်။ ဂျယ်လီဖြင့် သောင်ထားရသော ဦးခေါင်းမွေးအင်တင်နာများ မယိုင်လဲရလေအောင် ခိန်းကုတ်လိုက်၏။

''ဟာ ... အဖေကလည်းဗျာ၊ အဖေ့ဆိုင်က အီး-ဒီ[E.D]ကြီး''

''ဘာလဲ အီး-ဒီ''

''အန်းဒိတ် [End Date]လို့ပြောတာ။ ကျွန်တော်တို့လုပ်ချင်တာ အသစ်၊ အသစ်တွေ။ အလန်းတွေမှလုပ်ချင်တာ''

''ဟော့ကောင် ... မင်းအရက်ဖြူရောင်းတာကရော အသစ်လား

. . . ဟင်''

ဦးမာယာတင် အဲဒီလို ချက်နှင့်လက်နှင့်ပြန်ပက်လိုက်တော့လည်း ဖေယျတုအမြီးကုပ်သွားသည်။ ဟုတ်တော့လည်း ဟုတ်သား . . . ကိုယ့်စကားနှင့်ကိုယ်ပဲလေ။

''ဖေယျတုသဗ္ဗမင်္ဂလာ . . . ဒါက ဒီလိုရှိတယ်လေ အဖေရဲ့။ အရက်ဖြူတော့ အရက်ဖြူပဲပေါ့။ ဒါပေမယ့် ယောမင်းကြီးဦးဖိုးလှိုင်တို့ ခေတ်က အရက်ဖြူမဟုတ်တော့ဘူးလေဗျာ။ ဘရင်းနျူ [Brand New] တွေ အပ်တူဒိတ် [Up to Date] ဖြစ်နေတာမျိုး''

''ဟေ့ကောင် . . . ဘိုလိုတွေ လျှောက်မှုတ်မနေနဲ့။ အရက်ဖြူကအရက်ဖြူပဲ။ ဘာမှမသစ်ဘူး''

''ဟာဗျာ . . . အဖေ့ဆိုင်က အဟောင်းတွေကိုအားပေးနေတာ။ ပစ္စည်းဟောင်းတွေကို ချစ်တတ်အောင်လုပ်နေတာ။ ကွန်ဆာဗေးတစ် [Consarvative] ဆန်တယ်။ ခေတ်ကို ဘက်ဂီယာ [Back Giar] သွင်းပြီး နောက်ဆုတ်ခိုင်းနေတာ ကျွန်တော်နဲ့ မကိုက်ဘူးအဖေ။

ကျွန်တော်က အသစ်ဘက်ကိုရွေးချင်တာ။ အဖေ့ဟာက ကျန်ခဲ့ပြီ။ ဟိုး . . . အဝေးကြီးမှာ . . . ''

ဖေယျတုပုံစံက သကြန်သံချပ်ထိုးနေတာလား၊ ဟစ်ဟော့ပ်တသားရွတ်နေတာလား မကွဲပြား။ ခေါင်းစောင်းသည့်အခါ စောင်း၏။ လက်ကိုထောင်သည့်အခါထောင်၏။ ပြီးတော့ မျက်နှာကိုရှုံ့မဲ့ရှုံ့မဲ့လုပ်၏။ ဦးမာယာတင်မျက်စိထဲမှာ ခရော့စ် [Cross] ဖြစ်လာလေပြီ။

''ခွေးကောင် . . . ငါ ဒီအဟောင်းတွေရောင်းလို့ မင်းဒီအရွယ်ထိ လူဖြစ်လာတာ။ ခုမှ ပြန်ဟောင်မနေနဲ့။ ကျေးဇူးကန်းကောင်''

''အဖေလည်း သိမှာပါ။ ခေတ်ကြီးကတောင်းဆိုနေတာအသစ်၊ လိုချင်တာအသစ်၊ ကြားချင်တာကလည်းအသစ်ဖြစ်ထွန်းမှုရဲ့ မှိုသံတွေပဲအဖေရ''

''အံမာ . . . ငါ မျက်ခွက်ဖြတ်ရိုက်လို့ သေမင်းရဲခေါင်းလောင်းသံတွေ အရင်ကြားသွားရတော့မယ်''

သစ်ကိုင်းခြောက်ကို ဒုတိယမွဲပြောက်မည်ကြသည်။ ဤတစ်ကြိမ်မှာတော့ ဇေယျတုကပဲ သစ်ကိုင်းခြောက်ကို ကာတားလိုက်ရ၏။

''သမိုင်းဆိုတာ ဘယ်မှာရှိလဲ မင်းသိလား''

''အုတ်ကျင်းနဲ့ ခဲပြကြားမှာလေ''

သေချာတာကတော့ အင်တင်နာများပေါ်သို့ သစ်ကိုင်းခြောက်ကလေး 'ဒေါက်'ခနဲကျလာခြင်းပင်။ ဇေယျတု သူ့ဂျယ်လီများကို နှမြောမိနေပုံရသည်၊ ဦးခေါင်းပေါ်က အခြေပျက်သွားသောအင်တင်နာများကို တယုတယပွတ်သပ်နှစ်သိမ့်ပေးနေလေတော့သည်။

''တော်တော်ချာလိုက်တဲ့ကောင်။ မင်း ငါ့သားလို့မပြောမိစေနဲ့၊ ငါသိက္ခာကျတယ်။ ဒီမယ် . . . သမိုင်းဆိုတာ အဟောင်းထဲမှာပဲရှိတယ်။ သမိုင်းရဲ့တန်ဖိုးဆိုတာလည်း အဟောင်းကိုကြည့်ပြီး ဆုံးဖြတ်ကြတာ။ မှတ်ထား . . .။

ဥပမာ – တရုတ်ပြည်က မဟာရံတံတိုင်းကြီး၊ အီဂျစ်ပြည်က ပိရမစ်ကြီးတွေ၊ ဟော . . . ကမ္ဘောဒီးယားက အန်ကောဝပ်ကွာ၊ ငါတို့ဆီက ပုဂံဘုရားတွေ။ ကြည့် . . . ဒါတွေဟာ ဘယ်လိုမှတန်ဖိုးဖြတ်လို့မရတဲ့ သမိုင်းတွေ၊ ဒီအဆောက်အဦတွေကိုကြည့်ရင် အဲဒီလူမျိုးရဲ့ သမိုင်းကို တွေ့လိမ့်မယ်။ ခင်ခင် . . . ရေနွေးတစ်ခွက်လောက်လုပ်ပါဦး''

လင်ယောကျ်ားအနားမှာ ရေပူရေချမ်းကမ်းလှမ်းမှ မိန်းမကောင်းပီသပါလိမ့်မည်။ ဒေါ်ခင်ခင်ကြီးကား အနီဘွဲ့တံဆိပ်ခပ်နှိပ်ခြင်းခံရသူပါပေ။ ဓာတ်ဘူးကြီးထဲက ရေနွေးတစ်ခွက်စာငှဲ့ပေးလိုက်ပြန်သည်။ ဦးမာယာတင်ကား ရေဆာအာခြောက်တတ်သော သဘောရှိလေသလားမသိ၊ ရေနွေးတစ်ခွက်ကို နိတ်စ်ဝမ်း [Next One] လုပ်လာလေတော့၏။ ထူးဆန်းသည်က အိတ်ဇောမှတ်တော့ခြင်းပင်။ ချောင်းခြောက်ကို တစ်ချက်ရှင်းလေသောအခါ သမိုင်းဆိုင်ရာသင်ခန်းစာများ ထပ်မနားမပြတ်မှားတော့မည်ကိုကြိုသိလေသော ဒေါ်ခင်ခင်ကြီးက တော်ကြာလင်းကြက်တွန်ချိန်ရောက်သည်အထိ သက်ကြီးခေါင်းချခွင့်မရလိုက်မှာစိုးရိမ်သောကြောင့် ကောနည်းရန်စဲအောင်ဒိုင်ပွဲရပ်ဖြင့်ပွဲသိမ်းခရာမှုတ်လိုက်လေတော့သည်။

"ဖေယျတုသဗ္ဗမင်္ဂလာ . . . ကဲ . . . ကဲ . . . ကဲ . . . တော် . . တော် . . . တော်ကြပါတော့ရှင်။ ဒါနဲ့လိုရင်းရောက်မှာ မဟုတ်တော့ဘူး။ ဒယ်သား အမေတို့မှာ တခြားလုပ်တတ်တာ သိပ်မရှိဘူး။ မင်းအဖေရဲ့ ဆိုင်လေးကို မင်းပဲဆက်ဖွင့်ပေး။ မိဘလက်ငုပ်အလုပ်ဆိုတာ သားသမီးက ဆက်ခံသင့်တယ်ကွဲ့"

"ဟာဗျာ . . . ကျွန်တော်မှ စိတ်မဝင်စားတာ"

"သားစိတ်ဝင်စားတာ မဝင်စားတာနောက်ထား။ လောလော ဆယ် ဒါနဲ့မမ်မမ်ဆက်ထိန်းကြရမှာ"

ဒေါ်ခင်ခင်ကြီးက ထမင်းစားဟန်သရုပ်သဏ္ဍာန်မှန်ကန်စွာဖြင့် ခင်းကျင်းတင်ဆက်လိုက်ရာ ဖေယျတုနည်းနည်းညစ်သွားသည်။

"အမေကလည်းဗျာ။ ထမင်းတစ်လုပ်အတွက်တော့ ထင်းခုတ်စားလည်းရပါတယ်"

"အေး! . . . ထင်းမခုတ်ခင် မင်းကိုအရင်နားရင်းအုပ်ရတော့မယ်"

သစ်ကိုင်းခြောက်တို့ တဝီယမ္ပိမြောက်တက်ပြန်ပါပြီ။ သို့သော် ဖေယျတုဇက်ပုသွားသောကြောင့် အင်တင်နာများဆီမရောက်တော့။ ဤတွင် ဒေါ်ခင်ခင်ကြီး၏စကားက အသစ်ကိုလိုလားသောဖေယျတုကို အဟောင်းထဲသို့ တွန်းပို့လိုက်ပါလေတော့သည်။

"ဦးဇင်း . . . နှုတ်တစ်ရာစာတစ်လုံးပဲ၊

အဲဒီလောက်အမြုပ်ထွက်အောင် ရှည်ရှည်ဝေးဝေးပြောနေစရာမလိုဘူး။ လွယ်လွယ်လေး။ ဆန်ပုံးထဲ ငုံ့ကြည့်နိုင်းလိုက်ရုံပဲ"

❑ ❑ ❑

သို့ဖြင့် ဇေယျတုတို့ 'ပဌသိ'သို့ စခန်းချရပါလေပြီ။ 'ပဌသိ' ဆိုသည်မှာ ဖခင်ကြီး၏ 'ထမင်းလုပ်စက်ရုံကြီး' ပါပေတည်း။ ရွှေဂုံတိုင်လမ်းပေါ်မှာရှိသည်။ ဘေးနှစ်ဖက်မှာ ခမ်းနားကြီးကျယ်သော ဥရောပစားသောက်ဆိုင်ကြီးနှင့် ခေတ်ပေါ်ပန်းပုဆိုင်ကြီးရှိသည်။ ဆိုင်ရှေ့တည့်တည့်မှာက ကြီးမားအုပ်ဆိုင်းနေသော ကုက္ကိုပင်ကြီးရှိသည်။ ထိုထိုကြီးကြကျန်သောအရာများကြားမှာ 'ပဌသိ' ကသေးသေးဝပ်ဝပ် စုပ်ဖတ်ဖတ်ကလေးဖြစ်၏။ ပုံပမာနှိုင်းရလျှင်တော့ ဆင်ဟိုင်းကြီးများကြားမှာ ခွေးပေါက်စကလေးရပ်နေဘိသကဲ့သို့။ ဇေယျတုအတွေးဖြင့် နှုတ်ခမ်းတွန့်ရှုံ့မြူးလိုက်မိသည်။ စိုးသော်တာတို့အရက်ပုန်းဆိုင်လောက်တောင်မှ မခမ်းနားလှပါကလားကွယ်။

✿ ရွှေသမီးစာပေ ✿

"ဟာ . . . ပော့ကောင်ကြီးဖေယျတု . . . မိုးတွေဘာတွေ ရွာကုန်ပါဦးမယ်ကွာ"

ကုက္ကိုပင်ကြီးအောက်မှာ မဟာ့မဟာဖြူတီပါလာကြီးဖွင့်ထားသောကျော်ထူးက ဖေယျတုကိုမြင်တော့ ပဋိသန္ထာရနှုတ်ခွန်းသပါသည်။ လက်ရမ်းတစ်ဖက်ပြုတ်နေသော ကုလားထိုင်အိုကြီးတစ်လုံးတည်းဖြင့် ခမ်းနားထည်ဝါလှပါပေသော 'ကေလာသ'ဆိုင်ကလေးမှာကား ကုက္ကိုပင်မှာ မှန်ပြာရှိမှန်တစ်ချပ်ကိုချိတ်လိုက်ရုံဖြင့် ဆိုင်ကားဖွင့်ပြီးသားဖြစ်သွားပါလေပြီ။ 'ကေ'လာ'သ'လိုသူ ပုရိသကာလသားတို့ ကေလာသ,နိုင်ပါပေပြီ။ ကုက္ကိုပင်မှာချိတ်ထားသော စစ်လွယ်အိတ်အဟောင်းကြီးထဲမှာတော့ လက်နက်ခဲယမ်းမီးကျောက်များရှိသည်။ ကေလာသတို့လာမှ လိုရာထုတ်ယူသည်။ အခုထုတ်နေသည်က မီးခိုးငွေ့ယန္တရားကြီးတစ်စင်းကို သူ၏မွဲပြာပြာနှုတ်ခမ်းနှစ်ရွက်မှာတပ်ဆင်ရန် နှိုက်ယူနေခြင်းဖြစ်သည်။ ပြီးတော့ မီးခြစ်ပေါ် တဖောက်ဖောက်ခေါက်နေသည်။ ကျော်ထူး၏ အမေးကို ဖေယျတုမဖြေချင့်ဖြေချင်လေသံဖြင့် . . .

"မြေအုတ်တို့ပြိုလေသော် . . . ကျောက်အုတ်တို့ဖြင့် အစားထိုးအံ့လို့ဆိုတယ်မဟုတ်လား။ အခု ကျွန်တော်ကျောက်အုတ်အဖြစ်နဲ့ ရောက်လာပြီလေ"

စကားလုံးတို့က ကောင်းကင်ကကျများလာတာလားထင်ရသည်။ ကျော်ထူးမျက်စောင်းထိုးရင်း ပါးစပ်ကပွစိပွစိနှင့်ဆဲပစ်လိုက်၏။

"မင်းအဘိုးကြီးနေမကောင်းဘူးဆိုလည်း ရိုးရိုးပြော ရတယ်။ မြေအုတ်တွေရော ကျောက်အုတ်တွေရောကို ရှုပ်နေတာပဲ"

ကေလာသထိုင်ခုံပေါ်ပစ်ထိုင်ရင်း လက်ထဲကဆေးပေါ့လိပ်ကို ထောင်းထောင်းထအောင် ဖွာနေတော့သည်။ ဖေယျတုလည်း ကျော်ထူးကိုစကားမဆက်တော့ဘဲ စုပ်တစ်ချက်သပ်ရင်း ခေါင်းကိုဖြည်းလေးစွာယမ်းခါပစ်လိုက်၏။ ဦးမာယာတင်၏ ရတနာသိုက်ကိုမြေပုံညွှန်းအတိုင်းဖွင့်ဝင်ဖို့ ဂျိုရငွေသော့တံကိုလှည့်လိုက်စဉ်မှာပင် ရှေးဘုန်းကြီးကျောင်းဟောင်းနံ့နှင့်အတူ လင်းနို့တစ်ကောင်ကမျက်နှာဆီ ပြေးဝင်လာသော

ကြောင့် ရုတ်တရက်ငုံ့ရှောင်လိုက်ရသည်။ နောက်ဖေးပေါက်တံခါးဖွင့်ဖို့ သွားရသည်မှာ စက်ခလုတ်များတပ်ဆင်ထားသော လူသားစားရေကန်ပေါ် ဝါးတန်းထိုးပြီးသွားနေရသလို စိတ်အိုက်ရသည်။ အကြောင်းမှာ ဦးမာယာတင်စုဆောင်းထားသော ကြွေပန်းအိုးများကို တိုးတိုက်မိမှာစိုးရသောကြောင့်ပင်။ တော်ကြာ တိုက်လဲကျကွဲမှ သမိုင်းတန်ဖိုးများ ပျက်သုဉ်းပျောက်ဆုံးကုန်ပါလေဦးမည်။

ဇေယျတုသက်ပြင်းငွေ့ငွေ့ကို ပစ်ချပစ်လိုက်၏။ ဆိုင်အလယ်တိုင်မှာချိတ်ထားသော ကြက်မွေးဖြင့် ရှေးဟောင်းပစ္စည်းများကို တစ်ခုမကျန် ဖုန်လိုက်ခါပေးနေမိသည်။ ဆိုင်ဆိုင်မဆိုင်ဆိုင် 'ပဌသီ' ဆိုင်းဘုတ်ကလေးကိုပါ ဖုန်တစ်ချက်နှစ်ချက် ခါသုတ်ပေးနေတော့သည်။ ဆိုင်ဖွင့်ခြင်း ဝေယျာဝစ္စများပြီးသွားတော့ ကျော်ထူးဆီကိုပဲပြန်သွားရပေမည် မဟုတ်ပါလား။

''ကိုကျော်ထူး ကျွန်တော်တစ်ခုတွေးမိတယ် သိလား''

'သူတွေးနေတာ ငါဘယ်လိုလုပ်သိမှာလဲ'ဆိုသောပုံစံဖြင့် ဆေးပေါ့လိပ်ကိုထိုးဖွာလိုက်သည်။ မီးသေသွားပြီမို့ မီးထပ်ညှိဖို့ကြိုးစားစဉ် ဇေယျတုကအိတ်ကပ်ထဲမှမီးခြစ်ကိုထုတ်ယူပြီး ကျော်ထူးကိုရိုရိုသေသေပေးသည်။ ကျော်ထူးရိပ်မိပါပြီ အပွားခံရတော့မည်ဟု။ မီးခြစ်ကို ထပ်ခနဲခြစ်လိုက်ပြီး ဆေးပေါ့လိပ်ကိုမီးညှိနေစဉ် ...

''ဩော် ... လူတွေပြောပါတယ်၊ ဟောင်းတိုင်းမပစ်ကြဘူးဗျနော်။ ကျုပ်ကတော့ ဟောင်းသွားရင် ပစ်ပစ်လိုက်ချင်တာ''

ဇေယျတုက သူ့ဘာသာသူပြော၊ သူဘာသာသူပြုံးနေသည်။

ကျော်ထူးကတော့ဖွားပြီမို့ ကံဆိုးပြီဟုသဘောထားပုံရသည်။

''ကဲဗျာ ... စာရွက်ဟောင်း၊ စက္ကူဟောင်းနဲ့ပုလင်းခွံဘူးခွံ အဟောင်းတွေကျ ရောင်းပစ်ကြတယ်နော်''

ကျော်ထူးကိုငဲ့ကြည့်ပြောသောကြောင့် ''ကိုယ့်ဘာသာ မပြောဘူး ငါ့လာပြီးစာသင်နေသေးတယ်''ဟု တွေးသည်။

''ဟော ... တိုင်ကပ်နာရီအဟောင်းတို့၊ ကြွေပန်းအိုးအဟောင်း

တို့ကျရောင်းမပစ်ဘဲ ပြန်တောင်ဝယ်သိမ်းနေကြသေးတယ်။ တံဆိပ်ခေါင်းအဟောင်းတွေ ငွေစက္ကူအဟောင်းတွေဆို ဈေးကြီးပေးပြီးတော့ကို ပြန်ဝယ်နေကြတာနော်''

ပြောပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ကျော်ထူးကဆေးလိပ်ငွေ့များကို ငေးကြည့်နေသည်၊ စိတ်မဝင်စားသည့်ဟန်။ သို့သော် နဂါးမှန်းသိအောင်တော့ သွားဖြဲပြရပေလိမ့်မည်။

''ဟကောင် ... ဟောင်းတိုင်းသိမ်းထားစရာမလိုဘူး။ အေး ... ဟောင်းသွားပေမယ့်လည်း တချို့ကျသိမ်းထားသင့်တယ်''

ပရော်ဖက်ဆာမောင်မြသာစတိုင်ဖြင့် ဒိုင်ကြောင်တွေ ဆေးလိပ်ငွေ့နှင့်ရောလွှတ်လိုက်ရာ ဖေယျတုမီးခိုးငွေ့ရုပ်တုကို တွေ့သွားဟန်ရှိသည်။ လက်ဖြောက်တစ်ချက်တီးလျက် ကုက္ကိုပင်မြစ်ဆုံပေါ် ဝင်ထိုင်လိုက်သည်။

''ဂွတ်ဒ်! ... ကိုကျော်ထူးဒိုင်ကတော့လန်းတယ်ဗျာ ... လုပ်စမ်းပါဦး''

''အေး ... မိတ်ခွန်တို့၊ ရေခွန်တို့ကျ ပြေစာကိုနှစ်ဘယ်လောက်ကြာကြာ သိမ်းသာထား။ ဟောင်းရင်ဟောင်းသွားပလေ့စေ။ တချိန်ချိန်ပြဿနာတစ်စုံတစ်ရာဖြစ်လို့ အရှုပ်အရှင်းဖြစ်ရင် ပြေစာပြပြီး ဖြေရှင်းလိုက်ရုံပဲ။

ပြီးတော့ ... မင်းတို့ငါတို့ ငယ်ငယ်တုန်းကဝတ်ခဲ့တဲ့စွပ်ကျယ်အကျီတွေ သိမ်းထားတော့ ဘာလုပ်မှာလဲ။ မတော်တော့တဲ့အတူတူ တော်တဲ့ကလေးတွေပေးပစ်လိုက်။ ဒါမှမဟုတ် အမေတို့ အစ်မတို့ တို့ဖတ်ပုဝါလုပ်လို့ရအောင် ပေးပစ်လိုက်ပေါ့။ ဘာလို့သိမ်းထားနေဦးမှာလဲ ဒါပြောတာ''

ဖေယျတုမျက်နှာကြီးက ဝမ်းပျက်နေသော ဈေးခွေးတစ်ကောင်ဇာ်အနံ့ဖတ်လိုဖြစ်သွားသည်။ ကျော်ထူးကို ရှုသိုးသိုးကြည့်ပစ်လိုက်၏။

''ထွတ်! ကျုပ်ကအဟုတ်မှတ်လို့ အသာနားထောင်နေတာ''

''အံမာ ... ငါပြောတာ အမှန်တွေချည်းနော်။

ဘာလဲ ... ပါဠိပါဒ်သားတွေ ဘိုလိုတွေမပါလို့ မင်းတန်ဖိုးမထားတာလား။ ငါအခုနှစ်လေးဆယ်ကျော်ဘ၀အတွေ့အကြုံနဲ့ရင်းပြီး ပြောနေတာ''

''ကျုပ်က ခေတ်ကြီးနဲ့အပြိုင် သစ်နေတာကိုချစ်တယ်။ ကမ္ဘာကြီးက စက္ကန့်နဲ့အမျှအသစ်ဘက်ကို ရွေ့နေတာ။ အဟောင်းတွေကိုထားခဲ့ပြီး အသစ်အသစ်တွေနဲ့ခုတ်မောင်းရမှာ။ ဒါ ... ဒါကိုပြောတာ''

ကျော်ထူးနည်းနည်းစိတ်အချဉ်ပေါက်သွားသည်။ စုပ်တစ်ချက်ကို 'ကျစ်' ခနဲမြည်အောင် သပ်လိုက်သည်။

''ဟော့ကောင် ... အဟောင်းကိုစွန့်တာ သဘာ၀ကျတယ်။ လက်ရှိပစ္စုပ္ပန်ဘ၀ကြီးနဲ့ အံ၀င်ခွင်ကျမဖြစ်တော့ရင် ပစ်ကိုပစ်လိုက်ရမယ်။

ဥပမာ ... မင်းတို့ငါတို့ခေါင်းပေါ်က ဆံပင်တွေကြည့် ... စွန့်ပစ်ရတာပဲ။ အဟောင်းကိုဖက်တွယ်ပြီး မစွန့်ဘဲထားရင် ငါတို့လိုဆံပင်ညှပ်ဆရာတွေပေါ်လာမှာမဟုတ်ဘူး။ ဆံပင်ညှပ်ဆိုင်ဆိုတာလည်းရှိလာမှာ မဟုတ်ဘူးကွ''

ထိုစဉ် ဂင်တိုတိုမျက်နှာကြမ်းကြမ်းနှင့် လူတစ်ယောက်ရောက်လာသည်။ မပြောမဆိုနှင့် ကုလားထိုင်ပေါ်ကကျော်ထူးကိုဆွဲဖယ်လိုက်ပြီး ဇွေ့ခနဲ၀င်ထိုင်လိုက်၏။ ကျော်ထူးလည်း အလိုက်သင့်ပင်ဆင်းပေးရင်း ဆေးပေ့ါလိပ်တိုကို ကုက္ကိုပင်ခွကြားထဲ ထိုးထည့်ထားလိုက်သည်။ နောက်ကုလားထိုင်နောက်မှီပေါ်လွှားထားသည့် အဖြူရောင်ဟုယူဆရသော ပိတ်စကို တဖြန်းဖြန်းခါပြီး ထိုလူ့ရှေ့မှပတ်စည်းကာ နောက်ကုပ်ပိုးပေါ် ၀ုထုံးလိုက်သည်။ ကျော်ထူးက သံခင်းတံမန်ခင်းအပြုံးဖြင့် ...

''ကိုအော်ပီကျယ်ကြီး ... မတွေ့တာတော်တော်တောင်ကြာသွားပြီဗျ ... နော် ...''

နှုတ်ဆက်သော်လည်း ထိုသူကအရေးမလုပ်။ ကြည့်ရတာ ဇီးသည်နဲ့များ အပေါက်အလမ်းမတည့်ခဲ့တာလားမသိ၊ မျက်နှာကိုသာ သုန်မှုန်ထားသည်။ 'စားသုံးသူသာအမြဲမှန်၏' ဆိုသောစကားကို ခုလို

ဈေးကွက်စီးပွားရေးခေတ်ကြီးမှာ ကျော်ထူးတို့နဖူးမှာ ကမ္ပည်းထိုးထားပြီးသား။ သို့ကြောင့် ...

"ဘာလဲ ... မချိုက ညနေစာမပေးလိုက်လို့လား"

"နေစမ်းပါဗျာ။ ကျုပ်တွေးနေတာ ... ခုနခင်ဗျားတို့ပြောနေတဲ့ အသစ်အဟောင်းကိစ္စကို ..."

ကိုအော်ပီကျယ့်စကားကြောင့် အဖော်ရပြီဆိုပြီး ဇေယျာတို့ရွှေနားတိုးရပ်လာသည်။ ကိုအော်ပီကျယ်ကပင် ...

"သိတယ်မဟုတ်လား။ ဒီဘက်ခေတ်က ပါရာဒိုင်းရွှေ့နေပြီဗျ"

ကျော်ထူးက ကတ်ကြေးတစ်လက်ဖြင့် ဖြတ်မည့်ဆံပင်စုကိုဘီးဖြင့်ညှပ်ယူရင်းက ...

"ဟင် ... ဘယ်ဘက်ကိုရွှေ့ ... ရွှေ့သွားတာလဲဟင်"

ကိုအော်ပီကျယ်ဆိုသူ နှာခေါင်းတွန့်သွားသည်။

"ဟာဗျာ ... ခင်ဗျားကလည်း ဝေးလိုက်တာ ...

ရွှေ့တယ်ဆိုတာ ကျောက်တုံးကိုမ,ရွှေ့သလို ရွှေ့သွားတာကိုပြောတာမဟုတ်ဘူးဗျ။

လူတွေရဲ့ တွေးထောင့်တွေပြောင်းသွားတာကိုပြောတာ။ အရင်တုန်းက ဒီလိုတွေးခဲ့တာကို အခုဒီလိုမတွေးတော့ဘူး တမျိုးပြောင်းပြီးဟောဒီလိုတွေးကုန်တာကိုပြောတာ ..."

ဟန်ပါသွားသဖြင့် ခြေဟန်လက်ဟန်များကြောင့် ကျော်ထူးညှပ်ဖို့ခေါင်းကို ဖမ်းလို့မဖြစ်နေပြီ။ ဇေယျာလည်း ပွဲလန့်တုံးဖျာခင်းဖို့ကြိုးစားသည်။

"ဟုတ်တယ် ... ကိုကျော်ထူးရေ။ ပါရာဒိုင်းဆိုတာ ဘိုလိုဆိုရင်တော့ Paradox ပေါ့။ အဓိပ္ပာယ်ကတော့ဗျာ သေသေချာချာစေ့စေ့တွေးမှ မှန်မှန်းသိရတဲ့အဆိုအမိန့်ကို ဆိုတယ်ပေါ့ဗျာ။

အင်း ... အင်္ဂလိပ်ပါဠိအဘိဓာန်မှာတော့ သမ္မုတိဝိရုဒ္ဓဝါဒလို့ဆိုထားတယ်။ ဒါတွေပြောရရင် ပိုဝေးသွားလိမ့်မယ်။ အေးလေ ...

ကိုကျော်ထူးသိမထားလည်း ဖြစ်ပါတယ်"

ကျော်ထူးအောင့်သက်သက်ဖြစ်သွား၏။ 'သူ့ကိုတယ်သူကများ သိထားမှဖြစ်မယ်ပြောနေလို့တုန်း' ဟုတွေးရင်း ဧေယျတုကို မျက်စောင်း ထိုးလိုက်သည်။ ပြီးတော့ ကိုအော်ပီကျယ့်ဆံပင်ကို မလိုအပ်ပါဘဲ ကတ် ကြေးဖြင့် ရှပ်ခနဲညှပ်ပစ်လိုက်၏။ နောက် လေထဲမှာတရှပ်ရှပ်ညှပ်နေ ပြန်သည်။ ဒါကိုပင် အလိုက်ကန်းဆိုးမသိ ဧေယျတုတို့ မျက်စောင်းဆက် ထိုးနေပြန်သေးသည်။

"အခု ကျွန်တော်တို့လူငယ်တွေက သူများတွေတွေးသလို မတွေးကြတော့ဘူး။ သူများလုပ်တာတွေကိုလည်း လိုက်မလုပ်ချင်ကြ တော့ဘူးဗျ။ အမှန်တရားဆိုတာလည်း ကျွန်တော်တို့ ကိုယ်တိုင်တွေ့ ထားတဲ့ အမှန်တရားကိုမှ အသိအမှတ်ပြုချင်တာ"

ကျော်ထူးကတော့ စကားဝင်မပြောတော့။ မွေးကျွတ်နာပေါက် နေသူ၏တင်ပါးလို မျက်နှာကြီးကနီရဲရှုပ်နေသည်။ ကိုအော်ပီကျယ် ဆိုသူက အငြိမ်မနေ ဧေယျတုပြောသမျှ ခေါင်းလိုက်ညိတ်သည်။ သည် တော့ ကျော်ထူးဒုက္ခရောက်ရသည်။

"ကျွန်တော်တို့က အနာဂတ်ကို နဖူးတွေ့ဒူးတွေ့ပြေးတွေ့လိုက် ချင်တာ။ မှားသွားလား ... ခေါင်းငုံ့ခံမယ်။ မှန်တယ်နော် ... ရင်ကော့ပြီး ဘော်ယူနေလိုက်မယ်။

ဒီလိုနဲ့ အသစ်အသစ်တွေကိုတွေ့လာမှာ။ မလိုတော့တဲ့ အဟောင်းတွေဆို ... နား!"

ဧေယျတုဆီကစကားကို သဘောကျသွား၍ထင့် ကိုအော်ပီ ကျယ်တစ်ယောက် ကုလားထိုင်လက်ရမ်းကို ဖြန်းခနဲ ရိုက်ထည့်လိုက်ရာ ကျော်ထူးပင်လန့်သွားသည်။

"ကျုပ်ခင်ဗျားပြောတာ သဘောကျတယ်ဗျာ။

ကျုပ်လည်း ခေတ်နဲ့အညီ အသစ်တွေနဲ့နေချင်တဲ့ကောင်ဗျ။ ပဒေသာကျော်လောက်နေလာခဲ့တဲ့စတိုင်ကို ပျင်းနေပြီ။ ကျုပ်ခု အဆိုတော် တော်ပေါ်ခါစကလို ဆံပင်အရှည်ကြီးကို စုစည်းထားချင်တာဗျ။ အိမ်က

မိန်းမက ကြွက်ကိုက်တယ်ဗျာ။ ဆံပင်ရှည်ရင်ကိုပဲ မျက်စိနောက်နေတာ။ ဒါကြောင့်မို့ ဒီဆံပင်ငုတ်စိလေးနဲ့ နေနေရတာ။ ဒါမလိုတော့တဲ့ အဟောင်းတော့မဟုတ်ဘူးဗျ၊ ဆံပင်ဟောင်းကိုဖက်တွယ်ထားတာလည်း မဟုတ်ဘူး။ ကျုပ်စတိုင်ကိုသစ်ချင်နေတာ''

ထိုရောအခါ ကျော်ထူးပျာပျာသလဲ ဝင်ကန့်ကွက်လိုက်၏။

''ဟာ ... ကိုယ့်လူ စတိုင်သစ်ချင်ရင် တခြားနည်းနဲ့သစ်ပါဗျာ၊ ခင်ဗျားရဲ့ငုတ်စိလေး ဒီလိုမကြာမကြာလာဖြတ်နေလို့ ကျုပ်ထမင်းစားနေရတာ။ ဖောက်သည်တစ်ယောက်လျော့အောင်တော့ မသစ်လိုက်ပါနဲ့ဗျာ''

ကိုအော်ပီကျယ် သဘောကျသွားပြီ။ ထို့ကြောင့် တဝုန်းဝုန်းရယ်နေသည်။

''ကိုကျော်ထူးကတော့လုပ်ပြီ။ ကျုပ်က သဘောပြောတာပါ။ အသစ်အဟောင်းကိစ္စကို ပြောတာပါဗျ''

ဤတွင် ဖေယျတုဝင်ထောက်လိုက်၏။ ပြီးတော့ အခြောက်တိုက်ရယ်သည်။

''အစ်ကိုကြီး ... အခု ရင်ဂိုလည်း ဆံပင်အတိုညှပ်ထားပါပြီဗျ၊ ဒါလည်း သူ့စတိုင်ကိုအသစ်ပြောင်းလိုက်တာပါပဲ။ ဪ ... ဒါပေမယ့် သူ့ခေါင်းမှာတော့ ဆေးမင်ကြောင်ထိုးတယ်နော်။ ခင်ဗျားလည်း သစ်ချင်ရင် ခေါင်းမှာဆေးမင်ကြောင်ထိုးကြည့်လိုက်''

ကိုအော်ပီကျယ် နည်းနည်းနင်သွားပုံရသည်။ ဖေယျတုရယ်သလို လိုက်မရယ်တော့၊ ကျော်ထူးမျက်နှာနှင့်ဆင်တူဖြစ်သွားသည်။ ထိုစဉ် ...။

''လူလေး ... ဒီဆိုင်ကလူတွေမရှိကြဘူးလားကွဲ့''

ဖေယျတု အသံလာရာကြည့်လိုက်တော့ နည်းနည်းလန့်သွားသည်။ အသက် ၆၀ အရွယ်လူကြီးတစ်ယောက်၊ အရပ်ခပ်ပျပ်ပျပ်၊ ခါးကိုင်းကိုင်း။ နားထိုင်းထိုင်းအရွယ်။ ဒါလန့်စရာလားလို့မေးစရာရှိပါသည် ဒီလိုပါ။ ငပိရောင်ဘန်ကောက်တောင်ရှည်ပုဆိုးနှင့် ပဒုမ္မာပိတ်ပါးအင်္ကျီက ဘိသိက်ဆရာများ ဝတ်တတ်သည့်ပုံစံမျိုးဖြင့်။

"ရှိ ... ရှိပါတယ် ကျွန်တော်ပါ။ ဘာကိစ္စများပါလိမ့်"

ဇေယျာတုတို့အသစ်အဟောင်းကိစ္စဆွေးနွေးပွဲမပြီးခင် အဟောင်းကိစ္စတစ်ခုကိုမြင်လိုက်ရသဖြင့် ဇေယျာတု ရုတ်တရက်တွန့်သွားခြင်းပါ။

"ဩော် ... ဦးလေးက ဘိသိက်ဆရာ ပုဏ္ဏားပျံတိမ်ညွန့်ပါတယ်။ ဒီ ... ဒီလိုပါ။ ဦးလေးရဲ့ပစ္စည်းကို ရောင်းချင်လို့"

"ဗျာ!"

ဇေယျာတု မည်သို့အဓိပ္ပာယ်ကောက်လိုက်သည်မသိ။ ဗျာခနဲသန့်သွား၏။

"မဗျာပါနဲ့မောင်ရင်ရယ်။ ဒါက ဦးလေးနဲ့ဖွားဖက်တော်ကြီးပါ"

"ခင်ဗျာ"

"ဒီလိုလေ မောင်ရင်ရဲ့။ ဦးလေးပစ္စည်းက ဒါ .... ဒါကြီးပါ"

ပြောပြောဆိုဆို ပုဆိုးခပ်နွမ်းနွမ်းတစ်ထည်ဖြင့် ထုပ်ပိုးလာသောအရာကိုဖြည်ပြလိုက်ရာ ရှေးဟောင်းခရုသင်းကြီးတစ်လုံးဖြစ်နေသည်ကိုတွေ့လိုက်ရသည်။

"ဒီခရုသင်းကို ဦးလေးလာရောင်းတာပါကွယ်"

ခရုသင်းကြီးကို မှန်ကောင်တာပေါ်တွင်တင်လိုက်ပြီး ထုပ်ယူလာသော ပုဆိုးဖြင့်မျက်နှာပေါ်က ချွေးများကိုသုတ်ပစ်နေသည်။

"ဦး ... ဦးလေး ခရုသင်းကြီးက မှုတ်လို့ရောရရဲ့လား"

"ဟာ ... ရ ... ရတာပေါ့။ ဦးလေး ... မှုတ်ပြရမလား"

"အာ ... နေ ... နေပါစေဦးလေး။ နေပါစေ"

ဘိသိက်ဆရာက ကောက်ခါငင်ခါမှုတ်ပြမည်ပြင်သောကြောင့် ဇေယျာတု အချိန်မီတားလိုက်ရသည်။

"ဦးလေးက ... ဘယ် ... ဘယ်လောက်ရချင်တာလဲ"

"ဖြစ်နိုင်မယ်ဆိုရင် ဦးလေး ... နှစ်သောင်း။ နှစ်သောင်းခွဲလောက်ရချင်တာပေါ့ကွယ်"

ဇေယျာတုက ခရုသင်းကြီးကိုကောက်ကိုင်လိုက်ပြီး အာကာသထဲ ကျသော ဥက္ကာပျံအပိုင်းအစကို လေ့လာနေသလိုလှည့်ပတ်ကြည့်နေ

မိသည်။

"ဒါ ... ခရုသင်းအစစ်နော်။ နှယ်နှယ်ရရတော့မဟုတ်ဘူး ငါ့တူ။ ဦးလေးရဲ့ ဘိုးစဉ်ဘောင်ဆက်ထိန်းလာတဲ့ နန်းသုံးရတနာပစ္စည်း စစ်စစ်"

ဘိသိက်ဆရာကြီးကို ဖေယျတုတစ်ချက်ငဲ့ကြည့်လိုက်၏။ ပြီးတော့ ခရုသင်းကြီးနှင့်ဆက်စပ်ကြည့်နေသည်။

"ငါ့တူမယုံဘူးထင်တယ်။ ဦးလေးအဖေက နန်းတော်နောက်ဆရာဆင့်တဲ့ ဘိသိက်ဆရာကြီးပဲ။ ဦးလေးအဘိုးက ပြည်တော်ချစ်ဆရာသိုက်ပေါ့။ အဘိုးအဖေကလည်း ဘိသိက်ဆရာကြီးပဲ ... မဟာနွယ်စဉ်ဆရာတိုးဆိုတာလေ။ ဟော ... အဘိုးရဲ့ အဘိုးကျတော့ နန်းတွင်းမှာခစားရတဲ့ အခါတော်ပေးဘိသိက်တော်ဆက် ပုရောဟိတ်ကြီးဆရာခတဲ့။ လူလေးကငယ်တော့ ကြားဖူးမယ်မထင်ဘူး။

ဒီခရုသင်းကြီးက ပုရောဟိတ်ကြီးဆရာခကို ဘုရင်မင်းမြတ်ကိုယ်တိုင်ချီးမြှင့်ထားတဲ့ နန်းသုံးရတနာအစစ်ပါကွယ် ..."

ဖေယျတု စောဒကတက်မိသည်။

"ဟာ ... ဒီလိုနန်းသုံးရတနာကြီးကို ဦးလေး ဘာလို့ရောင်းစားရတာလဲ။ ဒါ ထိန်းသိမ်းစောင့်ရှောက်ထားရမယ့် ဘိုးစဉ်ဘောင်ဆက်အမွေလေ"

ဖေယျတုစကားကြောင့် ဘိသိက်ဆရာကြီးခမျာ ရှေ့ရင်ဆို့ကာငိုတော့မလို ညှိုးလာရှာလေသည်။

"ဦးလေးလည်း ဘယ်ရောင်းချင်ပါ့မလဲကွယ်။ မင်းတို့ခေတ်က အလှူဆိုတာ ဘိသိက်မြှောက်ရတယ်၊ ခရုသင်းမှုတ်ရတယ်ဆိုတာကြီးကို လက်မခံချင်ကြတော့ဘူးလေ။ ခေတ်က တောင်းဆိုလာတော့လည်း ဦးလေးတို့ချောင်ထိုးထားရတော့တာပေါ့ကွယ်။

ဟိုတုန်းကဆို နေ့စဉ်ရက်ဆက်နီးပါး ဘိသိက်လိုက်မြှောက်ပေးရတယ်။ ခရုသင်းသံ တတူတူနဲ့ပေါ့ကွယ်။ ပြီးတော့ ... ပြီးတော့"

ဘိသိက်ဆရာကြီး စကားမဆက်နိုင်တော့ဘဲ ပုလဲခနေသဖြင့်

ဧယျတုမှာ အင်္ကျီအိတ်ထဲက တစ်သျှူးထုပ်ကိုဆွဲထုတ်ပြီးပေးလိုက်ရသေးသည်။

"ဦးလေးရဲ့ ခရုသင်းကြီးကိုမှတ်မှတ်ပြီး သူများသားသမီးမြေးမြစ်တွေကို ဘိသိက်မြှောက်ပေးခဲ့ဖူးပေမယ့် ဦးလေးရဲ့မြေးကလေးကိုတော့ ထိရှင်ပြုမပေးနိုင်သေးပါဘူးကွယ် ...

ဒီပစ္စည်းလေးရောင်းပြီး ဘုန်းကြီးကျောင်းမှာ အကျဉ်းချုံးလှူပေးမလားလို့စဉ်းစားမိလို့ပါကွယ်။ ဦးလေးမျက်စိမမှိတ်ခင် မြေးလေးသင်္ကန်းစည်းတာ မြင်သွားချင်လို့ပါကွယ်။ ဒါကြောင့် ..."

လွှမ်းခန်းကဇာတ်အနာဆုံးဇာတ်ထွင်ကိုရောက်နေပါပြီ။ ဧယျတုစိတ်မှာမကောင်းတော့။ အင်္ကျီအိတ်ထဲကိုစမ်းကြည့်တော့ ငွေနှစ်သောင်းတောင်မပြည့်။

"ဦးလေး ... ဒီလိုလုပ်။ ကျွန်တော့်မှာ တစ်သောင်းကျော်နှစ်သောင်းလောက်ပဲရှိတယ်။ ဦးလေး ယူသွားလိုက်ပါ။ ကျွန်တော်ထက်ပိုပြီး ..."

ဘိသိက်ဆရာကြီးဝမ်းသာသွားသည်။ ဧယျတုစကားဆုံးအောင်တောင်မစောင့်နိုင်ရှာတော့ ဧယျတုလက်ကိုဖမ်းဆုပ်လိုက်၏။

"ဟား ... ကျေးဇူးပဲ ငါ့တူရာ ... ဘယ်လိုမှမအောက်မေ့ပါနဲ့ကွာ။ ကျေးဇူးပဲ။ ဝမ်းသာလိုက်တာ .... မောင်မင်းကြီးသား ကျန်းမာပါစေ ... ချမ်းသာပါစေဗျာ ...။ အင်း ... သူတော်ကောင်း နတ်ကောင်းမတာပါဗျာ ... အဟဲ ..."

ဧယျတုပေးသောငွေကိုကျစ်ကျစ်ဆုပ်ပြီး ပခုံးကိုပုတ်သည်။ ဘိသိက်ဆရာကြီး ပျော်ရွှင်နေသည်ကိုကြည့်ပြီး ဧယျတုစိတ်မကောင်း။ သူ့အတွက်မှာ နောက်ဆုံးအမှာစကား မှာကြားလိုက်သည်ကိုတော့ ဧယျတု ရင်ခုန်စွာစိတ်လှုပ်ရှားမိသည်။

"ဒီခရုသင်းကြီးက နတ်စောင့်ပါတယ်ကွယ်"

❑ ❑ ❑

"ဒီခရုသင်းကြီးက နတ်စောင့်ပါတယ်ကွယ်"

ဘိသိက်ဆရာကြီး ထွက်သွားသော်လည်း သူ့စကားက နားထဲမှာ ပဲ့တင်ထပ်နေလေတော့သည်။ ဖေယျာတု စိတ်ဝင်စားသွားပြီ ခရုသင်းကြီးကိုကောက်ယူလိုက်ပြီး အဖန်ဖန်အထပ်ထပ် လှည့်ပတ်ကြည့်မိသည်။ ပုရောဟိတ်ကြီးတစ်ဦး၏ ဘိုးစဉ်ဘောင်ဆက် နန်းသုံးရတနာတစ်ပါးက ဘယ်အတွက်ကြောင့်များ ငါ့ဆီဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာရပါလိမ့်။ ပဋ္ဌာန်းဆက်များရှိနေလေရော့သလား။ ဖေယျာတုခရုသင်းကြီးကို မှုတ်ကြည့်ချင်စိတ်ပေါက်လာ၏။ သို့ကြောင့် လေကိုရှိုက်သွင်းပြီး အားကုန်မှုတ်ထည့်လိုက်သည်။

"ဖွီ!"

"အမယ်လေး"

"ဗုဒ္ဓေါ"

ခရုသင်းကြီးက ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အသံမျိုးထွက်မလာဘဲ လေမပီပေမပီ ဖွီသံသာထွက်လာသည်။ ထိုဖွီသံကြောင့် နောက်နားမှာရောက်လာသောကောင်မလေး ရုတ်တရက်လန့်သွားသည်။ ထိုလန့်သွားသောကောင်မလေးကို မမျှော်လင့်ဘဲတွေ့လိုက်ရသောကြောင့် ဇေယျတုလည်းလန့်သွားသည်။ ကောင်မလေးက သူ့ရင်ဘတ်ကလေးသူဖိကာ လွင့်သွားသောလိပ်ပြာကို ပြန်ခေါ်နေရှာသည်။

"ဆောရီးနော် ... ဆောရီး ... အဟဲ ... မှတ်ချင်စိတ်ရှိတာနဲ့မှုတ်ပစ်လိုက်တာ ... အဟဲ ... ဆောရီး ... ရော့ ... မှုတ်ကြည့်ဦးမလား"

ဇေယျတု ယောင်ယောင်ယမ်းယမ်းဖြင့်လျှောက်ပြောရင်း ကောင်မလေးလက်ထဲ ခရုသင်းကြီးကို ထိုးပေးနေမိသည်။

"အိုး ... ဘာလို့မှုတ်ရမှာလဲ"

"ဟို ... ဟို ... မဟုတ်ဘူးလေ။ ဒါ ... ဒါကြီးက နန်းစဉ်ရတနာကြီးတဲ့ ... အဲဒါ ..."

"ရှင့်ဘာသာရှင် နန်းစဉ်ရတနာဖြစ်ဖြစ်၊ နမ့်စင်ပလာတာဖြစ်ဖြစ် ကျွန်မနဲ့မဆိုင်ဘူး။ ကျွန်မလိုချင်တာ ... ဒါ ..."

ကောင်မလေးက စီးကရက်သောက်သလို လက်ညှိုးနှင့် လက်ခလယ်ကို ပါးစပ်ရှေ့ကပ်ပြရာ ...

"ဗျာ ... ဒီ ... ဒီမှာ ဆေးလိပ်မရောင်းဘူးဗျ"

ဇေယျတု၏ ပျာပျာသလဲငြင်းသံကြောင့် ကောင်မလေးစိတ်ပျက်သွားသည်။

"ဟာ ... ဘယ်ကလာ ဆေးလိပ်ရမှာလဲ။ စီးကရက်ဘူး ... စီးကရက်ဘူးခွံလိုချင်လို့"

"အဲ ... အဲဒါဆိုလည်း ၃၁ လမ်းထဲ သွားရှာလေ။ အဲဒီမှာ

ဂျပ်ဘူးခွံရောင်းတဲ့ဆိုင်တွေပုံလို့''

ကောင်မလေး စိတ်ပျက်သွားသည်။ ကျစ်ခနဲ စုပ်သပ်လိုက်ပြီး မျက်နှာကို ရှုံ့မဲ့လိုက်၏။

''ကျွန်မလိုချင်တာ ရှေးစီးကရက်ဘူးခွံ သံဘူးအဝိုင်းလေးတွေကိုပြောတာ''

''ဗျာ''

ဒီလောက်ချောမောလှပသောကောင်မလေးတစ်ယောက်က ဘာလို့များစီးကရက်ဘူးခွံကိုမှ လိုချင်ပါလိမ့်၊ ဖေယျုတုတွေးသည်။

''ရှိလား ... မြင်ရောမြင်ဖူးရဲ့လားမသိဘူး''

''ဟို ... မသိလို့မေးပါရစေ။ ရှေးစီးကရက်ဘူးခွံဟောင်းတွေကို ဘာများလုပ်မလို့ပါလိမ့်''

ကောင်မလေးနည်းနည်းတင်းသွားသည်။

''ဒါ ... မေးစရာမလိုဘူးလေ။ ရှိရင်ရှိတယ်၊ မရှိရင် မရှိဘူးပဲပြောပါ။ သူများကိုယ်ရေးကိုယ်တာကို မမေးပါနဲ့''

''ဩော် ... ဒီ ... ဒီလိုမဟုတ်ပါဘူး ... သိချင်လို့ပါ''

''ရှင်သိဖို့မလိုပါဘူး။ ဒါကိုယ့်အကြောင်းနဲ့ကိုယ်ပါ''

ကောင်မလေးလေသံက နည်းနည်း 'စိန်သံ'ပါသည်။ သဘောကတော့ တန်ဖိုးကြီးပြီးမာကြောတယ်ပေါ့။

''ဟို ... ခုတော့ မရှိသေးဘူးခင်ဗျ။ လိုချင်ရင်ရှာထားပါ့မယ် ... နောင် ...''

ဖေယျုတုစကားကို ပြီးအောင်တောင်မစောင့်တော့၊ ချာခနဲ လှည့်ထွက်သွားပါလေပြီ။ ဖေယျုတုမှာသာ ခွေးဆိုးသောလမ်းကြားထဲ အသိအိမ်ရှာနေသူလို ယောင်နနဖြင့်ကျန်ခဲ့ပါလေသည်။

❑ ❑ ❑

"ဟား ... ဟား ... ဟား ... ဟား

ဇေ ... ဇေကြီးကတော့ ဖြစ် ... ဖြစ်လိုက်ရင် ... အ ... အသည်းအသန်ချည်းပဲ။ ဟုတ် ... ဟုတ်ရော ... ဟုတ်ရဲ့လားကွာ"

ဇေယျတု၏ နောက်ကြောင်းပြန်စကားကို ယုနိုင်က စ,ဖွဲ့သည်။

သူက အမြဲတမ်းဆန့်ကျင်ဘက်သမား။ စကားသာ ထစ်သည်။ အထအနကောက်လျှင်တော့ ရှေ့ဆုံးက။

"ဟာ ... အဟုတ်ပါဆို ... ငါလည်း ဘယ်ထင်ပါ့မလဲ ...

ဒီလောက်လှတဲ့ကောင်မလေးတစ်ယောက် စီးကရက်ဘူးခွံဝယ်ချင်ရတယ်လို့။ ပြီးတော့ ခုခေတ်စီးကရက်ဘူးခွံမဟုတ်ဘူးနော်။ ဟိုးရှေးရှေးတုန်းကပေါ်ခဲ့တဲ့ သံဘူးအပိုင်းမှတဲ့ ... ကဲ ..."

အရာရာကိုအလေးအနက်ထားပြီး ချင့်ချင့်ချိန်ချိန်ပြောတတ်သော နေဝင်းကတော့ ပြုံးရုံသာပြုံးနေသည်။ ပြီးမှ ...

"မဟုတ်ဘူးကွ ... ဒီကောင်မလေး လူဝင်စားဖြစ်ရမယ် ... အရင်ဘဝက စီးကရက်အလွန်ကြိုက်တဲ့သူဖြစ်ရမယ် ..."

နေဝင်း၏အထင်အမြင်ကို ဇေယျာတုခေါင်းတညိတ်ညိတ်၊ ယုနိုင်ကတော့ နှုတ်ခမ်းတစ်ချက်တွန့်သည်။

"သူ့ ... သူ့အဖေက ဝယ်ခိုင်းတာရော ... မ ... မဖြစ်နိုင်ဘူးလား"

"အေး ... ဒါလည်းဖြစ်နိုင်တာပဲ"

ဇေယျာတု ဝင်ထောက်တော့လည်း နေဝင်းကလက်မခံ။ ခေါင်းကို ဖြည်းလေးစွာယမ်းသည်။

"မဖြစ်နိုင်ဘူး။ သူ့အဖေက ဝယ်ခိုင်းမှာလား။ သူ့အဖေ ကိုယ်တိုင်လာဝယ်မှာပေါ့"

"ဟာ ... သူ့သမီး မြို့ထဲထွက်တုန်း လမ်းကြုံလို့မှာတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့ကွာ ... မင်းကလည်း ..."

နေဝင်း၏ထင်မြင်ချက်ကို ဇေယျာတုကန့်ကွက်သည်။ ပြီးတော့ ရှေ့မှာရှိနေသော လက်ဖက်ရည်ခွက်ကို တစ်ကျိုက်ကောက်မော့လိုက်၏။ အသံသေတ္တာထဲမှ ထက်နေကြည်ကတော့ ရှေ့တိုးလိုက်၊ နောက်ဆုတ်ဖို့ကြိုးစားလိုက်နှင့် သူတစ်ယောက်တည်း အလုပ်တွေရှုပ်နေသည်။

"မင်း ... ကောင် ... ကောင်မလေးက လှလား"

ယုနိုင်အမေးကို ဇေယျာတု ခေါင်းညိတ်၍သာဖြေသည်။

"အေး ... နောက် ... နောက်နေ့ကျ လာဦးမယ်ထင်တယ်။ မင်း ... မေး ... မေးကြည့်စမ်း"

"ဟာ ... သူကစကားပြောတာ ကောင်းကင်က ... ဗိုက်များပေါက်လားငမ်းလားနဲ့ ... သွားလျှာရှည်မှ ပါးရိုက်ခံနေရဦးမယ်"

ပါးယားနေသော ဇေယျာတုကို နေဝင်းငဲ့ကြည့်သည်။ ကောင်းဘွိုင်မင်းသားကြီး ချားလ်ဘရွန်ဆင် ပြုံးသလို နှုတ်ခမ်းတစ်ခြမ်းတည်း

တွန့်ရှုံ့သွားပြီး၏။

"ဒါတော့ မဟုတ်သေးဘူးကွ။ မင်းမေးမယ့် ပရိယာယ်ပေါ်မှာမူတည်တယ်လေကွာ။ ဖြောင့်ကြီးသွားမေးလို့ကတော့ ဘယ်ရမလဲ။ ပညာသားလေးနဲ့ လှည့်ပတ်မေးရမှာပေါ့ကွ"

နေဝင်းစကားက ဟုတ်တော့လည်းဟုတ်နေသည်။ နေဝင်း၏ ဝတိုင်အတိုင်း ရေနွေးကြမ်းခွက်ကို လက်ပြန်မော့သောက်နေစဉ် ယုနိုင်ကလည်း သူ့ထုံးစံအတိုင်း ဆန့်ကျင်ဘက်ပြောသည်။

"သိ . . . သိချင်တာပဲကွာ။ ဖြောင့် . . . ဖြောင့်မေးပေါ့ . . . ဘာလုပ်ဖို့လဲဆို . . . သိချင်လို့လို့"

ဇေယျာတု လက်ပတ်နာရီကို ကြည့်သည်။ ပြီးတော့ တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် . . .

"ကဲ . . . နောက်ကိစ္စနောက်မှရှင်း။ လောလောဆယ် ငါပြန်ပြီ။ အိမ်မှာ အဘိုးကြီးတို့စောင့်နေလိမ့်မယ်"

ဒီနေရာမှာတော့ နေဝင်းနှင့်ယုနိုင်တို့ တူညီစွာပူးပေါင်းသွားသည်။ တစ်ဦးကနှာခေါင်းရှုံ့၍ တစ်ဦးကနှုတ်ခမ်းတွန့်သည်။

"ဒါ . . . ငါတို့အိမ်ရဲ့ ရိုးရာလေကွာ . . . ရှိတာမှ သားအမိသားအဖသုံးယောက်တည်း . . . ငါမရှိလို့ မကောင်းဘူးကွ . . . နော်။ သွားပြီ . . . နောက်နေ့မှ . . . ဇေယျာတုသဗ္ဗမင်္ဂလာကွာ"

ပြောပြောဆိုဆိုပင် ငါးရာတန်တစ်ရွက်ကို စားပွဲပေါ်ချထားခဲ့ပြီး အမှောင်ထုထဲတိုးဝင်ပျောက်ကွယ်သွားသည်။ ကျန်ခဲ့သူနှစ်ယောက်ကလည်း ရန်ကုန်ယဉ်ကျေးမှုဓလေ့အတိုင်း စိတ်မပါလက်မပါ လက်ပြကာ ဘာတာလိုက်ကြလေတော့သည်။

❑ ❑ ❑

"အမယ်လေး . . . စောင့်လိုက်ရတာ မောင်ထက်မိုးနဲ့ ဝလုံးရယ်။ အန်တီစောစောကပဲ မင်းတို့အိမ်ကိုတောင် ဖုန်းဆက်လိုက်သေးတယ်"

ဒေါ်ငွမ်းမှာ ဝိုင်းဖော်နှစ်ယောက်ရောက်လာတာကိုပင် နှစ်ဖက် အမွှေတစ်ပြိုင်နက်ရလိုက်သည့်အလား ဝမ်းသာသွားသည်။

"အန်တီကလည်း ဘာလို့ဖုန်းဆက်နေသေးလဲ

လာနေကျပဲဥစ္စာ။ လာမှာပေါ့"

ဝလုံးကတော့ အိမ်ကိုဘယ်လိုပြောပြီး ပတ်ခဲ့သည်မသိ၊ သွေး အေးအေးဖြင့်။ သွေးပျက်နေသူက ထက်မိုး။

"ကျွန်တော့်ဆီဆက်တော့ ဘယ်သူကိုင်တာလဲ"

အူလျားဖားလျားမေးသည်။ သူကြည့်ရတာ ကမ္ဘာပျက်ကိန်း ဟောစာတမ်းကို တစ်ယောက်တည်းဖတ်ဖူးထားသည့်အလား . . . ဂနာ မငြိမ်။

"မသိဘူး . . . မိန်းမတစ်ယောက်အသံပဲ"

"ဟင် . . . သူ . . . သူကဘာပြောလိုက်လဲ"

"ကိုထက်မိုး ထွက်သွားတာကြာပြီတဲ့ ဒါပဲပြောတာ။ ဘာလို့
ဲ"

"အသံက နည်းနည်းပြာလား၊ ခပ်စူးစူးလား"

"အေးကွဲ့ . . . နည်းနည်းတော့ ပြာတယ်။ ဖော်ဝင်းထွဋ်လောက်
ာော့ မပြာဘူးပေါ့ကွယ်"

"ဟူး! . . . တော်ပါသေးရဲ့"

သေဘောက သိသိလေးလွတ်သွားသော ဒုက္ခသည်တစ်ဦးပမာ
က်ပြင်းများပင် မှုတ်ထုတ်လို့။

"အဲဒါဆို ဒိမ်ကခယ်မ။ တော်သေးတယ် မိန်းမမဟုတ်လို့။
ိးမကရိပ်မိတယ် အန်တီရဲ့။ သူ့ကိုအချိန်မပေးဘဲ တခြားကိုသွားသွား
ိအချိန်ပေးပေးနေတာ တခြားတော့မထင်ပါဘူး။ သူ့ယောကျ်ား
ကြောင်း သူသိပြီသား"

"အမယ်လေး . . . မောင်ထက်မိုးရယ် . . . ဒီလောက်မိန်းမ
ကြောက်နေရင်လည်း ဘာလို့ယူနေသေးလဲ။ လူပျိုကြီးပဲ ဆက်လုပ်တာ
ဟုတ်ဘူး"

ထက်မိုးအနာပေါ် ပိသာလေးကြီး လွတ်ကျသလို ခံစားသွားရ
လေသည်။

"အန်တီကလည်း ကြောက်တာမဟုတ်ပါဘူး ရှိသေတာ။
ဟဲ . . . မိန်းမရိုသေအသက်ရှည်တဲ့။ ဟုတ်ဘူးလား . . ."

ဝလုံးက ဗလာစာရွက်ချင်းအတူတူ ဘယ်သူပိုဖြူသလဲလုပ်ချင်
သည်။ ထို့ကြောင့် . . .

"လုပ်မနေစမ်းပါနဲ့ကွာ။ ဒီမှာ ဝလုံးတို့နဲ့တော့ကွာပါ့။ ဝလုံး
ကမပိုင်ရင် ခြင်တောင်မရိုက်ဘူး။ သိလား"

"ဟော့ကောင် . . . ကမ္ဘာစိုး။ နာမည်သာ ကမ္ဘာစိုး။ လက်ဖက်
ဆိုင်ထွက်တာတောင် မိန်းမက တစ်ခွက်ဖိုးပဲထည့်ပေးလိုက်တဲ့ကောင်

ကမျှား . . . .''

ထက်မိုး ပြန်ပက်လိုက်တော့ ဝလုံးမျက်နှာက ဓာတ်လိုက်ခံရသောပုရစ်ကလေးလို။ အိမ်တွင်းမှန့်လုပ်ငန်းလုပ်နေသည့် 'ကမ္ဘာစိုး' နာမည်ကိုပင် ထီးခိုက်နန်းခိုက် ဝင်တိုက်နေသေးသည်။

''ကဲပါကွာ . . . အဲဒီစကားတွေက ဝိုင်းထဲကျမှပြောရမှာ။ တော်ကြာကုန်သွားလိမ့်မယ် ချန်ထားဦး။ လာ . . . အပေါ်တက်ရအောင်''

နောက်ဖေးမှထွက်လာသော ဦးပေါ်လေးက စကားဝင်ဖြတ်ပေးလိုက်ပြီး အိမ်ပေါ်တက်ကြဖို့ နှိုးဆော်လိုက်သည်။ ထိုစဉ် ထမင်းစားခန်းထဲမှ ညနေထွက်လာပြီး . . .

''ဒက်ဒီတို့ မာမီတို့နော် အသက်တွေသာကြီးလာတယ်။ စိတ်ကကြီးမလာဘူး . . . တကယ်ပဲ''

အပြစ်တင်တော့ ဦးပေါ်လေးက ပြုံးလျက် . . .

''ဘာလို့လဲ သမီးရဲ့။ ပြောပါဦး''

''နေ့ရှိသရွေ့ ဒီဝိုင်းထိုင်ဖို့ချည်း ခေါင်းထဲရှိနေတာ။ တခြားဘာမှမရှိတော့ဘူး''

''ဩော် . . . ဒါ စိတ်ငြိမ်ဆေးလေးပါသမီးရဲ့''

''ဘာစိတ်ငြိမ်ဆေးလဲ . . . စိတ်ငြိမ်အောင်ဆို တရားထိုင်ပေါ့။ အာနပါနရှုပေါ့၊ ယောဂကျင့်စဉ် ကျင့်ချင်လည်းကျင့်ပေါ့ . . .''

''ဒါလည်း စိတ်ငြိမ်တာပဲလေ . . .''

ဒေါ်ဂွမ်းမနေသာတော့ ဝင်ပါရပြီ၊ သူ၏ချစ်လင်ကြီးဘက်မှ။

''ဟဲ့ . . . ဒါလည်း မှတ်တတ်ရင် တရားရတာပဲဟဲ့။ ကိုယ်လိုချင်တာမရ မလိုချင်တာလည်းရတယ်။ လိုချင်တာမရရင် တရားနဲ့ဖြေရတာပဲလေ။ ဟော . . . တခါတလေကျတော့ သူများမလိုချင်လို့ ပစ်လိုက်တဲ့ဟာက ကိုယ်အသေအလဲလိုချင်နေတာဖြစ်သွားလို့ကတော့ ရတနာထုပ်ကြီးကောက်ရလိုက်သလိုပဲ။ ပျော်လိုက်တာ ဘယ်လိုပျော်မှန်းကို မသိဘူး''

ဒေါ်ဂွမ်းစကားကြောင့် ညနေ မျက်နှာတွန့်သွားသည်။ နောက်

ရေခဲသေတ္တာထဲမှ ရေပုလင်းကိုထုတ်ယူလိုက်ပြီး ...

"ဟွန်း! ... မာမီတို့လိုချင်နေတာအပုံရဲ့ ဟိုးအောက်ဆုံးမှာ၊ မာမီတို့သိမှမသိပဲ။ ဘဝရဲ့အဓိပ္ပာယ်ရှိတဲ့နေ့ရက်အချိန်တွေကို သိသိကြီးနဲ့ပွတ်ဆွဲကြည့်နေကြတာ။ ၂၄ နာရီဆိုတာ ကျွန်တော့်အတွက်သိပ်နည်းပါတယ်ဆိုပြီးထွက်သွားတဲ့ဟိုမင်းသားကြီးသာ သိသွားလို့ကတော့ ကိုယ့်ကိုယ်ကိုယ်သတ်သေတော့မှာပဲ"

"ဟဲ့ ... သမီး ... ညည်းအပိုတွေ လျှောက်ပြောမနေနဲ့။ ကိုယ့်ဖဲသာကိုယ်ဒေါင်းအောင်အရင်လုပ် ... သိလား။ လာ ... အပေါ် တက်ကြစို့"

ဒေါ်ဂွမ်း၏ခွပ်ချက်ကပြင်းသည်။ ညနေ၏ ရင်ဝတည့်တည့်ကိုမှ လာစိုက်လေသည့်လှံတစ်ချောင်းပါပေ။ ဦးပေါ်လေးကတော့ ညနေပခုံးကို တစ်ချက်ပုတ်သွားသည်။ ညနေ ရေပုလင်းကိုမော့သောက်အပြီး ဆက်တီခုံကို ပိတ်ကန်ပစ်လိုက်သည်။ နာကျင်ခြင်းနှစ်ခုဖြစ်သွားပြီ၊ ခုနက ဒေါ်ဂွမ်းစကားကြောင့် စိတ်မှာနာသည်။ အခု ဆက်တီခုံကိုပိတ်ကန်လိုက်တော့ ...။

"အား !"

❑ ❑ ❑

''အဟား . . . ငါက ဆိုင်များမဖွင့်တော့ဘူးလားလို့ . . .
စီးကရက်ဘူးခွံရှာပုံတော်ဖွင့်နေတယ်မှတ်တာ''

ခရီးရောက်မဆိုက် ကျော်ထူးကလှမ်းပက်လိုက်သည်။ အယူတော်မင်္ဂလာနှင့်ဆိုင်လာဖွင့်သူကို ခရီးဦးကြိုပြုသည့်စကားက နားမှာသိပ်တော့မချိုလှ။ ဇေယျတုစကားမပြန်ဘဲ ဆိုင်ခန်းကိုသာ မင်္ဂလာရှိရှိဖွင့်ပစ်လိုက်သည်။ နောက်ပစ္စည်းဟောင်းများကို တစ်ခုချင်းဖုန်သုတ်နေမိသည်။

အရှေ့တိုင်း စကြဝဠာ
နေကြတဲ့များသတ္တာ ... ဝေနေယျာ ...
ကျန်းမာ ... ချမ်းသာစေဖို့ရာ ...
လန်းဖြာဝမ်းသာ စေဖို့ရာ ...
အောင်ဇေယျအောင်စေနိမိတ်နဲ့အောင်အဝိတ်ဆောင်ကာ ...
သပြေနုခက်ဝါ ... ဇေယျတုသဗ္ဗမင်္ဂလာ ...

ဇေယျတုတို့ မေတ္တာပို့ဟစ်ဟော့ပ်သီချင်းတစ်ပုဒ်ကိုဆိုနေသလို ရွတ်လိုက်သေးသည်။ ပြီးတော့ မြူးဇစ်အဖြစ် လေကလေးကိုတရှဲရှဲ ချွန်နေတော့၏။ ပစ္စည်းများကိုဖုန်သုတ်ရင်း ခရုသင်းကြီးဆီစိတ်ရောက်သွားသည်။ ဒီခရုသင်းကြီးက နတ်စောင့်ပါတယ်ကွယ်ဆိုတာ ဘိသိက်ဆရာကြီးစကားကို ဖလက်ရှ်ဘက်ပြန်ပြီးကြားနေရသည်။ ဇေယျတုတစ်ချက်ပြုံးလိုက်ပြီး ခရုသင်းကြီးကို ကောက်ခါငင်ခါမှုတ်ထည့်လိုက်သည်။

"ဖွီ"

ပုဒ်ပါဒ်ပီသောအသံသို့မရောက်လာ။ နောက်တစ်ကြိမ်ထပ်ကြိုးစားကြည့်ဦးမည်။

"ဖွီ"

ဤတစ်ကြိမ်မှာလည်း ဖွီပါသည်။ သို့သော် ...

ဆိုင်ရှေ့ကားလမ်းဘေးသို့ ကားကလေးတစ်စင်းထိုးရပ်လာသည်။ ပြီးတော့ ခေတ်မီလှပသောဝတ်စားဆင်ယင်မှုဖြင့် နတ်သမီးကလေးတစ်ပါး ဆင်းလာလေတော့သည် ... ညနေ။ ဇေယျတုမျက်နှာနံပြားကို ခွေးချောင်းသလိုပျော်သွားပြီ။

"ဒီမယ်"

"ဗျာ"

"ကျွန်မရှာနိုင်းထားတာ ရပြီလား"

ဇေယျတုတို့ညံ့ချက်ကတော့ ကမ်းကုန်၏။ ရှေးစီးကရက်ဘူးခွံကလေးကိုသော်မှရှာမထားမိ။

"ဩော် ... ဟိုလေ ... ရှေးစီးကရက်ဘူးခွံတွေက ..."

"ဘာလဲ . . . မရဘူးမဟုတ်လား။ မရရင်ပြန်မယ်"

ဖေယျတုစကားကို ဆုံးအောင်ပင်နားမထောင်၊ လိုချင်တာမရှိမှတော့ ပြန်တော့မည်ပြင်သည်။

"ဟာ . . . နေ . . . နေပါဦးဗျာ။ ဒီလိုပါ . . . ရှေးစီးကရက်ဘူးခွံကလေ . . . တော်တော်လေးကို ရှား . . . ရှား"

"ဒီမှာ ရှင့်ကိုမင်းတုန်းမင်းကြီးသုံးသွားတဲ့ထွေးခံကိုရှာခိုင်းတာမဟုတ်ဘူး။ လူတကာသုံးခဲ့ဖူးတဲ့ စီးကရက်ဘူးခွံကိုရှာခိုင်းတာ။ ဘာမှလည်းကြာသေးတာမဟုတ်ဘူး"

လှည့်ပြန်တော့မည့်ညနေကို ဖေယျတုလှမ်းဆွဲမိတော့မလို့။ သတိရမှလက်ကို နောက်ဆုတ်လိုက်ရသည်။

"ဟုတ်ပါတယ် . . . ကျွန် . . . ကျွန်တော်ရှာနေပါတယ်။ အဟဲ . . . သုံးမိနစ်ပဲစောင့်။ အဲလေ . . . သုံး . . . သုံးရက်လောက်ပဲစောင့်။ စိတ်ချ . . . ညီမလိုချင်တာ ရစေရမယ်။ ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်သော်၊ မလွှတ်စတမ်း။ ရမြဲလမ်းတဲ့"

ဖေယျတု မာမားခေါက်ဆွဲလည်းပြုတ်ပြီးပြီ။ ဓာတ်တိုင်ကမီးသီးကိုတောင် တက်မချွတ်တတ်ဘဲ ကောင်းကင်ကကြယ်ကို ဆွတ်ပြချင်နေပြန်သည်။

"ကျွစ်"

ညနေ စုပ်သပ်လိုက်ပြီး မျက်စောင်းထိုးလိုက်၏။ ဖေယျတုခမျာ အပြစ်ရှိသောကျောင်းသားကလေးတစ်ယောက် ဆရာမရှေ့ရောက်နေသလို။

"ဘာတွေလဲကွာ . . . ရှင်အပိုတွေ လျှောက်ပြောမနေနဲ့။ ကျွန်မရှင့်ကို ကောင်းကင်ကကြယ်ကိုတက်ဆွတ်ခိုင်းနေတာ မဟုတ်ဘူး။ စီးကရက်ဘူးခွံဟောင်းလာဝယ်တာ"

"ဟုတ် . . . ဟုတ်ပါတယ်။ ဒီ . . . ဒီလိုပါ။ ဒီက ညီမလေးလိုချင်နေတဲ့ ရှေးစီးကရက်ဘူးခွံကို တပ်ဖြန့်ပြီးရှာနေပါပြီ။ ရလာပြီဆိုတာနဲ့ ညီမဆီသတင်းပို့ပါ့မယ်။ အဲဒီအခါကျမှ အင်အားသုံးပြီးဖြို့ခွင်း

ကြတာပေါ့ . . . နော် . . . ''

ဖေယျတုပြောမိပြောရာပြောပြီး မျက်နှာချိုသွေးနေသည်။

''ရှင့်နာမည် ဘယ်သူလဲ''

''ဗျာ''

''ရှင့်နာမည်မေးနေတာ''

''ဩော် . . . ဖေယျတုတဲ့ . . . အဟဲ''

နာမည်ကြားတော့ ညနေမျက်နှာပြုံးချင်ချင်ဖြစ်သွားသည်။ သို့သော် မှင်တည်တည်ဆက်ထားဖြစ်၏။

''ဟွန်း! နာမည်က ဖေယျတု . . .

ရှင်ဘာတွေများ အောင်မြင်စွာသိမ်းပိုက်ခဲ့ပြီးပြီလဲ''

''ဗျာ''

''နာမည်ကိုတော့ အားနာပါတယ်။

ရှင်အောင်မြင်ဖို့ ကြိုးစားလိုက်ပါဦး''

''ဟုတ် . . . ဟုတ်ကဲ့''

ဖေယျတုတို့ ညနေ၏စကားလုံးများအောက်မှာ ငုတ်တုတ်မေ့ ပြီ။ ခွေးအ,ကြီးလည်းနင်းခံရသည့်ပမာ . . . ဘာစကားမှ ပြန်မပက်နိုင် တော့ . . . ။

''ကောင်းပြီလေ . . . အောင်မြင်ဖို့ကြိုးစားတဲ့အနေနဲ့ ကျွန်မ ရှာနိုင်းတဲ့စီးကရက်ဘူးခွံကို အရင်ရှာကြည့်လိုက်ပါဦး။ ကျွန်မနောက်နေ့ သပ်လာခဲ့ပါဦးမယ် . . . ''

''ဟုတ် . . . ဟုတ်ကဲ့ . . . ဖေယျတုသဗ္ဗမင်္ဂလာပါ''

ညနေလှည့်အထွက် ဖေယျတုဦးညွတ်ခါရိုသေလိုက်ပြီး နှုတ် ဆက်ခါမှ ညနေ မျက်နှာကြောတင်းတင်းဖြင့် ပြန်လှည့်လာပြီး . . .

''ဘာလဲ . . . ရှင် ကျွန်မကိုပြောင်တာလား''

''အာ . . . မဟုတ် . . . မဟုတ်ပါဘူး။ ကျွန် . . . ကျွန်တော် . . . အကျင့်ပါနေလို့''

''ဈေးဝယ်ကို မရိုသေရင်နေပါ မစော်ကားပါနဲ့။ ဈေးသည်နဲ့

ဈေးဝယ်ဆိုတာ သဟ္မာယသင့်မှ အဝယ်အရောင်းတည့်ကြတာပါ။ နောင် ... ဆင်ခြင် ..."

ဖေယျတုခမျာ ခေါင်းကအင်တင်နာများ ယိုင်လိုကယိုင်ကြလေ ရော့၊ စိတ်ပျက်စွာ ကုတ်ခြစ်မိလေတော့သည်။ ညနေ နွတ်ခမ်းစူစူဖြင့် ကားပေါ်တက်ပြီး ကြမ်းတမ်းစွာမောင်းထွက်သွားလေသည်။

"ဟား ... ဟား ... ဟား ... ဟား ...

ဘယ်လိုလဲ အသစ်ဆရာကြီး ... သစ်ချင်ဦးလေ။ အဟောင်း ရဲ့အရှိန်အဝါ ဘယ်လိုကြီးတယ်ဆိုတာသိသွားပြီ မဟုတ်လား ... ဟား ... ဟား ... ဟား ... ဟား"

လက်ထဲကဆေးပေါ့လိပ်ထိပ်ကို လက်ညှိုးဖြင့်ဖိသိပ်ရင်း ဖေယျ တုဆီလျှောက်လာသောကျော်ထူး၏ကောင်းချီးသြဘာစကားပါပေ။ ဖေယျတုမျက်နှာက နွားချေးပုံပေါ်စက်ဘီးဖြတ်နင်းသွားခံရသလို နည်း နည်းပျက်သွားသည်။ ပြီးမှ ချက်ချင်းကဒ်ချိန်းသွားသည်။

"အဟဲ ... ဒီလိုပဲဗျ။ မိန်းကလေးတွေက ယောက်ျားလေးတစ် ယောက်ကို တစ်နည်းနည်းနဲ့စိတ်စမ်းတတ်ကြတယ်ဗျ"

"ဘာ!"

ဖေယျတုက နတ်ကတော်ဟန်အတိုင်းလက်ပိုက်လျက် ကျေနပ် စွာ ပြုံးပြုံးကြီး။ ကျော်ထူးကတော့ ခွေးသေကောင်ပုပ်ကို ပိုက်မိနေသည့် အလား ပျို့အန်ချင်လာသည်။

"စိတ်စမ်းရအောင် မင်းကို ရာသက်ပန်ပေါင်းသင်းဖို့ စိတ်ကူး ထားတယ်ထင်လို့လား"

"ဒါတော့ သူ့ဒေါသနဲ့သူပဲလေ"

ကျော်ထူး ပဲစေ့အိတ်ပေါက်ပြီးသွပ်ပြားပေါ်သွန်ကျလာသလို တဖြောဖြောရယ်ပါလေတော့သည်။ ဖေယျတုက ကြက်ခိုးဖို့ တိုးတိုး တိတ်တိတ်တိုင်ပင်ပုံမျိုးဖြင့် ...

"ကိုကျော်ထူး ... နေဦး။ ကျွန်တော်ပြောမလို့ ... ကိုကျော်ထူး နောက်မှရယ်ဗျာ"

ကျော်ထူးရယ်ခြင်းကို ဒက်စ်စတော့လိုက်ပြီး ဘာလဲဟာဆိုသော ပုံစံဖြင့် ဇေယျာတုကိုငဲ့ကြည့်သည်။

''ကောင်မလေးက တော်တော်လှတာဗျ။ အနီးကပ်ကြည့်မှပါး ပေါ်မှာ အကြောစိမ်းစိမ်းလေးတွေ ရှင်သန်နေတာတောင်မြင်နေရတယ်။ ကျွန်တော်လေ ရင်တွေဘာတွေခုန်လိုက်တာဗျာ ... ဂလု ..''

''ဟွန်း! ရှာဦးကနာဘူး။ ကိုယ့်ကပ်စ်တန်မာကို ဒီလိုပြစ်မှား ရလားဟဲ့ ...''

ကျော်ထူးက ဇေယျာတုခေါင်းကို တောင်ခနဲမြည်အောင်ခေါက် လိုက်၏။ အနည်းငယ်ယိုင်သွားသော အင်တင်နာများကို ဇေယျာတု တယု တယပြန်ထောင်နေသည်။

''ပြစ်မှားတာမဟုတ်ပါဘူး ... အဟဲ ... ချစ်သွားတာ''

ဇေယျာတုမျက်နှာ ပြောင်လည်းပြောင်ပါပေ့။ ဘဲဥကို ကော် ပတ်စားထားသလိုပေ။ ကျော်ထူးက ဆိုင်ဆိုင်းဘုတ်ကို လက်ညှိုးထိုး လျက် ...

''ဟော့ကောင် ... ဆိုင်နာမည်က 'ပဥ္စသီ'နော်။ မင်း သူများ သားသမီးကို ပြစ်မှားဖို့မကြံနဲ့။ မင်းအဘိုးကြီးပေးထားတဲ့ နာမည်လေး မင်းကြောင့် သေးသိမ်ကုန်ပါဦးမယ်ကွာ''

ဇေယျာတု နည်းနည်းတွေသွားသည်။ ပြီးမှ ကျော်ဟိန်းကြီး ပုံစံဖြင့် ...

''မဖြစ်နိုင်ဘူး ... ဒါလုံးဝမဖြစ်နိုင်ဘူး''

''အေးလေ ... မဖြစ်နိုင်ပါဘူးဆိုလည်း ရှေ့မတိုးနဲ့ပေါ့။ အကုန် မိတ်ပျက်ကုန်လိမ့်မယ်''

''ဟာ ... မဖြစ်နိုင်ပါဘူးဆိုတာ သူများသားသမီးကို ပြစ်မှား တာကိုပြောတာဗျ။ ကျုပ်သူများသားသမီးကို ပြစ်မှားတာမဟုတ်ဘူး။ လူပျိုလူလွတ်တစ်ယောက်က အပျိုတစ်ယောက်ကို ချစ်ရေးဆိုခွင့်ရှိတယ် လေဗျာ''

''ဟော့ကောင် ... သူ့ကိုအပျိုလို့ မင်းပြောနိုင်လို့လား''

''အဲ့ဒါတော့ နောက်ကြောင်းရှင်းရင် ပြောလို့ရပါတယ်''

''ဟာ ... ငါပြောတာ အဲဒါပြောတာမဟုတ်ဘူး။ အိမ်ထောင်ရှိလားမရှိဘူးလား၊ မင်းပြောနိုင်လားလို့''

ကျောချမ့ှမားပြုံးသိရသည့်ဖေယျတုပါပေ။ ဒီလိုကျတော့လည်း ဖေယျတုတွေသွားသည်။

''အေးဗျာ ... ဘုရားသိကြားမ,လို့ အိမ်ထောင်ရှိပြီးသားမဖြစ်ပါစေနဲ့ဗျာ''

ကောင်းကင်ဆီမော့ကြည့်ရင်း လက်အုပ်ချီဆုတောင်းနေရာ ကျော်ထူးကနားရင်းအုပ်ကာ ဩဘာပေးလိုက်သည်။

''သူရှာနိုင်းတဲ့ပစ္စည်းတော့မရှာဘဲနဲ့။ အပျိုဖြစ်ပါစေပဲ ဆုတောင်းနေ ...''

''အေး ... ဟုတ်တယ်ဗျနော်။ သူလိုချင်တာ ရအောင်ရှာပေးနိုင်ရင် အိုကေပြီပဲ။ ကျေးဇူးပဲ ... ခရသင်းဖူးစာဖြစ်တော့မယ်''

ပြောပြောဆိုဆိုနှင့် ခရသင်းကြီးကို ဆလံသ,သည်။ ပြီးတော့ ကောက်ယူလိုက်ပြီး မက်မက်စက်စက်ရှုပ်ခနဲနေအောင်ဖက်နမ်းပစ်လိုက်သည်။

❑ ❑ ❑

ဇေယျတုစကားကို သဘောကျသွားသောကြောင့် ဦးမာယာတင် တဟေးဟေးရယ်နေသည်။ ထန်းလျက်ဘူးထဲမှထန်းလျက်တစ်ခဲကို ပါးစပ်ထဲပစ်ထည့်ရင်း ...

"အေးကွ ... လူတစ်ကိုယ် ပိုးတစ်မျိုးစီရှိကြတာပဲကွ ... အဟေး ... ဇေယျတုသဗ္ဗမင်္ဂလာ ..."

"ဒါဆို အဖေ့မှာရော ဘာပိုးရှိနေလဲ"

ဇေယျတုစကားကြောင့် ဦးမာယာတင်အရယ်ရပ်သွားပြီး မျက်နှာကြီးတည်သွားသည်။ ထန်းလျက်ခဲကိုကြိတ်ဝါးပစ်ရင်း ဇေယျတုကို ခပ်စူးစူးကြည့်ကာ ...

"ဇေယျတုသဗ္ဗမင်္ဂလာ . . . ရှိစရာလား။ မင်းဘိုးအေကတည်းမှ။ ဦးဇင်းလူထွက်ကွ . . . မာတုဂါမနဲ့ပတ်သက်တာဆိုလို့ မင့်အမေတစ်ယောက်ပဲရှိတာ"

နောက်ဖေးမီးဖိုချောင်မှထွက်လာသော ဒေါ်ခင်ခင်ကြီးကား လူရောက်မလာခင် မျက်စောင်းကအရင်ရောက်လာသည်။

"ဦးဇင်း . . . ဘာတွေလျှောက်ပြောနေတာလဲ ကလေးကို . . . ဇေယျတုသဗ္ဗမင်္ဂလာ"

ဒေါ်ခင်ခင်ကြီးက လက်သုတ်ပုဝါကိုသုတ်ပြီးကျူကျူနနပြန်ခေါက်ကာ ရေနွေးဓာတ်ဘူးပေါ်တင်လိုက်ရင်း . . .

"မင်းက ဘာတွေလျှောက်မေးနေလို့လဲ"

ဇေယျတုလည်း ထန်းလျက်ဘူးကိုဆွဲယူပြီး ထန်းလျက်ခဲကို နှိုက်ယူလိုက်၏။

"လျှောက်မမေးပါဘူး ပြောပြနေတာ။ ကောင်မလေးတစ်ယောက်ပြောပါတယ် . . ."

ဇေယျတုပြောနေရင်းကခဏနားသွားပြီး လေသံနှိမ့်ကာ . . .

"အမေ . . . အဲဒီကောင်မလေးက တော်တော်ချောတာဗျ . . . သိလား"

"ဟဲ့ . . . ငါမှမမြင်ဖူးတာ။ ချောမချော ဘယ်သိမလဲ"

"ဟာ . . . တော်တော်ချောတာဗျ။ အကြောလေးတွေကို စိမ်း . . . စိမ်း"

"ဟော့ကောင် . . . ပြောမှာပြော။ စကားတွေက ဘယ်ရောက်သွားတာတုန်း"

ဦးမာယာတင် နားကြားပြင်းကပ်သွားသည်လားမသိ မိန်းမလုဘွဲ့ ရွတ်လို့မှမဆုံးခင် စကားဝင်ဖြတ်လိုက်၏။

"ဇေယျတုသဗ္ဗမင်္ဂလာ . . . ဒီနေ့ ဆိုင်မှာဈေးလာဝယ်တဲ့ကောင်မလေးပြောပါတယ် လှလိုက်တာလို့။ လှတာလေးနဲ့မလိုက်အောင် ဘာလာဝယ်တယ်မှတ်လဲ"

ဒေါ်ခင်ခင်ကြီးမှာတော့ စောစောကစကားကိုမမီလိုက်သော ကြောင့် ဘာတွေပြောလို့ဘာတွေဖြစ်ကြသည်မသိ။ ဦးမာယာတင်ကို တလှည့်၊ ဧယျတုကိုတလှည့်လိုက်ကြည့်နေသည်။

ဦးမာယာတင်ကတော့ သိပြီးသားကိစ္စမို့သိပ်စိတ်မဝင်စား။ ထန်းလျက်ခဲတစ်ခဲကိုသာ ပါးစပ်ထဲပစ်သွင်းလိုက်ပြီး ရေနွေးကြမ်းတစ်ငုံ ငုံလိုက်၏။

"ရှေးစီးကရက်ဘူးခွံဟောင်းတဲ့ဗျာ"

ဧယျတုပြောရင်း ခြောက်ကပ်ကပ်ရယ်လိုက်သေးသည်။ ဒေါ်ခင်ခင်ကြီးမှာလည်း ထင်မထားသောစကားမို့ 'ဗုဒ္ဓေါ'တ,ကာ ရင်မ,ရှာသည်။

"ဟဲ့ ... သူက ဒီစီးကရက်ဘူးခွံတွေလိုချင်တာ ဘာလုပ်ဖို့တဲ့တုန်း ..."

"အာ ... အဲဒါပြောတာပေါ့။ ကျွန်တော်လည်း သိချင်တာပေါ့။ အဲဒါကိုမမေးနဲ့တဲ့ဗျာ။ ဟုတ်တော့လည်း ဟုတ်တယ်လေ။ ကိုယ့်ဆီကဝယ်တာ ဘာလုပ်ဖို့တုန်း။ ဘယ်မှာသုံးဖို့တုန်းထိတော့ မေးဖို့မသင့်ဘူးလေဗျာ ..."

"အေးလေ ... ဟုတ်တော့လည်း ဟုတ်တာပါပဲလေ .... အင်း ... ဧယျတုသဗ္ဗမင်္ဂလာ"

ရေနွေးကြမ်းခွက်ကိုပြန်ချရင်း ဦးမာယာတင် လေတစ်ချက်ရှင်းလိုက်၏။

"အဟမ်း ... ခုနကအဲဒါပြောနေတာ လူတစ်ကိုယ်ပိုးတစ်မျိုးစီလို့။ ဝါသနာတစ်မျိုးစီနဲ့ ကိုယ်သန်ရာသန်ရာတော့ လုပ်နေကြတာပဲကွ။ တချို့က သစ်ပင်စိုက်တာ ဝါသနာပါတယ်။ တချို့က ဘိလိယက်ထိုးတာ ဝါသနာပါမယ်။ ဟော ... တချို့ကျတော့ ဖဲရိုက်တာ။ တချို့ကျမြင်းစီးတာ၊ အမျိုးမျိုးပါကွာ ...

အေး ... အဲဒီထဲမှာ တချို့ကတော့ ထူးထူးဆန်းဆန်းပစ္စည်းအဟောင်းတွေစုကြတယ်ကွ။ တချို့ကကျ တံဆိပ်ခေါင်းအဟောင်းတွေ

စုတယ်ကွာ။ တချို့ကျ ငွေစက္ကူအဟောင်းတွေ စုတတ်ကြတယ်။ ကိုယ့်ဝါသနာနဲ့ကိုယ်ပေါ့ကွာ''

ဦးမာယာတင်မှာ 'ချာဂျင်' ပြည့်နေ၍လားမသိ စကားတွေ 'နန်းစတော့' ပြောနိုင်နေသည်။ ဟစ်ဟော့ပ်စကားအရဆို ကြားမှာ 'မယ်လိုဒီ'ပင်မဝင်တော့။ ဖေယျတု ဒီအချက်ကိုသတိထားမိနေသည်။ သို့ကြောင့် . . .

''အဖေရော ဘာစုရတာ ဝါသနာပါလဲ''

''ရည်းစားစာ''

''ဟင်''

''ဟွန့်''

ဖေယျတုက 'ဟင်'၍ ဒေါ်ခင်ခင်ကြီးက 'ဟွန့်'လေသည်။ အဖေ့ဝါသနာကလည်း တစ်မျိုးပါလားလို့ ဖေယျတုအံ့အားသင့်သည်။ ဒေါ်ခင်ခင်ကြီးကတော့ တုန်လှုပ်သွားသည်။

''ဟ . . . ငါရည်းစားစာရေးရင် နှစ်စောင်တစ်ပြိုင်တည်းရေးတာ။ တစ်ဖက်ကမူရင်း တစ်ဖက်ကပြန်ကူးတဲ့မိတ္တူ။ ဘာရယ်တာလဲ ဟုတ်တယ်လေ မင်းတို့ခေတ်လိုကွန်ပျူတာလည်းမပေါ်သေးဘူး။ မိတ္တူကူးယူထားဖို့ ဖိုတိုစတက်စက်တွေလည်း မပေါ်သေးဘူးလေကွာ။ တစ်ခါတလေကျတော့လည်း စာရေးကြီးရဲမြင့်ဆီက ကာဗွန်စာရွက်အဟောင်းလေးတွေရခဲ့ရင်တော့ နှစ်ခါပြန်မရေးရတော့ဘူးပေါ့ကွာ''

''အဖေပေးတော့ မူရင်းပေးတာလား . . . မိတ္တူပေးတာလား''

''ဟကောင် . . . နှစ်ခါပြန်ရေးထားတာ မူရင်းရယ်၊ မိတ္တူရယ် ရှိသေးလား။ နှစ်ခုစလုံး မူရင်းပေါ့ဟ။ တစ်စောင်ကိုပေး၊ တစ်စောင်ကို ငါလက်ခံအဖြစ် ဖိုင်တွဲပြီးသိမ်းထားတာ . . .''

ဒေါ်ခင်ခင်ကြီးမနေတတ်တော့။ မျက်နှာကိုဘယ်နားထားရမှန်းမသိ။ ထန်းလျက်ခဲကိုသာ အရှက်ပြေကောက်ဝါးနေလေ၏။

''ဖေယျတုသဗ္ဗမင်္ဂလာ . . . ဦးဇင်း . . . တော်ပါတော့ရင် . . . ကလေးကလား''

"ဟ ... မင့်သားမေးလို့ဖြေရတာပေါ့ဟ။ ဟော့ကောင် ... မင်းအမေကိုမေးကြည့်စမ်း ... ဌါ့စာတွေရှိသေးလားလို့"

ဒေါ်ခင်ခင်ကြီး၏ မျက်စောင်းနနကို ဦးမာယာတင်ပျော်ရွှင်စွာ လက်ခံရရှိနေပုံရသည်။

"အမေ ... အမေကရော ... ဘာစုရတာဝါသနာပါလဲ"

ဇေယျတုအမေးကို ဒေါ်ခင်ခင်ကြီး မဖြေ၊ ပြုံး၍သာနေသည်။ ဇေယျတုက ဒေါ်ခင်ခင်ကြီးလက်မောင်းကို လှုပ်ယမ်းကာထပ်မေးပြန်သည်။ ထိုအခါကျမှ ...

"အင်း ... ဘာစုရတာ ဝါသနာပါလဲဆိုတော့ အင်္ကျီကြယ်သီးလေးတွေစုရတာ သဘောကျတယ်။ အမေ့ဆီမှာ မင့်အဖွားတွေရဲ့ ရင်ဖုံးအင်္ကျီတွေကနေ မင်းအခါလည်သားတုန်းကဝတ်ခဲ့တဲ့ ဖလန်နယ်အင်္ကျီလေးကကြယ်သီးတွေထိရှိတယ် ..."

"ဟား ... မိုင်မားသားဝါသနာက တစ်မျိုးပါလား။ ကမ္ဘာ့ ဂင်းနစ်စာအုပ်မှာတောင် စာရင်းသွင်းနိုင်းရမယ်ထင်တယ်"

သားအမိသားအဖသုံးယောက်၏ ပြုံးခြင်း၊ ရယ်မောခြင်းများက ညီးလုံးနွေးထွေးနေတော့သည်။

"အမယ် ... အမယ် ... ဒီသားအဖတတွေ ဘာတွေများ ဒီလောက်ပျော်နေကြပါလိမ့် ... ထူးထူးခြားခြား"

လူမရောက်ခင် အသံအရင်ရောက်လာသူကား ဂွမ်းလေးဖြစ်သည်။ ဟိုးနှစ်အိမ်ကျော်က စက်ချုပ်ဆိုင်ကလေး၏ အရှင်သခင်မဖုရား။ ပြီးတော့ ဇေယျတုလေးကိုရင်ခုန်နေသည့် မမ မရွှေထား။

"လာ ... စိန်ဂွမ်း ... စားခဲ့ပြီလား"

ဒေါ်ခင်ခင်ကြီးက ချစ်စနိုးဖြင့် 'စိန်ဂွမ်း' လို့ခေါ်သည်။ ဦးမာယာတင်ကတော့ ပြုံးရုံသာပြုံးသည်။ ခေါ်လည်းမခေါ် ပြုံးလည်းမပြုံးသူကတော့ ဇေယျတု။ မျက်နှာကြီးကိုတောင် ပုပ်သိုးထားလိုက်ချေသေးသည်။

"မစားသေးဘူး ကြီးခင်။ ဇေလေးအတွက် စပျစ်သီးလာပို့

တာ''

လက်ထဲကကြွပ်ကြွပ်အိတ်ကလေးကို ဇေယျာတုရှေ့ ထိုးပေးလိုက်၏။ ဇေယျာတုက ကြည့်လည်းမကြည့်၊ ယူလည်းမယူ၊ ငူငူကြီးသာထိုင်လို့။

''သား ... ယူလိုက်လေ။ မင့်မမက စားစေချင်လို့ယူလာတာကို ...''

''ကျေးဇူးပဲ ... မမငွမ်း''

''အမယ်လေး မလိုပါဘူးဇေလေးရယ်။ ပြောရမယ့်လူတွေကျလို့''

ဇေယျာတုစိတ်ထဲမှာ ဘုရားတ,မိလိုက်သည်။ ပြီးမှသတိရသွားပြီး ...

''မမငွမ်း''

''ဘာလဲ ဇေလေး''

''မမငွမ်းကို မေးစရာရှိတယ်''

''ဟွန် ... ဘာများပါလိမ့် ... မေးလေ''

''မမငွမ်း ဘာစုရတာဝါသနာပါလဲ''

ငွမ်းလေး မေးဖျားကိုလက်ညှိုးလေးဖြင့်ထောက်ရင်း စဉ်းစားလျက် ...

''ထမင်းကြမ်းခဲ''

ဇေယျာတုနောက်သို့လန်သွားမတတ်အံ့အားသင့်သွားသည်။ သံယောင်များပင်လိုက်မိ၏။

''ထမင်းကြမ်းခဲ''

''အေးလေ ... ဘာလို့လဲ''

''အာ ... ဘာ ... ဘာမှမဖြစ်ပါဘူး ... သိချင်လို့''

''ဇေလေးကလည်း ... မမလေ ... မနက်ကကျန်တဲ့ထမင်းကို ညနေကျစားတယ်။ ညနေကျန်တာကျ မနက်ထမင်းကြမ်းကြော်မစားတော့ဘူး။ ဗန်းထဲမှာချေပြီး အခြောက်လှန်းထားတယ်။ လေလုံလုံနဲ့

ခြင့်ထဲမှာ ကျကျနနသိမ်းထား။ ဟော ... ဆီပေါ်ပေါ်လေးနဲ့ ရှရှလေး ကြော်စားရတာ ကောင်းမှကောင်း။ ဇေလေးစားမလား ... နောက်နေ့ ကြော်ခဲ့မယ်လေ''

''အာ ... နေ ... နေပါစေ ... မမဂွမ်း။ ကျွန် ... ကျွန် ဘက်မကြိုက်ဘူး''

''ဇေလေးနှယ် ... ထမင်းချိုးအခဲကျမချေတော့ဘူး။ အချပ် ဒိုက်လေး မွမွကြော်ထားလို့ကတော့လေ ... ဂျွမ်း ... ဂျွမ်းနဲ့စားလို့ ကောင်းလိုက်တာ ... မပြောပါနဲ့တော့ ...''

''မပြောပါနဲ့တော့ မမဂွမ်းရယ် ... မှားပါတယ်''

ဇေယျတုပြောရင်း ပြေးထွက်သွားလေရာ ဂွမ်းလေး မျက်လုံး တ်ခတ်ပုတ်ခတ်ဖြင့် မျက်စိသူငယ်နားသူငယ်ဖြစ်နေပြီ။ ဦးမာယာတင် နှင့် ဒေါ်ခင်ခင်ကြီးတို့ကတော့ ခွက်ထိုးခွက်လှန်ရယ်ကြပါလေတော့ သည်။

❑❑❑

"ညနေ ... နင်ငိုချင်ရင် ငိုချလိုက်ဟာ ... အောင့်မထားနဲ့၊ အဲလိုချုပ်တီးထားရင် ဆီးချုပ်ဝမ်းချုပ်ဖြစ်တတ်တယ်တဲ့ဟ"

ငူငူကြီးထိုင်နေသော ညနေပခုံးကို ကြင်ကြင်နာနာကိုင်ထား ပြီး အေးအေးဆွေ အားပေးနှစ်သိမ့်နေသည်။ တင်တင်နွယ်က အေးအေး ဆွေလက်မောင်းကို တံတောင်ဖြင့်တွက်ကာ သတိပေးလိုက်၏။

"ဘာလဲ ... ငါကြားဖူးတာ ငါပြောတာလေ ...

သူက ငိုမှာဖြင့်ငိုလိုက်တာမဟုတ်ဘူး ... အောင့်ထားတာကိုး"

"နင်အားပေးတာကြီးက ဆီးတွေဝမ်းတွေရော ဘာတွေတုန်း ဟာ။ ညနေ ငါတို့ဂိမ်းဆော့မလား၊ လာ ... ငါ့ဖုန်းထဲမှာ ဂိမ်းအသစ် ထည့်ထားတယ် ..."

✿ ရွှေသမီးစာပေ ✿

တင်တင်နွယ်က သူ့လက်ကိုင်ဖုန်းကိုထုတ်ယူလိုက်ပြီး ညနေ့ကို ဆွဲခေါ်သည်။ ညနေကရှန်းသည်။ ပြီးတော့ နံရံမှာကပ်ထားသော စိရော်နယ်ဒိုကို ဆွဲပြပစ်လိုက်သည်။ ဘောလုံးတစ်လုံးပေါ်ခြေထောက်တစ်ဖက်တင်ပြီး ခါးထောက်ကာပြုံးနေသူ ဒေးဗစ်ဘက်ခမ်းကိုလည်း စိတ်စိတ်အမွှာမွှာဖြစ်သွားစေသည်။ ကာကာနှင့်အလွန်ဆိုတို့လို ခပ်ချော ချောကောင်လေးတွေတောင် ညနေ၏ခြေရင်းမှာ ဝပ်စင်းပေးရပါလေ တော့သည်။

"နင်တို့ ငါ့ရင်ထဲမှာဘာတွေဖြစ်နေတယ်ဆိုတာ မသိပါဘူး ဟာ..."

တင်တင်နွယ်က အေးအေးဆွေကို မျက်နှာရိပ်မျက်နှာကဲပြ လိုက်သည်။

"ဘာလို့ မသိရမှာလဲဟယ်... သိလို့ပြောနေတာပေါ့"

ညနေကတော့ နံရံမှာတစ်ခြမ်းကြီး ကားရားကျန်နေသူ စိရော် နယ်ဒိုကိုသာ မမိုတ်မသုန်ကြည့်နေသည်။

"သူ... သူသိပ်ရက်စက်တာပဲဟာ။ ငါ ဒီလောက်ခံစားနေရ တာကို တစ်စက်ကလေးမှ လှည့်မကြည့်ဘူး"

"သူ့ဘာသာသူဘောလုံးကန်နေတာ အေးအေးဆေးဆေး နေပါစေဟာ။ သူက ရွှေဘောလုံးဆုမှန်းထားတာကိုး"

အေးအေးဆွေတို့ကတော့ လုပ်ပြီ... တစ်လွဲ။ တင်တင်နွယ် ကတောင်ဖြင့် တွက်ရပြန်သည်။ ပြီးတော့ မျက်မှောင်ကြုတ်ပြလိုက်၏။

"ဟင်... သူ... သူက စိရော်နယ်ဒိုကိုပြောနေတာ မဟုတ် ဘူးလား"

"ဘယ်ကလာဟုတ်ရမှာလဲဟ"

"ဆောရီး... ဆောရီး... ဒါက ဖြစ်တတ်ပါတယ်ဟာ။ မှန် ငင်းတစ်လှည့် ထင်းတစ်လှည့်ပါ။ အေး... မှန်ကင်းဖြစ်တုန်းတော့ နေဦးပေါ့။ ထင်းဖြစ်တော့မှ ဓားတုံးတုံးနဲ့ကြိတ်ခွဲပြီး ထင်းဆိုက်ပစ် မယ်။ ပြီးတော့မှ မီးထိုင်လှုံပစ်လိုက်ဦးမယ်။ မယုံရင်စောင့်ကြည့်နေ"

"ဟွန်း! စောင့်လာတာပဲ သုံးနှစ်ကျော်ပြီ။ စာလည်းမလာ၊ ဖုန်းလည်းမဆက်၊ လူလည်းပြန်မလာနဲ့။ ဒီထက်စောင့်ရဦးမှာလား။

သမီးကညာ အခါမလင့်စေနဲ့တဲ့။ ညနေ အခုနှင့်အသက်ဘယ်လောက်ရှိပြီလဲ"

**တင်တင်နွယ့်အမေးကို ညနေမဖြေ မျက်စောင်းကြီးကိုသာ ဇွဲ ဒိဂရိအစောင်းလိုက်ပစ်ထည့်လိုက်သည်။ အေးအေးဆွေကပင် ...**

"နေဦး ... သူက ငါ့ထက် ၈ လနဲ့ ၃ ရက်ငယ်တယ်။ သူ ရှိလှ ၂၂ နှစ်ကျော်ကျော်၊ ၂၃ နှစ်ထဲဝင်ဖို့ ချောင်းနေပြီ"

ညနေစိတ်လေလာပြီမို့ ခေါင်းကိုတဗျင်းဗျင်းကုတ်နေသည်။ အလိုက်ကန်းဆိုးမသိသူအေးအေးဆွေကပဲဆက်ပြီး ...

"အေးဟာ ... နောက်နှစ်နှစ်ဆို အသက်အစိတ်ပြည့်တော့မယ်။ အသက်အစိတ်မှပုခက်မချိတ်ရရင် တစ်သက်မနိုင်ဘူးတဲ့ဟ။ အင်း ... နှစ်နှစ် ... နှစ်နှစ်"

ထိုအခါ ညနေခေါင်းထောင်ထ,လာပြီ။ မြွေဆိုး၏ဦးခေါင်းကို ပုတ်လျှင်ပါးပျဉ်းထောင်သတဲ့။

"ငါက နင့်ထက်(၈)လကျော်ငယ်တယ်။ နင်သာ ပုခက်အရင်ချိတ်ရအောင်လုပ်။ တော်ကြာ အပုပ်အသိုးကို တုတ်ထိုးပြီးရောင်းနေရဦးမယ်"

အေးအေးဆွေမျက်နှာမှာ သရက်သီးပုပ် မြေကြီးပေါ်ဒေါင်လိုက်ပြုတ်ကျထားသလို ရှုံ့ရှာဖွယ်ချစ်စရာကောင်းသွားတော့သည်။

❑❑❑

'ပဠသိ'ကိုသွားရမှာ ကြိုးစင်ပေါ်တက်ရမှာလောက်ကြောက်နေသူကြီးဖေယျတုမှာတော့ မနက်လင်းရင်ကို ဆိုင်သွားဖွင့်တော့မယ် တကဲကဲဖြစ်နေ၍ ပုဗ္ဗစရိယမိနှင့်ဘတို့ဝမ်းသာနေကြသလို ဝါတို့သားတော့တစ်ခုခုများဖြစ်သွားပြီလားလို့ စိုးရိမ်စိတ်များ ထပ်မနားမွှားရပါသည်လေ။ ဦးမာယာတင်က သူ့ဘာများအစားမှားလဲလို့ မယားကညာဒေါ်ခင်ခင်ကြီးကို တိုးတိုးမေးရသည်။ ဒေါ်ခင်ခင်ကြီးခမျာမှာလည်း ယောက်ျားဆိုတာဒီလိုအရွယ်မှာ သွေးလေဖောက်ပြန်တတ်သလားလို့ နားနားကပ်ခါမေးကြည့်ရသေးသည်။ မည်သို့ပင်ဖြစ်စေ ဖေယျတုကတော့ ခရူသင်းကြီး၏ကျေးဇူးတော်ကြောင့် မျှော်တော်ယောင်မဟုရားလေးတစ်ပါးကို အရှင်လတ်လတ်နှစ်နားကပ်ခါ စကားပြောခွင့်ရသည်မို့ ညညအိပ်ရာဝင်တိုင်းမှာ ခရူသင်းကြီးကို ဥဒ္ဒိဿရည်မှတ်ကာ ဦးချမိပါလေသည်။ အမဲပစ်ထွက်သူမုဆိုးတို့ တောမဝင်ခင် ဆိုင်ရာပိုင်ရာများကို ပူဇော်ပသတတ်ကြသလို ပဠသိသို့အသွားခရီးမှာတော့ ဖေယျတုတို့ရာသွင်ဂါထာတော်များကို ရွတ်ဖတ်သရဇ္ဈာယ်နေမိတော့သည်။

✿ ရွှေသမီးစာပေ ✿

"ဟား . . . ငါ့ကောင်ကတော့ ဟုတ်နေပြီပေါ့ . . . ချစ်သား အလိမ္မာလေးဖြစ်နေပြီ . . . သုဝဏ္ဏသာမတောင် မင်းကြောင့်မှိန်သွား နိုင်တယ်"

ဆိုင်တံခါးဖွင့်အပြီးမှာ ရောက်လာသော ကေလာသဆရာကြီး ကျော်ထူးကလှမ်းခွပ်လိုက်သည်။ ဖေယျတုစိတ်လည်းမဆိုး စကားလည်း မပြန်။ လေကလေးတချွန်ချွန်နှင့် ဖုန်သုတ်မင်္ဂလာကျင်းပနေတော့သည်။ ရေနွေးအိုးကလေးတစ်လုံးကို လျှပ်စစ်ဖြင့်တည်လိုက်သည်။ ဘုရားစင် ပေါ်က သောက်ရေတော်ခွက်နှင့်ပန်းအိုးကိုအသစ်လှယ်ပြီး ပူဇော်လိုက် သေးသည်။ ပြီးတော့ ထုံးစံအတိုင်း ကျော်ထူး၏ကေလာသဆိုင်တော် မဟာနားသွားကာ ပွားပါတော့မည်။ ကျော်ထူးက ကုလားထိုင်ပေါ်ငုတ် တုတ်ကြီးထိုင်ရင်း လက်ကြားက မီးခိုးငွေ့ယန္တရားကြီးကို ခုတ်မောင်း နေဆဲ။

"ကိုကျော်ထူး . . . ကောင်မလေးက တော်တော်လှတာဗျ"

ဆိုင်းမဆင့် ဘုံမဆင့် အလှတွဲ့ချီးမွမ်းခန်းဖွင့်လိုက်သောကြောင့် ကျော်ထူးက မျက်စောင်းတစ်ပင့် ချီးမြှင့်ပေးလိုက်သည်။

"ကျွန်တော်နဲ့များ အိမ်ထောင်ရက်သားကျသွားလို့ကတော့ လူ တွေက ပြောကြမှာဗျနော်။ ဒီကောင်မလေး လင်ကောင်းသားကောင်း ရမယ့်ဇာတာပါရှာသားပဲလို့ . . . နော် . . . အဟိန်း . . . အဟိန်း"

ဖေယျတု သူ့စကားသူသဘောကျသွားပြီး ဟိန်းဟိန်းညံအောင် ရယ်နေသေးသည်။ ကျော်ထူးနားကြားပြင်းကပ်ပြီ။

"ဖေယျတု"

"ဗျာ . . . ကိုကျော်ထူး"

"မနက်စောစောစီးစီး မင်္ဂလာယူနေတာနော်။ အယုတ္တ အနတ္တ စကားတွေ လာမပြောရင်ကောင်းမယ်"

"ဟာ . . . ကိုကျော်ထူးကလည်းဗျာ။ ဘယ်ကလာ အယုတ္တ၊ အနတ္တရမှာလဲဗျ။ ဒါမင်္ဂလာရှိတဲ့စကား။ ဗမ္မာ့ဒီပါလင်္ကာတောင်ကျွန်း ဩဘာနိမိတ်ထွန်း . . . တဲ့။ နိမိတ်ရှိတဲ့စကားကိုပြောတာ အတိတ်နိမိတ်

ကောင်းအောင် ... အောင်''

ဆိုင်ထဲမှာတပ်ထားသော လျှပ်စစ်မီးဖိုဆီမှ ရေနွေးဆူပြီဖြစ်ကြောင်း ရှူးရှူးရှဲရှဲမြည်သံပေးနေသောကြောင့် ဇေယျာတုတို့ဆိုင်ထဲဝင်ပြေးရလေသည်။ ကျော်ထူးမှာတော့ ခေါင်းကိုမြည်းလေးစွာယမ်းရင်း ရယ်ချင့်ရယ်ချင်ဖြင့် တစ်ချက် 'ဟွန့်'လိုက်သည်။

ဇေယျာတု ဓာတ်ဘူးထဲသို့ရေနွေးထည့်ပြီး ကြွေသောက်ရေခွက်သို့ လက်ဖက်ရည်တစ်ခွက်စာ မှုန့်ထည့်ပြီးသကာလ ကော်ဖီမစ်တစ်ထုပ်ကို ဖောက်ဖျော်လိုက်သည်။ ချစ်သူသောက်ဖို့ဖျော်နေသည်လို့ တ်ကူးဖြင့် မှန်းဖျော်နေသေးသည်။ ချစ်သူ ... ချစ်သူဆိုမှ ခရသင်းကြီးဆီ စိတ်ရောက်သွား၏။ ခရသင်းသံကြားလျှင်တော့ သူရောက်လာသည်။ ပြုံးပြုံးကြီး ကောက်ခါငင်ခါမှတ်ထည့်လိုက်သည်။

''ဖွီ''

ထုံးစံအတိုင်းသာ 'ဖွီ' ပါလေတော့သည်။ နောက်တစ်ကြိမ်ပ်မှုတ်မည်ပြင်လိုက်စဉ်မှာပင် ဆိုင်ရှေ့သို့ ကားကလေးတစ်စီးထိုးရပ်သည်။ ကျော်ထူးကမလိုအပ်ဘဲ ချောင်းခြောက်ကို လုပ်ဆိုးလိုက်သည်။ ဇေယျာတု ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားပြီ။ ခြေတို့လက်တို့ကိုင်မိဆို ခရသင်းကြီးကိုင်ထားရသည်ကိုး။

''ဘယ်လိုလဲ ... ကျွန်မမှာထားတာရပြီလား''

ထိုအခါကျမှ ဇေယျာတုတို့ ခရသင်းကြီးကိုချကာ ကိုယ့်နဖူးယ် လက်ဝါးဖြင့် ရိုက်ပစ်လိုက်သည်။

''ဟာဗျာ ... ဆောရီး ... ကျွန်တော် ...''

''ဘာဆင်ခြေပေးဦးမှာလဲ။ ရှင်နော် ယောကျ်ားမဟုတ်တဲ့တိုင်း ...''

''ဗျာ''

ဇေယျာတု ကိုယ့်ကိုယ်ကိုယ်ပြန်ကြည့်မိသည်။ ဘယ်နေရာမှာများလိုနေပါလိမ့်။

''မင်းမှာသစ္စာ လူမှာကတိတဲ့။ ရှင် လူရောဟုတ်ရဲ့လား''

"ရှာ"

"ကတိဆိုတာ တည်နိုင်မှပေးရတယ်။ပါးစပ်ဖျားက လွယ်လွယ်လေးမထွက်နဲ့ . . ."

"ဟုတ် . . . စိတ် . . . စိတ်မရှိပါနဲ့ရှာ။ ညော် . . . ကော် . . . ကော်ဖီသောက်ပါဦးလား"

"ကျွန်မကော်ဖီလာသောက်တာမဟုတ်ဘူး။ လိုချင်တာလာတယ်တာ။ ဒီမယ် . . . ကျွန်မကိုသေချာကြည့်။ ငါးမရတာနဲ့ ရေချိုးပြန်မယ့်လူမဟုတ်ဘူး။ လိုချင်တာ စီးကရက်ဘူးခွံ။ အေး . . . မရတာနဲ့ ကော်ဖီသောက်ပြီး ပြန်လိမ့်မယ်မထင်နဲ့ . . . . ကြားလား"

ဖေယျတုတို့ တစ်စစီကျိုးပဲ့နေပြီသီချင်းအတိုင်း တစ်ဖွဲ့ချင်းဖွဲ့ခံနေရပြီ။ ဟုတ် . . . ဟုတ်နှင့် ဆီကျွန်ခါနီး မော်တော်ဘုတ်လို။

"ဒီမယ်"

"ရှာ"

"ရှေးတုန်းက စီးကရက်ဘူးခွံကိုရော မြင်ဖူးရဲ့လား"

"ရှာ . . . ဟို"

"အဲဒီတုန်းက စီးကရက်ဘူးတွေက သံဘူးနဲ့လည်းလာတယ်ဂျပ်ဘူးလည်းရှိတယ်။ ရှင်တို့အများဆုံးကြားဖူးရင် 'ပိုလို' ပဲပေါ့။ ဘယ်လောက်ထိလူသိများလဲဆို စီးကရက်သောက်နေရင်ကို ဘာတံဆိပ်စီးကရက်ကိုသောက်သောက် ပိုလိုသောက်တယ်လို့ခေါ်တော့တာ။ ကျတဲ့စီးကရက်တွေကတော့ အများကြီး . . . အများကြီး။ ဂိုးလ်ဖရိတ် . . . ဗွီတဲ့ . . . ကာပိတန် . . . တဲ့။ ရှင့်မိဘတွေမေးကြည့်ရင် ကြားဖူးပါ . . ."

"ဟုတ် . . . အိမ်ကျမေးကြည့်ပါဦးမယ်"

"ရှင် . . . တင်တင်မူဆိုတဲ့ မင်းသမီးကြီးကိုရောကြည့်ဖူးလား"

"ရှာ"

"အေး . . . ဒေစီကျော်ဝင်းရဲ့အမေလေ။ တော်တော်ချောတယ်ရုပ်ရှင်ထဲမှာ သူစီးကရက်သောက်တာ သိပ်လှတာပဲ။ စတိုင်ပါတယ်

. . . ဒီ . . . ဒီလို''

အေးကခုံပေါ်ထိုင်ပြီး ညာခြေကိုဘယ်ခြေပေါ်ချိတ်ပြလိုက်သည်။ လက်ကလည်း စီးကရက်သောက်နေပုံကို ဟန်ပါပါလုပ်ပြနေသည်။

ဇေယျတု နည်းနည်းရှက်သွားသည်။ ဟိုဟိုဒီဒီ လျှောက်ကြည့်တော့ ကေလာသဆရာကြီးကျော်ထူးက ကုလားထိုင်ကြီးပေါ်ကနေ လည်ပင်းကြီးလိမ်ပြီး ငါးခူပြုံးပြုံးပြနေသည်။ ပြီးတော့ ဂျိမ်းစ်ဘွန်းစတိုင် ပခုံးကိုတစ်ချက်တွန့်ပြလိုက်၏။ ဇေယျတု ပွစိပွစိဆဲပြနေမိသည်။

''ဟုတ်ပြီလေ . . . ရအောင်တော့ ရှာထားလိုက်။ ကျွန်မက လိုချင်တာကို ရရမှ။ ရော့ . . . ကျွန်မဖုန်းနံပါတ်''

ညနေက ပိုက်ဆံအိတ်ကလေးကို ဖွင့်ကာ Note Pad ကလေးကိုထုတ်ပြီး နာမည်နှင့်ဖုန်းနံပါတ်ကို ရေးပေးလိုက်သည်။

''ရှင်ရှာလို့ရရင် ကျွန်မဆီဖုန်းဆက်လိုက်''

ဇေယျတုမှာ Note Pad ကိုကြည့်ရင်း . . .

''ဟို . . . ဟို နာမည်ကျ ဘယ်လိုခေါ်ခိုင်းရမှာလဲ''

''ကျွဲ''

ညနေ စိတ်လေသွားဟန်ဖြင့် စုပ်တစ်ချက်သပ်လိုက်သည်။

''အဲ့ဒီမှာ နာမည်ပါတယ်လေ''

''ညနေ''

''အေးလေ''

''အဲဒါ . . . ဒီကညီမနာမည်လား''

''အေးလေ . . . ဘာလို့လဲ''

''ဘာ . . . ဘာ . . . ဘာမှ မဟုတ်ပါဘူး။ ကျွန် . . . ကျွန်တော် . . . ရှာ . . . ရှာနေပါပြီ။ နောက်နေ့ဆိုရပါပြီ . . . စိတ်ချ . . .''

''လုပ်ပြန်ပြီ . . . စကားကို လွယ်လွယ်မပြောနဲ့ဆို''

ဇေယျတုယောင်ပြီး ပါးစပ်ကိုပိတ်လိုက်ရ၏။

''သွားမယ် . . . ရရင်ဖုန်းဆက်လိုက်''

"ဟုတ် ... ဟို ... ကော် ... ကော်ဖီ"

လှည့်ထွက်သွားရင်း ညနေ ဖေယျတုကိုမျက်စောင်းထိုးသည်။ မသောက်ပါဘူးဆိုသောကော်ဖီကို အလိုက်ကန်းဆိုးမသိ ထပ်တိုက်နေသေးသည်။ ကျော်ထူးဆိုသောကျားရှေ့မှာမှ မှောက်လျက်လဲတတ်ပါပေ့ကွယ်။

**"ဟော့ကောင် ... မသောက်ချင်တဲ့သူကို ဖွတ်တိုက်မနေနဲ့၊ ယူခဲ့ ... ငါသောက်မယ်။ ဒီမှာခံတွင်းချဉ်နေလို့"**

ကျော်ထူးပြောတာတွေ နားထဲရောက်မှာမဟုတ်။ ညနေကိုသာ မျက်စိတစ်ဆုံး လိုက်ငေးနေလေတော့သည်။ ပါးစပ်ထဲမှာ ယင်ကောင်မိသားစုအစည်းအဝေးထိုင်ချိန် အေးအေးဆေးဆေးရသွားနိုင်လေသည်။

❑❑❑

''ဟွန်း! ရည်းစားဆီကပြန်စာရတာ ကျနေတာပဲ။ ဖြစ်နေလိုက်တာ . . . ပြစမ်း''

နေဝင်းက ဇေယျတုကိုကြည့်မရတော့။ ဇေယျတုက ညနေပေးထားသောစာရွက်ကလေးကို သူ့နိုးရှေ့ရ တပြပြလုပ်နေတော့သည်။ နေဝင်းဆွဲလုသော်လည်း မမိလိုက်၊ ဇေယျတု လှည့်ရှန်းလိုက်သည်ကို။

''နာ . . . နာမည်က ဘယ်သူ . . . ဟော့ကောင်''

''ညနေတဲ့ . . . နာမည်က မိုက်တယ်နော်''

''နာ . . . နာမည်တော့ ဟုတ် . . . ဟုတ်ရဲ့လားကွ။ ည . . . ညနေပိုင်းဆက် . . . ဆက်လို့ရတယ် . . . ပြော . . . ပြောတာနေမှာပါ''

ယုနိုင်၏အထင်အမြင်ကို ဇေယျတုဖုသွားသည်။ ယုနိုင်ခေါင်းကို တစ်ချက်ခေါက်လိုက်၏။

"မင့်ဘိုးအေ . . . ငါမေးပြီးပြီ။ အဲဒါ သူ့နာမည်တဲ့"

"မဟုတ်သေးဘူး။ ဒါ လူနာမည်မဖြစ်နိုင်ဘူး"

"ဟာ့ . . . ဒါ လူနာမည်မဟုတ်လို့ ခွေးနာမည်လား"

"ငါပြောတာ အဲဒီသဘောမဟုတ်ဘူး။ သူ . . . ကဗျာတွေ စာတွေများရေးလား။ ဒီနာမည်မျိုးက ကလောင်နာမည် ဖြစ်နိုင်တယ်"

"ဟော့ကောင်တွေ . . . တော်တော့။ မင်းတို့ပြောနေတာတွေ တစ်ခုမှအကောင်းမပါဘူး။ ဘာလဲ . . . သူများသားသမီးကောင်းစားတာ မနာလိုနေကြတာလား . . . ဟင်"

နငယ်ချင်းအတူတူ အမြီးပိုရှည်ပြတာကိုတော့မခံချင်။ ယုနိုင်က လက်ဖက်ရည်ခွက်ကို ကောက်မော့လိုက်၏။ နေဝင်းက မျက်နှာတစ်ချက် မဲ့ကာ စီးကရက်တစ်လိပ်ကိုနှိုက်ယူလိုက်ပြီး မီးညှိနေလိုက်သည်။

"သူက ငါ့ကိုပြောတယ်ကွ။ ကတိဆိုတာ တည်နိုင်မှပေးရတယ် . . . တဲ့။ ပြီးတော့ ဘာတဲ့ကွာ . . . ပါးစပ်များက လွယ်လွယ်လေး မထွက်နဲ့တဲ့ . . ."

ယုနိုင်က စားပွဲထိုးကလေးကို လက်ခုပ်တီးခေါ်လိုက်သည်။ နေဝင်းကလည်း ရေနွေးကြမ်းခွက်ကောက်မော့ပြီး ပလုပ်ကျင်းနေသည်။

"ငါက လူမှုရေးအရ ကော်ဖီတိုက်တော့ သူကဘာပြောတယ် မှတ်လဲ . . . ငါးမရတာနဲ့ ရေချိုးပြန်မယ့်လူ မဟုတ်ဘူးတဲ့။ မင်းတို့စဉ်းစားကြည့်ကွာ"

နေဝင်းက စကားမဆုံးခင်မှာပင် ယုနိုင်ကိုလှမ်းမေးသည်။

"မင်းမေးလား"

ယုနိုင်ခေါင်းယမ်းဖြေသည်။ ပြီးတော့ နေဝင်းကိုပြန်မေးသည်။

"မင်းရောမေးလား"

"ထွီ!"

နေဝင်းဖြေပုံကခေါင်းကိုမယမ်း မလိုအပ်ဘဲလှမ်းထွီလိုက်သည်၊ တံတွေးတော့မပါ။ ဖေယျတုလည်းမနေသာတော့။

"မင်းတို့ဘာဖြစ်နေတာလဲ။ ငါ စကားအကောင်းပြောနေတာ"

"ဟော့ကောင် ... ယုနိုင်၊ မနေ့ညက မန်ယူနဲ့ဘော်လ်တန်
ဘယ်လောက်နဲ့ပြီးသွားတာလဲ"

"ဘော်လ်တန်က တူး ... ဖီးနဲ့ကစ်သွားတာ"

"ဟမ်"

"မင်းတို့မန်ယူ နားရွက်တောင်မလှုပ်နိုင်ဘူး"

"ဟော့ကောင်တွေ!"

နေဝင်းနှင့်ယုနိုင်တို့စကားကို ဇေယျတုအော်ကြီးဟစ်ကျယ် ဝင်
ဖြတ်လိုက်၏။ ဇေယျတုကလှမ်းခေါ်တယ်မှတ်ပြီး ဆိုင်ထဲကလူများလှည့်
ကြည့်ကြသည်။ စစ်တုရင်ထိုးနေသော ကျော်မြင့်အေးနှင့်ကျော်နိုင်အေး
တို့ မြင်းခုန်ခုန်တော့မလိုဖြစ်သွားသည်။ ကားဆေးသုတ်ဖို့အရောင်ရွေး
နေသော ဉာဏ်ဝင်းမြင့်နှင့်ကျော်ဝင်းတို့လည်း အငြင်းရပ်သွားသည်။
ပြီးပေါက်နှင့်ခရီးရောက်နေကြသော ချစ်ငွေနှင့်မောင်ဦးသည်ပင်လျှင်
ခန့်ဖျန့်ပြီး စာရွက်တွေကိုခေါက်သိမ်းလိုက်ကြပြီ။

"မင်းတို့ကွာ ... ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်သူငယ်ချင်းဆို
ပြီ့ မင်းတို့နှစ်ယောက်ပဲရှိတာ။ ဒါ ဘာအချိုးချိုးတာလဲ"

"ဟ ... မင်းပဲ သူများသားသမီးကောင်းစားနေတာ မနာလို
နေကြတာလားဆို။ မနာလိုရအောင် ... ငါ့ရည်းစားမှမဟုတ်တာ။ ငါ
ကြိုက်နေတဲ့ကောင်မလေးလည်းမဟုတ်ဘူး"

"အေး ... အေးလေ ... မင်း ... မင်း ... မင်းကမှ မပွင့်
သင်းတာ၊ ငါ ... ငါတို့ကလည်း ... မြူ ... မြူနေတာပေါ့"

နေဝင်းနှင့်ယုနိုင်တို့က အထာမယူနဲ့ ရှာသူဟာရှာသူပဲဆိုသော
ပုံဖြင့် ဘုကြည့်ကြည့်နေကြသည်။ ဇေယျတု ကီးချိန်းလိုက်ရသည်။

"ဆောရီးကွာ ... ငါပနာယူတာ နည်းနည်းများသွားတယ်။
အမှန်တော့ ငါ့ဝယ်လက်ကလေးပါ။ သူက သူလိုချင်တဲ့စီးကရက်ဘူးခွံ
တွေရရင် ဖုန်းဆက်ပါဆိုပြီး ဖုန်းနံပါတ်ပေးသွားတာ"

"မင်း ... ဆရာကိုအာမခံနဲ့။ အာခေါင်လုံ့ရှူးမယ် ... ဘာ
ပတ်လဲ"

"ဟုတ် . . . ဟုတ်တယ် . . . မင်း . . . မင်း . . . နတ်နေကိုင်းကိုသေးပန်းရင် . . . မိုး . . . မိုးကြိုးပစ် . . . ပစ်ခံရမယ်"

ဇေယျတုပျော်သွားသည်။ နေဝင်းလက်မောင်းကို လက်သီးဖြင့်အသာထိုးလိုက်ပြီး ယုနိုင်ကိုတော့ နားရင်းအုပ်လိုက်သည်။

"အေးကွာ . . . သူလိုချင်တဲ့ စီးကရက်ဘူးခွံက ဒီဘက်ခေတ်မှာ နည်းနည်းရှားသွားပြီကွနော် . . ."

ဇေယျတု လက်နက်ချကာ လက်ယပ်ခေါ်လိုက်ရသည်။

"မဟုတ်သေးဘူးကွ . . . ရှားတော့မရှားဘူး။ မင်းမရှာနိုင်သေးတာ။ ဒီလိုလုပ် . . . ငါတို့အရပ်ထဲက ဈေးအဘိုးကြီးတွေကို မေးကြည့်မယ်။ သူတို့ဆီက သဲလွန်စတော့ရမှာပဲ"

"ဖြစ် . . . ဖြစ်ပါ့မလား . . . နေ . . . နေကြီးရာ။ ဈေး . . . ဈေးအဘိုးကြီးတွေက . . . ပစ် . . . ပစ္စည်းအဟောင်းတွေကို လွှင့် . . . မပစ်ဘူး။ ပေး . . . ပေးမပစ်ဘူး။ အေး . . . ရောင်းလည်းမရောင်းဘူးနော်။ အဟောင်းကိုဖက်တွယ်ထားတဲ့ ကွန်ဆာဗေးတစ်ကြီးတွေ . . ."

"ဘာပဲဖြစ်ဖြစ်ကွာ . . . မေးတော့ကြည့်ရမှာပဲ"

"ငါ့ . . . ငါ့အဘိုးဆို . . . ကြည့်။ သူ့ဆီးအိုးကြီးကို လွှင့်လည်းမပစ်ဘူး . . . ပေးလည်းမပစ်ဘူး . . . ရောင်းလည်းမစားဘူး။ ပိုဆိုးတာက ဂျာ . . . ဂျာမနီမိတ်ဆိုပြီး လူလာရင် ထုတ် . . . ထုတ် . . . ကြွားတာကွ . . ."

"လုပ်စမ်းပါဦး . . . ဘယ်မှာရှာကြမလဲ စဉ်းစားစမ်းပါဦး"

ဇေယျတုကြောင့် နေဝင်းမေးဖျားပွတ်ပြီး ယုနိုင်ခေါင်းကုတ်ပြီ။

"အေး . . . တစ်ဆင့်စကား တစ်ဆင့်နားကွာ။ ဈေးမှုလလက်ဟောင်းကြီးတွေကို လိုက်မေးမယ်။ လမ်းဆုံးရင် ရွာတွေ့မှာပါ"

"မင်း . . . မင်းကိစ္စက ငါတို့ကိစ္စပဲ။ မင်း . . . မင်းကောင်မလေးလည်း ငါ . . . ငါတို့ကောင်မလေးပဲဥစ္စာ၊ လုပ်ပေးရမှာပေါ့ . . . မပူနဲ့"

နေဝင်းစကားကြောင့် အားတက်သွားသလို ယုနိုင်စကားကြောင့်

ျက်နှာပျက်သွားသည်။ လက်ကနာရီကိုကြည့်ကာ ...

"ဟာ ... ငါသွားတော့မယ်၊ မနက်စောစော ဆိုင်ဖွင့်ရဦးမှာ"

"ဟော့ကောင် ... လုပ်မနေနဲ့၊ ထိုင်ဦး"

"ဟုတ်... ဟုတ်သား။ ခု ... ခုမှ ... ကြီး ... ကြီးကျယ် မနေနဲ့"

"မဟုတ်ဘူးကွ ... မနက်တကယ်စောစောသွားရမှာ။ ရော့ ... ငါးရာထားခဲ့မယ်"

"ဟော့ကောင် ... မရဘူး။ ဒီဝိုင်းမင်းရှင်း။ မင်းကိစ္စတွေချည်း ပဲ စားပွဲပေါ်တင်ထားတာ ..."

နေဝင်းက သက်သက်မဲ့ရစ်သည်။ ယုနိုင်ကပါ မီးလောင်ရာ လေပင့်။

"ဟုတ် ... ဟုတ်တယ်။ ဝိုင်း ... ဝိုင်းစဝိုင်းဆုံး မင်းပြဿနာ တွေချည်းပဲ။ ငါ ... ငါတောင် ငါ့ကောင်မလေးအကြောင်း ... မပြော လိုက်ရဘူး"

ဇေယျတုခေါင်းပေါ်က အင်တင်နာများကို ထိုးဖွလိုက်သည်။

"ကဲ ... ကဲ ... ကောင်လေး ... ငါတို့ဝိုင်း ဘယ်လောက် ကျလဲဟေ့!"

❑❑❑

*တန်ဘိုးအနဂ္ဃရတနာ ... နိုတုံရွှေကိုသာ ...*
*နဝရတ်ကျောက်မြတ်ပုလဲနဲ့ စီချယ်သွန်းသည့်ခါ ...*
*မင်္ဂလာခညောင်း ... အပေါင်းကျက်သရေပြည့်စုံစွာ ...*
*မောင်နဲ့မေ ... နောင်ကွဲ့အခြေမှာ ...*
*နေနဲ့လ ... ရွှေနဲ့မြပုံပမာ ...*

ဆီဒိုးနားဟိုတယ်၏ မင်္ဂလာညစ်ခံပွဲကျင်းပရာခန်းမထဲတွင် မင်္ဂလာခညောင်း၍ ကျက်သရေအပေါင်းနှင့် ပြည့်စုံနေပေသည်။ မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများမှာလည်း အပျော်အပြုံးတို့ကို ရင်ဘတ်မှာတံဆိပ်လိုချိတ်လို့။ မင်္ဂလာသတို့သားသတို့သမီးတို့နေရာယူရမည့် စင်မြင့်၏နောက်ဘက်နံရံမှာတော့ ...

**မောင်ဇေယျာ** B.Sc (Zoology)

**နှင့်**

**မညနေ** B .A (English)

**တို့၏**

**မင်္ဂလာညည့်ခံပွဲ**

ဟူသောစာလုံးကြီးများက ခံ့ညားထည်ဝါစွာဖြင့် "ပန်းရာဇဝင်" ...နိမာမှုတေးဂီတအဖွဲ့ကလည်း ကြေး၊ကြိုး၊သား၊ရေ၊လေ၊လက်ခုပ်တို့ ...င့် အနုသုခုမတို့ကို ဖန်ဆင်းဖော်ကျူးနေလေသည်။ အဆိုတော် ...သွားဟန်နှင့်ပန်းအိဖြူတို့ကလည်း ရွှေကျမ်းသစွာဖြင့် မသွေတမ်းချစ် ...က အနှစ်တစ်ရာမက ချစ်ကမ္ဘာမျှနေကြပြီ။

ဇေယျာက ဘေးနားမှာချထားသော ရွှေစီးကရက်ဘူးခွံလေး ...ကောက်ဖွင့်လိုက်ရာ စိန်ပွင့်များတဖျပ်ဖျပ်ပြိုးပြိုးပြက်ပြက်တောက် ...က်နေသော လက်ထပ်လက်စွပ်ကလေးနှစ်ကွင်းကို တွေ့လိုက်ရသည်။ ...က်စွပ်ကလေးကို ညနေ၏ဖြူနုသွယ်လျသော လက်ချောင်းကလေး ...းထဲမှ လက်သူကြွယ်ကလေးကို စွပ်ပေးလိုက်၏။ ကျန်တစ်ကွင်းကို ...ာ့ ညနေက ဇေယျာ၏လက်သူကြွယ်ကိုပဲ ကောက်စွပ်ပေးလိုက်ရာ ...ဂ်လာပွဲလာ ပတ်သက်ရာပတ်သက်ကြောင်း အပေါင်းမိတ်သဟာ ...တကာဆွေမျိုးတို့က တစ်ခဲနက်ညြဘာလက်ခုပ်များ ချီးမြှင့်ပေးကြ ...လေသည်။ မကြာခင်မှာပင် အဆိုတော်ဟေမာနေဝင်းက ...

အခါတော်ပေး ... တာက ... နတ်ရေးငယ် ... ရွှေစာ ... ...သာနာရောင်လင်း ကောင်းခြင်းတည့်ခုချိန်ခါရယ်လို့ မင်္ဂလာအခါ ...တ်ပေးလိုက်သောအခါဝယ် ကျွန်ုပ်တို့၏ဇာတ်လိုက်ကျော်ကြီး ကိုရွှေ ...ဇေယျာက မင်္ဂလာသတို့သမီးလေးညနေ၏ လက်ကိုချိတ်လျက် အပြုံး ...သောဖြင့် မင်္ဂလာခန်းမထဲသို့ စစ်ပွဲကိုအောင်နိုင်စွာသိမ်းပိုက်နိုင်ခဲ့ ...သောစစ်သူကြီးတစ်ယောက်ပမာ ဟန်ပါပါဝင်လာပါတော့သည်။ နေဝင်း ...ယုနိုင်တို့က မင်္ဂလာသတို့သားအရံ၊ အေးအေးဆွေနှင့်တင်တင်နွယ် ...တို့ကလည်း မင်္ဂလာသတို့သမီးအရံများအဖြစ် နောက်တော်ပါးက

တစ်ဖဝါးမကွာ လိုက်ပါလာကြသည်။ မင်္ဂလာစင်မြင့်ပေါ်နေရာယူပြီးသောအခါ စုလျားရစ်ပတ်လက်ထပ်ပေးဖို့ ဘိသိက်ဆရာကြီး ဦးတိမ်ညွန့်ရောက်လာပြီး နှစ်ပြားဂဟောဆက် ပေါင်းဖက်ပေးလိုက်၏။ ဇေယျတုကတွင်းပိုင်ကြီးအပြုံးမျိုးဖြင့် ဇနီးကြင်ယာလောင်းကလေး ညနေကိုငဲ့ကြည့်လိုက်ရာ ညနေကလည်း အိမ်ဦးနတ်လောင်းကြီးဇေယျတုကို ရှက်စနိုးဖြင့် ခိုးကြည့်လိုက်သည်။

ထို့နောက် ဘိသိက်ဆရာကြီး ဦးတိမ်ညွန့်က အောင်အတိတ်အောင်နိမိတ်ဖြင့် အောင်ပါစေကြောင်း ခရုသင်းကြီးကို ကြွားဝင့်စွာမှုတ်ထည့်လိုက်ပါလေတော့သည်။

"ဗွီ"

"အား! ... ဇေယျတုသဗ္ဗမင်္ဂလာ"

တကယ်တော့ ခရုသင်းကြီးကို ကြွားဝင့်စွာမှုတ်ထည့်လိုက်သူမှာ ဘိသိက်ဆရာကြီး ဦးတိမ်ညွန့်မဟုတ်ဘဲ ကေလာသဆရာကြီးကျော်ထူးဖြစ်နေပါသည်။ ပက်လက်ကုလားထိုင်ပေါ်မှာ အယူတော်မင်္ဂလာဖြင့် မင်္ဂလာယူနေသောဇေယျတုခမျာ အပြင်ပယောဂအနှောင့်အယှက်ကြောင့် လှလှပပကြီး ပျက်ရရှာလေပြီ။

"ဟာဗျာ ... ကိုကျော်ထူးကလည်း ... ဒီမှာ အိပ်မက်ကောင်းခန်းရောက်နေပြီဗျ။ ခင်ဗျား တကယ့်သာသနာဖျက်ပဲ"

ခရုသင်းကြီးကို ဇေယျတုနားနားကပ်မှုတ်လိုက်သောကြောင့် လန့်နိုးလာသောဇေယျတုကိုကြည့်ရင်း တထိန်းထိန်းရယ်နေသူကျော်ထူးကို ဒေါကန်သွားသည်။

"ဟား ... ဟား ... ဟား ... ဟား ... ကောင်းခန်းရောက်ရအောင် အိပ်မက်ထဲမှာ ဟိုကောင်မလေးနဲ့တွေ့နေလို့လား"

"တွေ့ရုံဘယ်ကမလဲ ... မင်္ဂလာတောင်ဆောင်နေပြီ"

"ဗုဒ္ဓေါ! ... မင်္ဂလာတောင်ဆောင်နေပြီတဲ့ ... ဟား ... ဟား ... ဟား ... ဟား ... တကယ် ..."

"ဟုတ်တယ် ... ဆောင်တာမှ ဆီဒိုးနားမှာ"

ကျော်ထူး တထိန်းထိန်းရယ်နေရာမှ ကီးမြှင့်ပြီး ခွက်ထိုးခွက်လှန်ပင်ရယ်နေတော့သည်။

''မင်းမနက်က ဘာစားလာလဲ ...''

''ပဲပြုတ်နဲ့အီကြာကွေး''

''သေချာပြီ။ မင်းအီကြာကွေးနဲ့မတည့်ဘူး။ မင်းသွေးလေချောက်ချားတာဖြစ်မယ်''

ဇေယျတု စိတ်ဆိုးသွားပြီး ကျော်ထူးလက်ထဲက ခရုသင်းကြီးကို ဆွဲလုလိုက်သည်။

''ခင်ဗျား ... ဒါကြီးကို အရမ်းမမှုတ်ပါနဲ့ဗျ။ ဒီထဲမှာ ခရုသင်းစောင့်နတ်သမီးရှိတယ်''

''ဟေ့ကောင် ... မင်းပဲပြုတ်တွေသိပ်မစားနဲ့။ ပဲပြုတ်က လေပွတတ်တယ်။ ဘဝင်လေဟပ်ရင် ရူးတတ်တယ်နော်''

''ဘာလို့ရူးရမှာလဲ။ ဒီခရုသင်းကြီးက ကျွန်တော်နဲ့ပဋ္ဌာန်းဆက်ပါတယ်ဗျ။ ဒါကြောင့်မို့ ကျွန်တော့်ဆီဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတာပေါ့။ ပြီးတော့ ... ခရုသင်းကြီးကိုမှုတ်လိုက်တိုင်း ဟိုကောင်မလေးရောက်ရောက်လာတာ ခင်ဗျားတွေ့တဲ့အတိုင်းပဲ''

ကျော်ထူးက ခေါင်းကိုယမ်းလျက် ဆေးပေါ့လိပ်တိုကို မီးညှိဖို့ကြိုးစားနေသည်။ ဇေယျတုကတော့ ခရုသင်းကြီးကို တယုတယမွေ့ထားဆဲ ...။

''ဒါကတော့ တိုက်ဆိုင်တာပါကွာ။ မင်းမှုတ်တိုင်း သူရောက်လာမယ်လို့ မင်းအာမခံနိုင်လား ... ကဲ''

''လော်င်းမလား''

''လောင်းတယ် ... ဟေ့ကောင်။ မင်းညကြီးသန်ခေါင် ထမှုတ်ကြည့်ပါလား ... သူရောက်လာမလား။ ဟား ... ဟား ... ဟား ... လာမလားကွာ''

ဒီလိုဆိုတော့လည်း ဇေယျတုနည်းနည်းတွေသွားသည်။ သို့သော် ...

"အခု မှတ်ကြည့်မယ်ဗျာ။ ရောက်လာမလား၊ မလာဘူးလား လောင်းမယ်"

"လောင်းမယ် ... ဘာကြေးလောင်းမလဲ"

"ခင်ဗျား ဘာကြေးလောင်းချင်လဲ"

"လက်ဖက်ရည်တစ်ခွက်ကြေး"

"ဟား ... အောက်လိုက်တာဗျာ။ ကျွန်တော့်ကောင်မလေး လာခြင်း၊ မလာခြင်းကိစ္စက မြင့်တယ်ဗျ။ နှစ်ရာတန်လက်ဖက်ရည်လေး တစ်ခွက်ကတော့ နိမ့်လွန်းတယ်ဗျာ ... မလောင်းဘူး"

"အေး ... မင်းမှတ်လို့ ငါရောက်လာပါပြီတဲ့။ ငါ့ကုန်မှာ ငွေနှစ်ရာတည်းနော်။ တော်ကြာ ... မင်းရှာလို့မရသေးတဲ့ စီးကရက်ဘူးကို ပြဿနာရှာဦးမယ်။ ကဲ ... မင်းဘယ်လိုရှင်းမလဲ"

ဇေယျာတု ညှိုးကျသွားလေသည်၊ မျက်နှာပြောပါတယ်။ ကျော်ထူးကတော့ နိုင်ကွက်ကိုနင်းလိုက်ရပြီမို့ ကျေနပ်သွားပြီး ချထားသော ဆေးပေါ့လိပ်တိုကိုကောက်ယူရင်း မီးညှိလိုက်သည်။

"ကိုကျော်ထူး ကျွန်တော့်ကို ကူညီဦးလေဗျာ"

ကျော်ထူးက ဘာကူညီရမှာလဲ ပြောလေဆိုသောပုံစံဖြင့် မေးငေါ့လိုက်၏။ ပြီးတော့ ဆေးပေါ့လိပ်ကို မီးခိုးငွေ့မှိုးတိမ်များဖြစ်သွားစေသည်။

"စီးကရက်ဘူးခွဲလေဗျာ။ ကျွန်တော် ဘယ်သွားရှာရမလဲ ... လုပ်ဦး"

မိုးတိမ်များကြားမှ ကျော်ထူးမျက်နှာကြီးကို အားကိုးတကြီး ကြည့်ပြီး ဇေယျာတုအားငယ်လာသည်။ သူလိုချင်တာ ရှာပေးနိုင်ရင် သူ ပျော်သွားမယ်။ သူပျော်တာလေးကိုကြည့်ပြီး ကျေနပ်ပျော်ရွှင်မိသည်။

"အေး ... ငါနဲ့သိတဲ့အဘိုးကြီးတစ်ယောက်တော့ရှိတယ်။ သူငယ်ငယ်က စီးကရက်တော်တော်သောက်တယ်လို့တော့ကြားဖူးတယ်။ သူ့ဆီသွားပြီးစုံစမ်းကြည့်ရင် တစ်ခုမဟုတ်တစ်ခုသိရမှာပဲ"

နေမူကျဲကျဲထဲ ဝက်တစ်ကောင် ရွှံ့ဗွက်ကျယ်ကျယ်တွေ့လိုက်

ရသလို ဧယျတုပျော်သွားသည်။ ကျော်ထူးပခုံးကိုတောင် ဆွဲဖက်လိုက်သေးသည်။

"အားကိုးပါတယ် ကိုကျော်ထူးရယ် ... ကျေးဇူးမမေ့ပါဘူး။ သူကလေးနဲ့သာ ညားသွားလို့ကတော့ ကိုကျော်ထူးကို အိမ်ဦးခန်းမှာ ဘားပြီးကိုးကွယ်ထားမှာ"

"သွားစမ်းပါကွာ ... အပိုတွေ ... ဘယ်ကမှန်းမသိ ... ဘယ်သူမှန်းမသိတဲ့သူကိုများ စိတ်ကူးတွေယဉ်ပြီး ထိပ်ဖူးတွေဆင်နေလိုက်တာ ..."

သို့ကြောင့်လည်း ဧယျတုအပျော်တို့ နေထိသောရေခဲတောင်လို ပြိုဆင်းသွားလေသည်။ အိုဇုန်းလွှာတစ်နေ့တခြားပါးလာသော ကမ္ဘာမြေကြီးမှာ အပူချိန်တွေမြင့်တက်လာပြီကို။ ခရမ်းလွန်ရောင်ခြည်တွေက လူကိုအရေပြားကင်ဆာဖြစ်စေသတဲ့။ သစ်တောမပြုန်းတီးပါစေနဲ့။ သစ်ပင်တွေကို အရမ်းအရမ်းမခုတ်ကြပါနဲ့။ မနုတ်ကြပါနဲ့။ သစ်ပင်လေးတွေကိုချစ်ကြပါ။ ဟုတ်ပြီ ... သစ်ပင်စိုက်မယ်။ ဧယျတုအကြံရသွားပြီ။ သစ်ပင်လေးတစ်ပင်စိုက်ကြည့်ဦးမယ်။

"ဟား ... ခုမှသတိရတယ် ... သူ့ ... သူ့ဆီဖုန်းဆက်မယ်"

ရုတ်တရက်အကြံရသွားပြီး ပေါင်ကိုဖြန်းခနဲပုတ်လိုက်တော့ ကျော်ထူးလည်း ရုတ်တရက်လန့်သွားသည်။ ဧယျတုအကျီအိတ်ထဲက ညနေပေးသွားသော စာရွက်ကလေးကို နှိုက်ယူလိုက်သည်။

"ဖုန်းဆက်ပြီး ဘာတွေပြောမှာလဲ မင်းက ..."

"ဟာ ... သစ်ပင်စိုက်ဖို့ ပြောမယ်လေ"

"ဘာ!"

"ဪ ... ဒီလိုလေ။ ကျွန်တော့်နှလုံးသားကမ္ဘာမြေကြီးပေါ် အမုန်းဆိုတဲ့ခရမ်းလွန်ရောင်ခြည်တွေမသင့်အောင် မေတ္တာအိုဇုန်းလွှာ မပါးဖို့အရေးကြီးတယ်လေ။ အဲဒီအတွက် အချစ်သစ်ပင်လေးစိုက်ပေးဖို့"

ဧယျတုပြုံးသည်။ သူ့ပြုံးတာကြီးကကြည့်မကောင်း။ မျက်နှာ

ကြီးက မြေပဲယို ပက်လက်လှန်ထားသလိုမျိုးကြီး။

"ပေါပို . . . ပေါရင်လည်း ထမင်းလွတ်ဟင်းလွတ်ပေါ့။ ဒါမှမင်းတို့အိမ် ဆန်ကုန်သက်သာမှာ"

ကျော်ထူး မြေပဲယိုပက်လက်ကြီးကိုကြည့်ပြီး အန်ချင်သွားသည်။

"ဟာဗျာ . . . ကိုကျော်ထူးကလည်း ဒါပေါတာမဟုတ်ဘူးဗျ။ ချစ်တာ . . . ချစ်တာ"

"ဟော့ကောင် . . . မင်းဖွတ်ကြီးလျှောက်ပြောမနေနဲ့ဦး။ တော်ကြာ မိတ်ပျက်ကုန်ဦးမယ်"

ကျော်ထူးစကားကိုနားမဝင်၊ ကုက္ကိုပင်ကြီးဘေးနားက လမ်းဘေးအများသုံးတယ်လီဖုန်းခုံလေးဆီပြေးသွားတော့သည်။ တယ်လီဖုန်းခလုတ်ခြောက်ခုကိုနှိပ်လိုက်ပြီး . . .

"ဟယ်လို . . . ဟယ်လို"

တယ်လီဖုန်းက တစ်ဖက်သို့ဝင်သွားသောအခါ ဖေယျတုတို့ ကျော်ထူးဆီလက်မ,ထောင်ပြလိုက်သည်။

"ဟလို . . . အမိန့်ရှိပါရှင်"

တစ်ဖက်ကအသံရှင်မှာ မိန်းမသံဖြစ်သော်လည်း အသက်ခပ်ကြီးကြီးထဲက ဖြစ်ပုံရသည်။ ဖေယျတုနည်းနည်းတော့ လန့်သွား၏။

"ဟလို . . . ည . . . ညနေလားခင်ဗျာ"

"ဩော် . . . မဟုတ်ပါဘူးကွယ် . . . သူ့အမေပါ"

ဖေယျတု ခြေဖျားလက်ဖျားတွေ အေးကုန်သည်။ သူ့အမေတဲ့။

"ဟုတ် . . . ဟုတ်ကဲ့အန်တီ။ သူ . . . သူမရှိဘူးလားခင်ဗျာ"

"ဩော် . . . သမီးကျောင်းသွားတယ်လေ"

"ဟုတ် . . . ဟုတ်"

"ဘာကိစ္စများပါလိမ့် . . . မှာစရာရှိတာမှာခဲ့လေ"

"ဟုတ် . . . ဖေ . . . ဖေယျတုဆက်တယ်လို့ ပြောပေးပါ"

"အေး . . . အေး"

"ဒါပဲနော် အန်တီ . . . တာ့တာ"

ဇေယျတုတို့ ယနေ့အဖို့ နောက်တစ်ကြိမ်ညှိုးရပြန်ပါလေပြီ။ ်စ်မြေပြင်မှာ လက်နက်ချအညံ့ခံလိုက်ရသော သုံ့ပန်းတစ်ယောက်ပမာ ခြေပစ်လက်ပစ်လျှောက်လာခဲ့ရသည်။ ကျော်ထူးကိုတွေ့တော့ စကား တောင်မပြောချင် လက်မ,ကိုသာ အောက်စိုက်ပြလိုက်ရ၏။

❑ ❑ ❑

ခြံထဲသို့ ကားကလေးကွေ့ဝင်လာပြီး ဆင်ဝင်အောက်မှာထိုးရပ်လိုက်၏။ ညနေ လွယ်အိတ်ကလေးကိုဆွဲယူပြီး အိမ်ထဲဝင်လာစဉ်မှာပင် ဒေါ်ဥွမ်းက ခရီးရောက်မဆိုက်လှမ်းပြောသည်။

"သမီး ... နေ့လယ်က လူတစ်ယောက်ဖုန်းဆက်တယ်"

ညနေဆက်မသွားသေးဘဲ ရပ်စဉ်းစားနေသည်။ ရုတ်တရက် ပျော်သွားသည်။ နောက်ရေခဲသေတ္တာဆီသွားပြီး ရေပုလင်းကိုထုတ်ယူ ရင်း ...။

✿ ရှေ့သမီးစာပေ ✿

"ဘယ်သူတဲ့လဲ မာမီ ..."

"အေး ... ပြောတော့ပြောတာပဲ။ နာမည်ကဘာတဲ့ ... ဘစ်မျိုးပါအေ ...။ သာဂုဆိုလား ... အောင်ခရုဆိုလား"

ဝိုင်းထိုင်ဖို့သာခေါင်းထဲရှိသူဒေါ်ဂွမ်းကတော့ သူ့သမီးဆီဖုန်းဆက်သူကိုပင် ရေရေရာရာမမှတ်မိ။ ညနေ ခေါင်းရှုပ်သွားသည်။

"သာဂု ... အောင်ခရု ... နာမည်တွေကလည်း လုံချည်ဘဲဆိပ်လိုလို၊ အမွေးတိုင်တံဆိပ်လိုလို"

"မသိဘူးအေ ... နာမည်ကတော့ အဲလိုနာမည်မျိုးပဲ"

"ဘာပြောသွားသေးလဲ ... ဘာတဲ့လဲ"

ညနေ ရေပုလင်းကိုခွက်ဖြင့်မသောက်တော့ဘဲ ပုလင်းလိုက်မော့ပစ်လိုက်၏။

"ဘာမှမပြောဘူး။ သူဆက်တယ်ဆိုသိပါတယ်တဲ့"

"မာမီ ... သူ ... သူများလားဟင်"

"အာ ... မဟုတ်ဘူး ... မဟုတ်ဘူး။ သူဆို မာမီပြောမှာပေါ့"

ညနေမျက်နှာလေးချက်ချင်း လငပုပ်ဖမ်းသွားသည်။ ချုပ်ညရီညနေအိုထက်ပိုအိုသွားသလိုထင်ရသည်။ မိုးကညို့လာပြီဆို ရှာဖို့နီးလာပြီ ...။ သို့သော် ချက်ချင်းကီးချိန်းသွားလေသည်။

"မာမီတို့က ရှုပ်ရှုပ်ရှက်ရှက်။ ဘယ်ကဖုန်းမှန်းမသိ၊ ဘယ်သူမှန်းလဲ မသိဘဲနဲ့ ... နောင်သမီးဆီဖုန်းဆက်ရင် အရမ်းလျှောက်မပြောနဲ့"

"ဟဲ့ ... ငါကပဲ လော်မာပြီးလျှောက်ဆက်နေတာလား ... ညည်းနဲ့ပတ်သက်တဲ့လူမို့ ညည်းဆီဆက်တာပေါ့"

"နောင် သူမဟုတ်ရင် ဘယ်သူမှမဆက်စေနဲ့။ သမီးမကြိုက်ဘူး"

"အလိုတော် ... ငါကပဲ ကျွန်မသမီးဆီကိုဖုန်းဆက်ကြပါ၊ ဖုန်းပြောကြပါလို့ ဈေးသည်လို တကြော်ကြော်ခေါ်နေတာကျလို့ ...

ညည်းဖုန်းနံပါတ်ပေးလို့ ဆက်တာပေါ့။ ဟွန်း! ...ဒါကပဲ ရှုပ်ရှုပ်ရှက်ရှက် ဖုန်းဖိတ်ထားတဲ့အတိုင်း"

ညနေရေပုလင်းကို ထမင်းစားပွဲပေါ်ဆောင့်ချခဲ့ပြီး အပေါ်ထပ်သို့ ဆောင့်ကြီးအောင့်ကြီးတက်သွားသည်။ လှေကားကွေ့မှာ ချထားသော ဝက်ဝံရုပ်ကလေးကို စိရော်နယ်ဒိ ပင်နယ်တီဂိုးသွင်းသလို ဖနောင့်ကစ်ကစ်လိုက်ရာ အပြစ်မဲ့သူဝက်ဝံကလေးခမျာ လှေကားအတိုင်း အပြီးလိမ့်ကျရှာလေတော့သည်။

❑ ❑ ❑

"ဘယ်လိုလဲ ကိုသစ်ကြီး . . . မမှတ်တော့ဘူးလား"

ပက်လက်ကုလားထိုင်ပေါ်မှာ သစ်ရွက်ကလေးတွေ ကြွေသလို ကြွနေသောအသစ်ဘက်သို့ ရွှေ့ချင်သူကြီး ဇေယျာတုကို ကျော်ထူးလှမ်း ကြည့်ပြီးပြုံးနေသည်။ ဆံပင်ညှပ်ပြီးသွားသော လူကြီးတစ်ယောက်ခုံပေါ် သင်းဆင်းချင်း အပေါ်ထည်ခြုံလွှာကို တဖျန်းဖျန်းခါထုတ်ရင်း လှမ်းရိုက်သည်။ ဇေယျာတုဆီမှ စကားပြန်မလာ။ မျက်စိကိုမှိတ်ချင်ဘဲ မှိတ် လိုက်ပြီး တစ်ဖက်သို့ လှည့်သွားသည်။

''ယောက်ျားကြိုက်တော့ စိုက်စိုက်လာ . . . မိန်းမကြိုက်တော့ မျှော်လိုက်တာတဲ့။ အခုတော့ ယောက်ျားကြိုက်တော့ မျှော်လိုက်တာ ဖြစ်နေပြီ . . . ဟား . . . ဟား . . .။

လုပ်လေကွာ။ ခရုသင်းစောင့်နတ်သမီးလေးကိုခေါ်ပါဦး။ မင်း မှုတ်လိုက်ရင် ရောက်လာမှာပါကွ။ လုပ် . . . မင်းမမှုတ်ရင် ငါကောက် မှုတ်မှာနော်''

''ဟာ . . . မမှုတ်နဲ့။ ခင်ဗျားတော့ မမှုတ်နဲ့။ မှုတ်ချင်းမှုတ် ကျွန်တော်ပဲမှုတ်မယ်''

ကျော်ထူးမှုတ်မည်စိုး၍ ပျာပျာသလဲလှမ်းဆွဲရသည်။ ခရုသင်း စောင့်နတ်သမီးလေးက နှုတ်ခမ်းတွေကိုမှုတ်မိနေသည်။ ဖေချူတုမှလွဲ၍ မှုတ်လို့ရမည်မထင်။

''လုပ် . . . ဒီတစ်ခါလာရင် လိပ်စာတောင်းထားလိုက်။ ငါတို့ အခြေအနေလိုက်ကြည့်ရအောင်''

''ဟာ . . . ပေါ်တင်ကြီးတောင်းလို့ ဖြစ်မလားဗျ''

''တုံးလိုက်တဲ့ ငတုံးကွာ။ ဘယ်သူက ပေါ်တင်တောင်းမှာတုန်း။ စီးကရက်ဘူးခွံရှာလို့ရခဲ့ရင် ခဏခဏမလာပါနဲ့ခင်ဗျာ၊ အားနာလို့ဘယ် ကိုလာပို့ရမလဲ။ ဒါပဲပေါ့''

''ဟာ . . . တော်လိုက်တဲ့ ကိုကျော်ထူး''

ကျော်ထူးခမျာ အဲသလိုတော်ပြန်တော့လည်း မသက်သာရှာ၊ ကျောပြင်ဖျောတင်ထုခံရရှာလေသည်။

''မသာ . . . နာတယ်ဟ . . . အဆုတ်တွေကျွာကုန်ပါဦးမယ်။ ကဲ . . . လုပ် . . . လုပ် . . . မှုတ်''

ဖေချူတု ခရုသင်းကြီးကိုဖုန်သုတ်ပြီး ကုန်းမှုတ်လိုက်သည်။ ထုံးစံအတိုင်း . . .

''ဖွီ''

''နောက်တစ်ခါ . . နောက်တစ်ခါ . . . ဝမ်းစမိုး''

ဖေချူတုမှာ အညာသားလည်းမဟုတ်ပါဘဲ မြှောက်ပေးလျှင်

ကွေးနေအောင် က,လေတော့သည်။ နောက်တစ်ကြိမ် အားရှိပါးရှိကုန်း
ထုတ်ပစ်ပြန်သည်။ ထိုစဉ် ကားကလေးတစ်စီးဆိုင်ရှေ့ကားလမ်းဘေးသို့
ကျွီခနဲထိုးရပ်လာလေသည်။ ကျော်ထူးကဇေယျတုကို တံတောင်ဖြင့်
တွက်လိုက်ပြီး ...

''တွေ့လား ... လာပြီ ... လာပြီ ...''

သိုက်ဆရာက ကြိမ်စကြောနဲ့ရိုက်ခေါ်ရင် ဥစ္စာစောင့်တွေ မနေ
နိုင်ပါဘူးကွ။ လာကိုလာရတာ ... အဟဲ ... ဟဲ''

သို့သော် ကားကလေးပေါ်မှဆင်းလာသူမှာ အသက် ၆၀ ဝန်း
ကျင်ရှိ အသားဖြူဖြူ၊ အရပ်ပုပု၊ ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်
ဖြစ်နေသည်။

''ငါ့တူတို့က ဒီဆိုင်ကလားကွဲ့''

ဇေယျတုတို့ကို ယဉ်ကျေးသိမ်မွေ့စွာမေးသည်။ ကျော်ထူးက
င် ...

''ဟုတ်ပါတယ် အန်ကယ် ... လာရင်းကိစ္စက ...''

''သမီးလေးမှာထားတဲ့ပစ္စည်း ရပြီလားလို့ပါကွာ''

ဇေယျတု ရုတ်တရက်ကြောင်သွားပြီး ...

''ဘာ ... ဘာများပါလိမ့်''

''ဟို ... ရှေးတုန်းက စီးကရက်ဘူးခွံဟောင်းဆိုတာလေ''

''ဩော် ... ဟုတ်ကဲ့ .. ကျွန်တော်တို့ ... အဲဒါ ...''

''အေးကွယ် ... ရရင်လည်း ဦးကိုပေးလိုက်။ ဘယ်လောက်
ကျလဲဆိုတာသာ ...''

အဘိုးကြီးဝမ်းသာသွားသည်။ အင်္ကျီအိတ်ထဲမှ ပိုက်ဆံထုတ်
မည်ပြင်မှ ...

''ဟိုလေ ... ကျွန်တော်ရှာ ... ရှာနေတုန်းပါအန်ကယ်''

''ဟော ... ခုထိ မရသေးဘူးလားကွဲ့။ သမီးလေးကမှာလိုက်
ဘာကတော့ ဒီကနေ့လောက်ဆိုရနေလောက်ပြီတဲ့။ အဲဒါလမ်းကြုံရင်
ဝင်ယူခဲ့ပါဆိုလို့''

"ဟုတ် … ဟုတ်ပါတယ်။ ကျွန်တော်တို့လည်း ရေကုန်ရေခန်း မိုးအဆုံးမြေအဆုံးထိ မိုးမမြင်လေမမြင်ကို ရှာနေကြတာပါ … အဟဲ"

ကျော်ထူးဝင်ပြောသဖြင့် အဘိုးကြီးကမျက်မှောင်ကြုတ်ပြီး ကြည့်လိုက်သည်။

"အေးကွယ် … ဖြစ်နိုင်ရင် ရအောင်ရှာပေးကြပါကွယ်။ ဦးသမီး ကလေးလိုချင်နေတာကို ရစေချင်လို့ပါ။ သူ့ခမျာ …"

အဘိုးကြီး စကားမဆက်တော့ဘဲ လှည့်ပြန်မည်ပြင်လိုက်သည်။ ဇေယျာတုက …

"အန် … အန်ကယ် … ခဏ … ခဏနေပါဦး …

ကျွန် … ကျွန်တော်တို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ရှာပေး ပါ့မယ်။ လောလောဆယ် ဒီလိုလုပ်ပါ့လား။ အခုပေါ်နေတဲ့ လန်ဒန်တို့၊ ဗီးဂတ်စ်တို့လိုဘူးခွံတွေကို ဟောင်းသွားအောင်လုပ်။ ပြီးရင် ကွန်ပျူတာ နဲ့ ဟိုးတုန်းကတံဆိပ်တစ်ခုခုကို ဒီဇိုင်းလုပ်၊ ကာလာပရင်တာနဲ့ထုတ်၊ အဟောင်းဖြစ်အောင်လုပ်ပြီး ကပ်ပေးလိုက်ရင်ရတာပဲ။ ဘယ့်နှယ်လဲ ကျွန်တော်လုပ်ပေးရမလား"

အဘိုးကြီးဝမ်းသာသွားသည်။ သို့သော် ချက်ချင်းပင်ဝမ်းနည်း သွားသည်။

"ငါ့တူစိတ်ကူးကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် သမီး လေးလိုချင်နေတာကိုတော့ အတတ်နိုင်ဆုံး ရှာပေးချင်တယ်ကွယ်။

သမီးလေး အမြတ်တနိုး သိမ်းထားမယ့်ပစ္စည်းလေးကိုတော့ အတုလုပ်မပေးချင်ပါဘူး။ ရအောင်ကြိုးစားကြည့်ပါဦးမယ်"

"ကျွန်တော်မသိလို့ တစ်ခုမေးပါရစေ အန်ကယ် …

ဟိုလေ အန်ကယ့်သမီးက ရှေးစီးကရက်ဘူးခွံတွေကို ဘာလို့ ဒီလောက်အသည်းအသန် ရှာနေရတာလဲဆိုတာ …"

ဇေယျာတုအမေးကြောင့် အဘိုးကြီးမှိုင်းသွားရှာသည်။ ဇေယျာတု မျက်နှာကိုစိုက်ကြည့်ကာ ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ဒီလိုကွ"

ဧေယျတုနှင့်ကျော်ထူးတို့ အတွဲချောင်းတုန်းကလို ရင်ခုန်ဖွယ်ဇာတ်လမ်းကို ကြားရတော့မည်မို့ စိတ်ဝင်စားသွားသည်။ အဘိုးကြီးကစကားမဆက်သေးဘဲ သက်ပြင်းကိုတစ်ချက်ချလိုက်ပြီး ...

"မပြောပါရစေနဲ့ကွာ ... နော်"

လှည့်ထွက်သွားလေသောအခါ ဧေယျတုတို့ နှင်ကျန်ခဲ့လေတော့သည်။

❑❑❑

မောလိုက်တာကွယ် ...
တစ်နာရီလောက်၊ ဆင်းရဲပျောက်ရာ
ဘယ်မှာဖြစ်ဖြစ်၊ အချစ်မဲ့ကင်း
နာကျည်းခြင်းလည်း၊ မယဉ်းမမာ
ဒဏ်ရာမရ၊ မထိနိုးတမ်း
အိပ်စမ်းချင်လှ။
အိပ်ပြန်ပါလည်း
မောင်သာလွှမ်းမိုး၊ ဝမ်းနည်းညှိုးငယ်
စိုးရွံ့ပူပင်၊ ရိပ်ညှို့ထင်ခဲ့
အပြစ်မြင်မည်၊ ခွင့်လွှတ်မည်လား
စဉ်းစားနစ်ခွ၊ စိတ်မချသော
သောကနှိပ်စက်၊ ဂယက်မနှောက်
မခြောက်ခြားချင် ...

✿ ရွှေသမီးစာပေ ✿

အင်းလျားကန်ပြင်ကို ဖြတ်တိုက်လာသော လေနုအေးက တန့်နှဲ့နှဲ့နေဆဲ။ လှိုင်းကြပ်ခွပ်ကလေးများက ဖျတ်ဖျတ်လူးလူး ငွေငါးလေးများ ဖြူးနေသည်သို့ရှိသည်။ ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းပေးထားသောကြောင့် နေပြောက်ဆို၍ ကြက်တစ်ဝပ်စာမျှမရှိ စိမ့်အေးနေသည်။ ဤ၍ဤမျှ အေးစိမ့်ချမ်းမြေ့နေပါသော်လည်း ညနေ၏ရင်ဘတ်ထဲမှာတော့ ပုဂ္ဂလိက ရိဒေဝများဖြင့် လောင်ကျွမ်းလှပနေတော့သည်။

တစ်ချက်တစ်ချက် သုတ်ခတ်လိုက်သော ဆောင်းနှောင်း လေပြည်ကြောင့် ညနေ၏ရှည်လျားသွယ်စင်းသော ဆံနွယ်လေးများက လွင့်လူလွင့်လူနှင့် ကဗျာဆန်ဆန်နွဲ့ဝေနေကြသည်။ ကန်ပြင်ဘက်လှည့် ထိုင်ရင်း ကဗျာဆရာမကြီးကြည်အေး၏ 'သိမြင်ခြင်း'ကဗျာလေးကို အသံနေအသံထားလေးဖြင့် တိုးတိုးညက်ညက်ရွတ်နေမိသည်။ စားပွဲ ထိုးကောင်လေးက ညနေကိုမဖိတ်မသုန်စိုက်ကြည့်ရင်း တစ်ကိုယ်တော် ကဗျာရွတ်ပွဲအထင်ဖြင့် ဂုဏ်ပြုအားပေးနေရှာသည်။

နီးပြေသောခါ
ဖြူလွှာပွင့်လှစ်၊ သစ်စပယ်သို့
ငြိတွယ်ပန်းလျှ၊ ဘဝတစ်ရာ
အခါများစွာ၊ သေဆုံးပါလည်း
မြေမှာမပစ်၊ မွေးဖွားသစ်ခဲ့
ချစ်သက်ပါလှည့်၊ ကြင်နာလှည့်ကွယ်
မောင့်ရဲ့ သစ္စာမြင်ခဲ့ပါပြီ ...

ရွတ်နေရင်းကပင် မျက်ဝန်းထဲမှာ ငွေ့ရည်ဖွဲ့ကာ ငွေရည်ပုလဲတို့ ဝေသီလာကြသည်။ မျက်တောင်အစုံကို ပုတ်ခတ်ပုတ်ခတ်ဖြင့် ပုတ်ခတ် နေရ၏။ မီးများဖြင့် ခြောက်သွေ့လောင်ကျွမ်းနေသော ရင်ဘတ်ထဲအေး သွားစေခြင်းအလို့ငှာ စားပွဲပေါ်မှအအေးပုလင်းကိုကောက်မော့လိုက်သည်။

လွမ်းလိုက်တာမောင်ရယ် ...

"အစ်မ ... အစ်မ ... စာကျက်ရင်း ဘာလို့ငိုနေတာလဲ"

သွားပြီ၊ လွမ်းခန်းသည် ဟောဒီစားပွဲထိုးလေးကြောင့် ဂုဏ်မျက်

ရပြီ ...။

ကောင်လေးကို ညနေ မျက်စောင်းမိုးကြိုးပစ်ထည့်လိုက်သည်။

"ငိုနေတာမဟုတ်ဘူးဟဲ့ ... သွား ... ဘာမှန်းလည်းမသိဘူး"

ကောင်လေးကို ငေါက်ထုတ်သော်လည်း ကောင်လေးက နောက်မဆုတ်။ ထက်နေကြည်လိုများ နောက်ဆုတ်ဖို့ကြိုးစားရင်း ရှေ့ကိုတိုးလာလေသလားမသိ။

"ခုနက အစ်မမျက်ရည်ကျနေတာလေ။ ဒီနားမှာ မီးလည်း မခိုးပါဘူး။ ကြက်သွန်လည်း အခွံမသင်ဘဲနဲ့။ ကျွန်တော်တို့မှာဖြင့် နေ့လယ်ဘက် ကြက်သွန်သင်ရပြီဆို ..."

"ကောင်လေး! ... နင့်မသွားသေးဘူးလား"

"ဟုတ် ... ဒီစားပွဲက ကျွန်တော့်တာဝန်ပေးထားလို့ပါ"

"ကျွစ်"

မိကျောင်းနှင့်ဆွေမျိုးနီးစပ်တော်သောကောင်လေးကြောင့် ညနေစိတ်ပျက်လက်ပျက် စုပ်သပ်မိလိုက်သည်။

"ဟယ် ... ကောင်မစုတ် ... ငါတို့ဖြင့်ရှာလိုက်ရတာ။ သူက ဒီမှာတစ်ယောက်တည်း ကြည့်စမ်း ..."

တော်ပါသေးရဲ့ အေးအေးဆွေနှင့်တင်တင်နွယ်တို့ ရောက်လာပေလို့။

"အေးဟာ ... အိမ်မှာနေရတာပျင်းတာနဲ့ စောထွက်လာခဲ့တာ"

"ဒါများ ငါတို့ဆီအရင်လာခဲ့ရောပေါ့။ ငါတို့ကဖြင့် သူမလာမလာနဲ့ မျှော်နေလိုက်ရတာ"

"ဆောရီးပဲဟာ"

ခြေသွက်လက်သွက်အေးအေးဆွေက ကြည်အေး၏ကဗျာစာအုပ်ကို ဆွဲယူလိုက်ပြီး ...

"အမယ် ... အမယ်ကြည့်စမ်း။ ကောင်မစုတ်က ကဗျာတွေဘာတွေဖတ်လို့ ... ဘာလဲ ... လွမ်းနေတာပေါ့လေ"

အေးအေးဆွေပြောမှ ညနေ ပိုလွမ်းသွားသည်။ မျက်နှာလေး

က လင်းနို့ပိုင်းအဆိတ်ခံရသော ဩဇာသီးမှည့်လိုဖြစ်သွား၏။ တင်တင်နွယ်ကအေးအေးဆွေကို တံတောင်ဖြင့်တွက်လိုက်၏။

"နင်ကလည်း လွမ်းပါစေဟာ ... လွမ်းမှကျန်းမာမှာပေါ့"

တင်တင်နွယ့်စကားကြောင့် အေးအေးဆွေမျက်လုံးပြူးသွားသည်။

"ဘာဆိုင်လို့လဲ"

"ဟ! ... ဟန်ဂေရီစကားပုံလေးတစ်ခုရှိတယ်လေ။ အလွမ်းသည်နှလုံးသားကို ကျန်းမာစေ၏တဲ့။ အဲလိုလွမ်းလိုက်တော့ သူ့နှလုံးသားကျန်းမာသွားတာပေါ့။ ဒါမှနှလုံးသည်းခြေပျက်နေတာတွေ ကောင်းသွားတာ ..."

တင်တင်နွယ့်စကားကြောင့် ဤတစ်ကြိမ်မျက်လုံးပြူးသွားသူကတော့ ညနေ။

"ဟမ်! ... သည်းခြေပျက်နေတယ်ဆိုတော့ ငါကရူးနေတယ်ပေါ့လေ"

ညနေစကားကြောင့် တင်တင်နွယ်တို့ မျက်လုံးပြူးဝင့်လည်လေပြီ။

"ငါ ... ငါက အဲဒီသဘောပြောတာ မဟုတ်ပါဘူးဟာ ... ဒို ... ဟိုလေ ..."

"ငါသိပါတယ်ဟာ ... နင်တို့က ငါ့ကိုရူးနေတယ်လို့ပဲသတ်မှတ်ထားကြတာ"

ဤတစ်ကြိမ်မှာတော့ အေးအေးဆွေက တင်တင်နွယ့်ကို တံတောင်ဖြင့် ပြန်တွက်ခွင့်ရလိုက်သည်။

"ဆရာတော် အရှင်ဉာဏိဿရက ဟောဖူးတယ်။ လူမှာ သတိရခြင်းသည်လည်း စိတ်ရောဂါမည်၏တဲ့။ အခု ငါ စိတ်ရောဂါဖြစ်နေတာ နင်တို့လည်း သိရက်သားနဲ့"

တင်တင်နွယ်က ညနေ၏လက်မောင်းကလေးကို ဆုပ်ကိုင်ပြီး ဖစ်သိမ့်ပေးနေသည်။ အေးအေးဆွေကတော့ ထုံးစံအတိုင်း ညနေ

သောက်လက်စ အအေးပုလင်းကို ကောက်ခါငင်ခါစုပ်သောက်နေတော့၏။ ချောင်းတစ်ချက် ခတ်လိုက်ပြီး ...

"ငါတို့ အဲလိုသဘောမထားပါဘူးဟာ။ အိမ်ရှေ့ပူတော့ အိမ်နောက်မချမ်းသာတဲ့။ နင်ဒီလိုခံစားနေရတော့ ငါတို့လည်း ထမင်းစားပျက်တာပေါ့ဟ"

တင်တင်နွယ့်တံတောင်က အေးအေးဆွေ၏လက်မောင်းပေါ်သို့ ခပ်ပြင်းပြင်းရောက်သွားလေသည်။

"ဟာ ... ဘာလဲဟ ... ဒါသူငယ်ချင်းကောင်း ပီသစွာကိုယ်ချင်းစာပြတာလေ"

တင်တင်နွယ်က လေပြည်ထိုးမှဖြစ်တော့မည်စဉ်းစားလိုက်ပြီး ...

"အေး ... ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော ... အပိယေဟိ သမ္ပယောဂေါ ဒုက္ခောတဲ့ ... သဘောကတော့ဟာ ... ချစ်ခင်နှစ်သက်သူနှင့်ကွေကွင်းရခြင်းသည်ဒုက္ခ ... မချစ်မနှစ်သက်သောသူနှင့် အတူနေထိုင်ရခြင်းသည်လည်းဒုက္ခတဲ့၊ ဆိုတော့ဟာ ..."

ထိုအခါ ညနေဝုန်းခနဲ ထရပ်လိုက်ပြီး ...

"အေး ... အခုလည်း ငါနင်တို့နဲ့အတူတူနေရတာ ဒုက္ခပေါ့ ... ဒုက္ခမှအကြီးအကျယ်ဒုက္ခ"

ပြောပြောဆိုဆိုပင် စူအောင့်စူအောင့်ဖြင့် ထွက်သွားလေတော့သည်။ တင်တင်နွယ်က ပခုံးကိုကျိမ်းစ်ဘွန်းတွန့် တွန့်ပြလိုက်ပြီး ညနေနောက်သို့ အပြေးလိုက်သွားသည်။ အေးအေးဆွေလည်း လက်မ,ကို အောက်စိုက်ပြလိုက်ရင်း လက်ကျန်အအေးပုလင်းကို စိတ်မကောင်းစွာ လက်စသတ်ကျန်ခဲ့လေတော့သည်။

❑❑❑

"ဇေယျတုသဗ္ဗမင်္ဂလာ … အင်း … အဖေ့အသိတစ်ယောက်
တော့ရှိတယ်။ သူက နည်းနည်းနဲ့စပ်တယ်။ သူ့ဆီသွားမေးရင် မမှား
ဘူးထင်တယ်။ သူလည်း ဦးဇင်းလူထွက်ပဲ။ စုတာဆောင်းတာ ဝါသနာ
ပါတယ်။ အဖေ့လိုပဲ ရည်းစားစာစုတာဝါသနာတူတယ်ကွ။ အဟိန်း …
ဟိန်း …"

ဦးမာယာတင်က သားတော်မောင်၏ ရှေးစီးကရက်ဘူးခွံရှာပုံ
တော်ခရီးအတွက် လမ်းပြမြေပုံညွှန်းနေတော့သည်။ သို့ကြောင့် ဖိုးသည်
ဒေါ်ခင်ခင်ကြီး၏မျက်စောင်းကို စတင်ရရှိပါလေပြီ။

✿ ရွှေသမီးစာပေ ✿

"ဇေယျာတု သဗ္ဗမင်္ဂလာ ... ပုလင်းတူ ဘူးဆို့ချင်းမို့ လက်တို့နေကြယ်ပေါ့လေ ... ဟုတ်လား။ ဟွန်း! ... မပြောလိုက်ချင်ဘူး"

ထိုအခါ ဦးမာယာတင်၏တဟိန်းဟိန်းရယ်သံက ပို၍ပင် ဖော်လူးမြင့်လာလေသည်။

"သူ့ဆီရောက်လို့ သပ္ပာယသင့်ရင် မင့်အမေကိုပေးဖူတဲ့ ရည်းစားစာမိတ္တူတောင် ကြည့်ရင်ကြည့်ရဦးမှာ"

"ဦးဇင်း!"

"ငါကသူ့ထက်အရေးအသားကောင်းတော့ မင့်အမေငါ့ကိုကြွေတာပေါ့ကွာ ... အဟိန်း ... ဟိန်း ... ဟိန်း ... အယ်ဟွပ် ... အယ်ဟွပ်"

သဘောကျစွာရယ်နေရင်းက မူရင်းဓာတ်ခံချောင်းဆိုးရင်ကြပ်ကပါ ကပ်ပါလာလေပြီ။ ဇေယျာတုလည်း ဦးမာယာတင့်စကားကို ပြုံးနားထောင်ရင်း ဓာတ်ဘူးထဲက ရေနွေးတစ်ခွက်ငှဲ့ပေးလိုက်သည်။ ဒေါ်ခင်ခင်ကြီးကတော့ ဒုတိယမျက်စောင်းဖြင့်သာ။

"အဖေလည်း မနိုင်ဘူး။ နှစ်ခါခွဲသယ်ရတယ်။ ဇေယျာတုသဗ္ဗမင်္ဂလာ ... အဟင်း ... ဟင်း။ အဖေ့အရေးအသားကတော့ ခုခေတ်စာရေးဆရာတွေ ... တာရာမင်းဝေတို့၊ မင်းခိုက်စိုးစန်တို့တောင် ဖျားသွားမှာပေါ့ ... ဟုတ်လား။ အဟင်း ... ဟင်း"

အတိုင်အဖောက်ညီနေကြသော သားအဖနှစ်ယောက်ကိုကြည့်ပြီး စိတ်ထဲက မုံးနှင့်ထုနေပုံရသည်။

"မနက်ဖြန် တနင်္ဂနွေဆိုတော့ ဆိုင်ပိတ်တယ်။ ကျွန်တော် ကိုကျော်ထူးကိုခေါ်သွားမှထင်တယ် ..."

"အေး ... ခေါ်သွား။ ဒီကောင်လည်း ဘူးသီးပဲ"

"ဗျာ ... ဘူးသီး"

"အေးလေ ... ဒီကောင်က ဘာနဲ့ရောရော ဟင်းဖြစ်တယ်။ ကြက်သားနဲ့ရောမလား။ ဝက်သားနဲ့ရောမလား ရတယ်။ ဆိတ်သားလည်းလာထား။ အမဲသားနဲ့လည်းရတာပဲ။ အဲ ... ဒီလိုကောင်ကွ ...

ခဲ့ကြောင့်မို့ ငါကသူ့ကို ဘူးသီးလို့ပေးထားတာ"

ဇေယျာတုသဘောကျသွားသည်။ ဘယ်သူနဲ့ရောရော ရောလို့ တဲ့ကောင်ကို 'ဘူးသီး'တဲ့။

"လိပ်စာ ... လိပ်စာပေးဦးလေ၊ အဖေသိတယ်မဟုတ်လား"

"မင်းကလည်းကွာ၊ လွယ်လွယ်လေး။ သာကေတမာန်ပြေ ၁၁ လမ်းထဲမှာ လိပ်ခေါင်းရောဂါအထူးကုတဲ့ဆရာဦးလှထွန်းဆိုတာ ရှိတယ်။ အဲ ... သူတို့အိမ်နဲ့ကပ်ရက်ပဲ။ မင်းလိုက်မှတ်ထား"

ဇေယျာတု စာရွက်တစ်ရွက်ဆွဲယူပြီး လိုက်မှတ်လိုက်သည်။

"အဲဒီ မာန်ပြေ ၁၁ လမ်းထဲမှာ ဆရာဦးလှထွန်းဆို မသိတဲ့သူ မရှိဘူး။ သူ့သားတွေက အလွန်ဆိုးတာ။ မင်းရောက်ရင်တွေ့လိမ့်မယ်။ ဆရာဦးလှထွန်း လိပ်ခေါင်းရောဂါအထူးကုသည်ဆိုတဲ့ဆိုင်းဘုတ်ကလေး အိမ်ရှေ့ကဗာဒံပင်မှာ ချိတ်ထားတာတွေ့လိမ့်မယ်။ အဲ့ဒီအိမ်နဲ့အိမ်ချင်း ကပ်ရက်ပဲ"

ရေနွေးကို တစ်ကျိုက်မော့ရင်း သလိပ်ကိုအဝေးသို့ လှမ်း 'ထွမ်' လိုက်၏။

"ပြောလိုက် ... ကျွန်တော် ဦးမာယာတင် ဒေါ်ခင်ခင်ကြီးတို့ ခဲ့သားပါလို့ ..."

"သူ့ ... သူ့နာမည်ကျ ဘယ်လိုမေးရမှာလဲအဖေ"

"ကိုစိန်တိုး ... တဲ့။ ခုတော့ ကိုစိန်တိုးပေါ့ကွာ။ ဟိုတုန်းက တော့ ရှင်စန္ဒောဘာသာတွဲ့နဲ့ပဲ"

ဦးမာယာတင်ကတော့ မလိုအပ်ဘဲ ငယ်ကျိုးငယ်နာဖော်တော့ မည်ထင်သည်။

"ဦးဖင်း ... တော်အပိုတွေလျှောက်ပြောဖို့မကြိုးစားနဲ့နော်။ တောစကားတောမှာထား"

ဒေါ်ခင်ခင်ကြီးက အမူပေါင်းလှန်သော် ပတ်သက်သူများငယ် တရင်းမှာ ဒင်းတို့ပါမှာစိုး၍လားမသိ။ သတိ .. ရှေ့မှာအန္တရာယ်ရှိသည် ဆိုင်းဘုတ်ထောင်ထားလိုက်ပြီ။ အကြေးလှန်ကြလျှင်ဖြင့် မကြားဝံ့မနာ

သာတွေ့ပါလာနိုင်သည်။ သို့ကြောင့် ...

"ကဲ ... အမေတို့ပဲ အတိတ်လှန်ကြတော့ လက်ဖက်ရည်ဆိုင်မှာ ဟိုကောင်တွေစောင့်နေလောက်ပြီ ... လစ်တော့မယ် ... ဖေယျာ သဗ္ဗမင်္ဂလာနော်"

အပြုံးအသည်းနှင့် တချိုးတည်းလစ်ပြေးလေတော့သည်။ ပုဆိုးအပြဲတော့ ဝတ်မထားပါ၊ တော်ကြာ ရှိုးရွဲမှာစိုး၍လော။

❑❑❑

'အတောင်ပံပါရင် မင်းဆီကို' သီချင်းကလေး တအေးအေးနှင့် တက်ကြွနေသော ဇေယျတုကိုကြည့်ပြီး ကျော်ထူးနဂါးဖြစ်သွားသည် ... မျက်စောင်းတထိုးထိုးနှင့်။

"ဟေ့ကောင် ... ဆိုက္ကားငှားကွာ။ ငါပြိုင်းနေပြီ"

ဟုတ်တော့လည်း ဟုတ်သည်။ မန္တလူသကနတ်ပန်းရှာဆလို တောင်စွယ်အထပ်ထပ်ကို ဖြတ်ကျော်နေတာမှမဟုတ်တာ။ လိပ်စာသိပြီး သားရပ်ကွက်ကိုသွားရတာပဲ ... ဆိုက္ကားလေးတော့လုပ်မှ။

"လာပါ ... ကိုကျော်ထူးရာ။ ယောက်ျားတို့ဖွဲ့လုံ့လ သေခါမှ လျှော့တဲ့ ... ခင်ဗျား လျှော့ချင်နေပြီလား"

✿ ရွှေသမီးစာပေ ✿

"ဟော့ကောင် ... မင်း ... မင်းကိစ္စလည်း လိုက်လုပ်ပေးရသေးတယ်။ ငါ့ကို သေစေချင်နေပြီလား ... ဟင်"

ဖေယျတုမျက်နှာချိုသွေးရသည် ... ပါရမီဖြည့်ဖက်ကြီးကို။

"အဟဲ ... စိတ်မရှိပါနဲ့ဗျာ။ ပြီးတော့ ကျွန်တော်တီးတိုက်မှာပါ ... လာ"

ခြေလေးနေသူကြီးကို လက်ဖက်ရည်နှင့်မြှူဆွယ်ရသည်။ ကျော်ထူးမှာတော့ သားသတ်ရုံသို့ပို့ခံရသည့် နွားအိုကြီးပမာ လေးတွဲ့စွာဖြင့် ...

"အား! ... တွေ့ပြီဟိုမှာ ..."

လိပ်ခေါင်းဆိုင်းဘုတ်ကိုတွေ့လိုက်ရသည်မှာ ရတနာသိုက်ကြီးရှာတွေ့လိုက်ရသလို ပျော်သွားသည်။ လိပ်ခေါင်းရောဂါအထူးကုအိမ်နှင့်ကပ်လျက်အိမ်သို့ တန်းတန်းမတ်မတ်ဝင်ချသွားရာ ဝဝပုပု၊ထိပ်ပြောင်ပြောင်နှင့်လူကြီးတစ်ယောက် ထမင်းအိုးထိုင်ငုံ့နေသည်ကိုတွေ့လိုက်ရသည်။

"ဘာကိစ္စလဲကွ"

ခပ်ပြတ်ပြတ်အမေးကိုမဖြေသေးဘဲ အိမ်ထဲကကုလားထိုင်မှာစွေ့ကနဲဝင်ထိုင်လိုက်ကြသည်။ ကျော်ထူးက အနီးရှိသင်ချော ယပ်တောင်ကိုဆွဲယူလိုက်ပြီး တဖြန်းဖြန်းခတ်နေလိုက်သေးသည်။

"အဖေက လွှတ်လိုက်လို့ပါ ဦးလေး"

"မင်းအဖေက ဘယ်သူတုန်း"

"ဦးမာယာတင်နဲ့ ဒေါ်ခင်ခင်ကြီးပါ"

အဘိုးကြီး မျက်ကြောရှုံ့သွားသည်။ တစ်စုံတစ်ရာအဖြေမပေါ်သေးခင်မှာပင် ...

"ဘာအတွက်လွှတ်လိုက်တာလဲ"

"အဟဲ ... ဦးလေးဆီမှာ သိမ်းထားတာလေးလိုချင်လို့"

"ဘာကွ!"

အဘိုးကြီးက ကျော်ဟိန်းလေသံဖြင့် ဝေါက်သော်လည်း ဇော်

ခင်းထွင့်လိုလက်ညှိုးထိုးပြစရာ မက်စ်အချိုရည်ကလည်းမရှိတော့ ခုက္ခ ရောက်ရသည်။ အဘိုးကြီးဝေါက်သံကြောင့် အသက်(၃၀)မရှိတရှိ အသား လတ်လတ်၊ ဖြော့ဖြော့တောင့်တောင့်မိန်းမတစ်ယောက် အခန်းထဲက ထွက်လာသည်။

"ကိုကို . . . ဘာဖြစ်လို့လဲဟင်။ သူတို့က ဘယ်သူတွေလဲ"

ဆည်းလည်းကလေးများကို တယောဘိုးတံဖျားမှာချိတ်ပြီး သိုးလိုက်သံလေးထွက်ကျလာသည်။

"ဘာမှမဖြစ်ဘူး . . . ချစ်သဲ၊ အထဲဝင်နေ"

"ဟို . . . ဟို . . . သူတို့က ကိုကို့ကို . . ."

"ချစ်သဲ . . . အထဲဝင်နေလို့ . . . ဆို"

အဘိုးကြီးလေသံက ကောင်းကင်ပေါ်မှမဆင်း . . . ချစ်သဲဆိုသူ မိန်းမမှာလည်း ကြမ်းကိုခြေဆောင့်နင်းကာ အခန်းတွင်းသို့ပြန်ဝင်သွား လေသည်။

"နေစမ်းပါဦး။ မင်းတို့က အဘိုးကြီး မိန်းမငယ်ငယ်လေးထပ် ယူထားတယ်ဆိုပြီး ကြာကူလီရိုက်ချင်လို့လာတာလားကွ . . . ဟွန်!"

"ဗျာ"

ဇေယျတုနှင့်ကျော်ထူးတို့ ပျာပျာသလဲတောင်းပန်ရသည်။

"ဟာ . . . မ . . . မဟုတ်ပါဘူးခင်ဗျာ။ ဦးလေး မိန်းမငယ် ငယ်ယူထားတာလည်း ကျွန်တော်တို့မသိပါဘူး။ ဟို . . . ဟိုလေ . . . ဦးလေးက အစုအဆောင်းဝါသနာပါတယ်ဆိုလို့ . . . ဟို . . ."

"အစုအဆောင်းတော့ ဘာဝါသနာပါလဲမမေးနဲ့။ အရင်အိမ် ထောင်နဲ့ကလေးငါးယောက်။ နောက်အိမ်ထောင်နဲ့က သုံးယောက်။ ခုသူ့မှာတစ်ဗိုက်"

ဇေယျတုခေါင်းပေါ်တည့်တည့်သို့ မိုးကြိုးပစ်ခံလိုက်ရသလို မူးမိုက်လည်ထွက်သွားလေသည်။ အဘိုးကြီးကငဲ့ပြီးသွားသော ထမင်း ဒိုးကို မီးဖိုပေါ်ပြန်တင်ပြီး သူတို့နားလျှောက်လာသည်။

"မှားပါတယ်"

ကျော်ထူးက သူ့ကိုယ်သူနောင်တရသွားချိန်မှာ ...

"ဘာမှားတာလဲ ... မမှားဘူး။ ဘယ်တော့မှနောင်တမရဘူး။ ဟုတ်တင်တို့က ဘယ်တော့မှနောင်တမရဘူး။ မှန်တယ်ထင်ရင် လုပ်တယ်။ နာမည်ကိုက ဟုတ်တင် ... ဟုတ်တယ်ထင်ရင် ဟောဒီခေါင်းပေါ်မှာတင်ထားတာ ..."

ပြောရင်းကပင် သူ၏ဦးတလင်းကို တဖပ်ဖပ်ပုတ်ပြနေတော့သည်။

"ဗျာ ... ဦး ... ဦးလေးနာမည်က ဟုတ်တင် ..."

"အေးလေ ... ဘာလို့လဲ"

"ဦးလေးနာမည်က ဦးစိန်တိုးမဟုတ်ဘူးလား"

"ဘာ ... ငါ့ကိုအမေမွေးကတည်းက ပေးထားတဲ့နာမည် ... ဟုတ်တင်။ ဘာလဲ ... မင်းတို့စိန်တိုးဆိုတဲ့ကောင်ကို လာရှာတာလား"

"ဟုတ် ... ဟုတ်ကဲ့ဦးလေး"

"ဒီကောင်နဲ့ငါနဲ့မှ မှားရတယ်လို့ကွာ။ ဟိုကောင်က မည်းမည်းပိန်ပိန်ခြောက်ခြောက်၊ ငါးကျည်းခြောက်ဓာတ်လိုက်ထားသလိုရုပ်နဲ့၊ သူနဲ့မှမှားရတယ်လို့ကွာ။ သွား ... သွား ... သွား မင်းတို့အိမ်မှားလာပြီ။ ဟိုကောင့်အိမ်က ဟိုဘက်တစ်အိမ်ကျော်။ ကြွ ... ကြွ ... ကြွ ... မြန်မြန်ကြွကြ ..."

ပြောလည်းပြော နှင်လည်းနှင်ရုံမက ကျော်ထူးလက်ကိုတောင်ဆွဲယူကာ အတင်းတွန်းလွှတ်လိုက်လေတော့သည်။ တစ်အိမ်ကျော်ရောက်မှ ခုနအဘိုးကြီးပြောလိုက်သော မည်းမည်းပိန်ပိန်ခြောက်ခြောက် ငါးကျည်းခြောက်ဓာတ်လိုက်ထားသလိုရုပ်နှင့်လူကြီးကိုတွေ့လိုက်ရသည်။

"ဩော် ... မင်းက ဗိုလ်တိတ်သားကိုး ...

ခင်ခင်ရော နေကောင်းလားကွ"

ဗုဒ္ဓေါ၊ ကာ ခေါင်းနားပန်းကြီးသွားသည်။ ငယ်ကျိုးနှင့်ငယ်နာ ဘယ်ဟာကအရင်ရောက်လာတော့မည်မသိ။ 'ခင်ခင်ရောနေကောင်းလား'တဲ့ ... မေးပုံကိုက ...။

"ဟုတ်ကဲ့ … နေကောင်းပါတယ်ခင်ဗျ"

"ငါ့ကို ဘာများမှာလိုက်သေးလဲ"

ဇေယျငှစိတ်ထဲမှာတော့ အဖေပြောတာဟုတ်နေပါပြီလို့ တွေးလိုက်မိသေးသည်။

"ဩော် … ဟို … ဟိုလေ …"

"ကဲပါကွာ … အဲဒါနောက်ထား … ထိုင်ကြ။ ငါ့အိမ်မှာတော့ ဘာမှထွေလီကာလီ မရှိဘူး။ ကြမ်းပေါ်သာ ထိုင်ကြတော့ …"

ဇေယျတုနှင့်ကျော်ထူးတို့ ကြမ်းပြင်ပေါ်မှာပဲထိုင်ချလိုက်ကြ ချိန်မှာပင် သူတို့နှစ်ယောက်ကို ဦးစိန်တိုး စူးစူးစိုက်စိုက်ကြည့်နေပြီး ဘာတအလင်း ပွင့်သွားပုံရသည်။

"နေပါဦး … မင်းဘာနေ့သားလဲ"

"ဗျာ"

"မင်းဘာနေ့သားလဲ … လို့"

"ကျွန် … ကျွန်တော် … အင်္ဂါ"

ကျော်ထူးဘက်လှည့်ကာ …

"ခင်ဗျားကရော"

"ကျွန်တော် တနင်္လာ။ အဟဲ … ဦးကနည်းနည်းပါးပါး ကြည့်ပေးမလို့လား"

လက္ခဏာကြည့်ပေးမည်အထင်ဖြင့် လက်ဝါးနှစ်ဖက်ကိုပေါင်နှစ်ဖက်မှာ ပွတ်နေတော့သည်။ ဦးစိန်တိုးက ခေါင်းတညိတ်ညိတ်လုပ်ပြီး..

"အင်း … တစ်ယောက်က အင်္ဂါ၊ တစ်ယောက်က တနင်္လာ … အိုကေ"

"သေချာပြီ … ၂ … ၃၊ ၃ … ၂၊ အိမ်ပေါ်ရောက်လာတာ ဒါအပြီးပေါက်ပဲ။ အင်္ဂါသား စိန်တိုးတို့စိန်ရွှေရတနာတိုးဖို့ နိမိတ်ကောင်း အတိတ်ကောင်းဆောင်လာကြတာပဲကွ … ဟား … ဟား … ဟား"

ကျော်ထူးခမျာ ခွေးအံဖတ်ထဲချော်လဲသွားသလို မအီမလည် နှင့်။ ဇေယျတု ကျော်ထူးမျက်နှာကြည့်ကာပြုံးချင်မိသည်။ မကောင်း

တတ်၍ အပြုံးပိတ်လိုက်ရ၏။

"ဦးလေး ... ကျွန် ... ကျွန်တော်တို့လာရင်းကိစ္စပြောပါ
စေ ..."

ပြက္ခဒိန်ပေါ် ဘောပင်ဖြင့် ဟိုခြစ်ဒီခြစ်ခြစ်ပြန်ပြီ။ ဦးစိန်တိုး
မော့မကြည့်ဘဲ ...

"ခဏလေး ... သုံးမိနစ်ပဲစောင့် ..."

အရေးထဲ မာမားခေါက်ဆွဲကြော်ပြောနေပြန်သည်။ ဖေယျာ
မျက်နှာ ပဲဟင်းအိုးခွေးဝင်တိုးသလိုဖြစ်သွားပြီး ကျော်ထူးကတော့ အသံ
တိတ်မေတ္တာပို့နေသည်။ ခေါက်ဆွဲတစ်ပွဲပြတ်စာကြာသောအခါ ဘောပင်
ကိုပြက္ခဒိန်ပေါ် ဂျန်းခနဲ ဖိရိုက်ပစ်လိုက်ပြီး ဖေယျာတို့ကိုမော့ကြည့်သည်။

"ကဲ ... ပြော ... ဘာတဲ့လဲ"

"ဩော် ... အဖေကပြောတယ်။ ဦးလေးက စုတတ်ဆောင်း
တတ်တဲ့ဝါသနာရှိတယ် ... တဲ့၊ အဖေ့လိုပဲ ..."

ပြောရကောင်းမလား၊ မပြောရကောင်းမလား၊ စဉ်းစားရင်း
စကားဆက်မရတော့။ ဦးစိန်တိုးက ကောလိပ်ဂျင်နေဝင်းအမူအရာဖြင့်
မျက်နှာကိုငဲ့ကြည့်သည်။

"အဟဲ ... အဖေ့လိုပဲ ဦးဇင်းလူထွက်တဲ့ ..."

ဦးစိန်တိုး မျက်မှန်ကိုဆွဲချွတ်လိုက်ပြီး ပြက္ခဒိန်ပေါ်ပစ်တင်လိုက်
သည်။

"ဒါ ဘာသဘောလဲ။ သူလည်း ဦးဇင်းလူထွက် ငါလည်း
ဦးဇင်းလူထွက်ပဲ ... ဘာဖြစ်လဲ ...။

အဟော့ ... ဦးဇင်းလူထွက်ချင်းအတူတူ သူကျတော့မိန်းမရ
ပြီး ငါမိန်းမမရတာကို ပြောချင်တာတဲ့လား"

"အာ ... အဲ ... အဲလိုမဟုတ်ပါဘူး ဦးလေး။ အဲလို တစ်ခွန်း
မပါပါဘူး။ အဖေပြောတာ သူ့လိုပဲ စည်းနဲ့ကမ်းနဲ့နေတတ်တယ်
သပ်သပ်ရပ်ရပ်နေတတ်တယ်၊ မသုံးသင့်တာ မသုံးဘူး၊ မကုန်သင့်တာ
မကုန်စေရဘူးတဲ့။ အဲ ... အဲလို"

"သေချာလား"

"သေချာပါတယ်"

"ဒါနဲ့နေပါဦး . . . မင်းတို့ ငါ့ဆီလာတာက . . ."

ဦးစိန်တိုးကြည့်ရတာ ကောလိပ်ဂျင်နေဝင်း အသည်းစွဲထင်ရဲ့။ သယ်ယူလေသိမ်းနှင့် ခေါင်းလှုပ်ပုံ၊လက်ညှိုးထောင်ပုံတွေက ကောလိပ် ...င်မှကောလိပ်ဂျင်။

"ဩော် . . . ဒီလိုပါ . . . အဖေက ရှေးဟောင်းပစ္စည်းဆိုင်က ...သး ဖွင့်ထားပါတယ်"

"အေး . . . ငါသိပါတယ်"

"အခု သူကကျွန်းမာရေးသိပ်မကောင်းတော့ ကျွန်တော်ပဲဆက် ...ဲ့နေတာ"

"အင်း"

"ကျွန်တော့်ဆီကို ပစ္စည်းအဟောင်းစုတဲ့သူတစ်ယောက်က ...ေးစီးကရက်ဘူးခွံလိုချင်လို့တဲ့ . . ."

"ဒီတော့ . . ."

"ဒီတော့ . . . အဖေက ဦးလေးဆီမှာ ရှိတတ်တယ်ဆိုလို့"

ဦးစိန်တိုး မျက်လုံးများကို မှေးစင်းလိုက်သည်။ ခေါင်းကို ၄၅ ...ဂရီစောင်းငဲ့လိုက်ပြီး . . .

"ဩော် . . . ဗိုလ်တိတ် . . . ဗိုလ်တိတ် . . . ငါ့ဆီက နှလုံးသား ...ဲ ရအောင်ယူသွားပြီးတာတောင် နောက်ထပ်ငါ့ဆီက ထပ်လိုချင်တာ ...တွ ရှိနေပါသေးလား"

ထိုစကားကြောင့် ဇေယျတုနှင့်ကျော်ထူးတို့ တစ်ယောက် ...က်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ ဦးစိန်တိုးကတော့ လှဝင် ...ခါးမှအဝေးသို့ မှုန်ငေးစွာလှမ်းကြည့်နေလေတော့သည်။ သို့သော် ...ဝေးတစ်နေရာသို့ မြင်ရမှာမဟုတ်။ မျက်နှာချင်းဆိုင်အိမ်က ဗိုက်ကြီး ...ည်မိန်းမ မည်းပိန်ခြောက်သာ ကလေးနှစ်ယောက်ကို ရေချိုးပေးနေ ...ာပဲ မြင်ရပါလိမ့်မည်။

"အေးလေ ... မင်းတို့ ငါ့ဆီမှာရှိနေတဲ့ စီးကရက်ဘူးခွံတွေ လိုချင်တယ်ပေါ့ ... ဟုတ်လား"

ဖေယျတုခေါင်းညိတ်လိုက်၍ ကျော်ထူးလည်း ရောယောင်ပြီး ခေါင်းညိတ်မိလိုက်သည်။ ဦးစိန်တိုးက ခေါင်းတညိတ်ညိတ်သာလုပ်နေသည်။ နောက် ဖေယျတုဘက်လှည့်ပြီး လက်ညှိုးတထောင်ထောင်ဖြင့် ...

"မင်းသိထားရမှာက ငါစီးကရက်မသောက်တတ်ဘူး။ ဘယ်သောအခါမှလည်း မသောက်ခဲ့ဘူး၊ ဒါပေမယ့် ..."

စကားမဆက်သေးဘဲ ဖေယျတုကို မျက်စောင်းတစ်ချက်ထိုးကြည့်ပြီး ...

"ဒါပေမယ့် တစ်ယောက်သောသူက စီးကရက်သောက်ကြည့်ပါလား။ မင်းသားကျော်ဆွေ ရုပ်ရှင်ထဲမှာစီးကရက်သောက်တာ သိပ်ကြည့်လို့ကောင်းတာပဲ ...တဲ့။ ရှင်သာ စီးကရက်သောက်ရင် ကြည့်လို့ကောင်းမှာပဲတဲ့၊ သူက ..."

စကားကို ခဏနားကာမေးဖျားကို လက်ညှိုးကလေးနှင့် ခြစ်ရင်း ...

"နိုင်ငံခြားက ဘိုင်စကုတ်တွေကြည့်တော့လည်း ဂျိမ်းစ်ဒင်း စီးကရက်သောက်တာ တော်တော်စတိုင်ကျပါလားလို့ ငါသွားတွေ့တယ်။ အဲဒီမှာ ငါစီးကရက်သောက်တတ်သွားတယ်၊ သောက်တတ်သွားတယ်"

ကောလိပ်ဂျင်နေဝင်းကိုပဲ အရှင်လတ်လတ်ပြန်တွေ့နေရသလို ခံစားနေရသည်။ စကားကို နှစ်ခါနှစ်ခါထပ်ပြောတာကပင် ကောလိပ်ဂျင်ကျမ်းတော်တော်ကျေထားတာကိုသိနိုင်သည်။

"နောက်ဆုံးတော့ ငါပဲစီးကရက်သောက်တတ်တာ အဖတ်တင်သွားတယ်။ ငါတို့ ..."

စကားမဆက်ဘဲ လက်ဝါးနှစ်ဖက်ကိုဖြန့် ပခုံးကိုတွန့် နှုတ်ခမ်းကိုမဲ့ရင်း ပေါင်ကိုဖြန်းခနဲပုတ်လိုက်သည်။

"ဒါနဲ့ ... မင်းအသက်ဘယ်လောက်ရှိပြီလဲ"

"၂၃ နှစ်ပါ ဦးလေး"

"၂၃ နှစ်"

ခေါင်းကိုညိတ်ပြန်ပါသည်။ ပုတ်သင်ညိုတို့ ငိုရနိုင်ဖွယ်ရှိသည်။

"အေးလေ ... ကြာပဲကြာခဲ့ပြီကိုး။ ငါက သူနဲ့ပတ်သက်တဲ့ အရာတိုင်းကို ဂရုတစိုက်ထားတတ်တဲ့အကျင့်ရှိတယ်။ အခု ဆေးလိပ် ပြတ်သွားပြီ၊ မသောက်တော့ဘူး။ အေး ... ဒါပေမယ့် အဲဒီဘူးခွံတွေ ကိုတော့ အမှတ်တရသိမ်းထားတယ်။ ငါပြမယ်"

ထသွားပြီးယူပြမည်ပြင်ရင်း နောက်ကိုလှည့်ကာ ...

"ဒီကိစ္စနဲ့ပတ်သက်လို့ မင်းတို့ဘယ်လောက်ပဲပေးပေး ငါ မရောင်းဘူး။ ငါ သူ့ကိုသတိရတိုင်း အဲဒီဘူးခွံတွေကို ထုတ်ထုတ်ကြည့် နေတာ။ မင်းတို့ မြင်ဖူးတယ်ရှိအောင်ပြမယ် ... ဟုတ်ပြီလား"

အခန်းထဲဝင်ပြီး ဘူးခွံနှစ်ခုသုံးခု ယူလာသည်။

"ဒါ ... မင်းတို့ မမွေးခင်ကတည်းက ပေါ်ခဲ့တာ။ အင်္ဂလန် မိတ်တွေနော်။ ဆေးကလည်း ဗာဂျီးနီးယားအစစ်"

ဇေယျတု မျက်လုံးများ ဝင်းလက်တောက်ပလာသည်၊ ချစ်သူလို ချင်နေသော ရတနာပစ္စည်းများပေတည်း။

"ဘယ်နှစ်ရက်ထားထား ခြောက်မသွားဘူး။ လေလုံတယ်၊ မှို မတက်ဘူး။ အာမပူဘူး။ လျှာမခြောက်ဘူး"

"ဦးလေး ... ကျွန်တော်တို့ကို ပြန်ရောင်းပါလားဗျာ။ မှာထား တဲ့သူရှိလို့ပါ"

ဇေယျတု ခယယယဝယ်သည်။ ဦးစိန်တိုးက ခေါင်းကိုလည်း ယမ်းသည်၊ လက်ညှိုးကလေးကိုလည်း ထောင်လျက်ယမ်းသည်။

"နိုး ... နိုး ... နိုး ... မရောင်းဘူး I don't brake my heart ငါ့အသည်းနှလုံးကို ဘယ်တော့မှမထုခွဲဘူး။ Please Excause me ငါ့ကို ဒါလေးတော့ ခွင့်လွှတ် ... ဟုတ်တယ်နော်"

"ကျွန်တော့်ဖောက်သည်တစ်ယောက်ကလည်း ခဏခဏ လာ မှာနေတာ။ ဒါလေး တစ်ဘူးလောက်မှရှာမပေးနိုင်ရင် ကျွန်တော်ကိုပြေ

ဗျာ။ ဦးလေး ကျွန်တော့်ကိုကူညီပါ . . . နော်"

ဦးစိန်တိုးခေါင်းကိုငုံ့လျက် ပါးစပ်ကိုဟထားသည်။ ပါးပေါ်ကို လက်ညှိုးကလေးတစ်ထောက်ထောက်ဖြင့် . . .

"ဒါဖြင့် ဒီလိုလုပ်။ အကုန်လုံးကိုတော့ မရောင်းနိုင်ဘူး။ မင်းအတွက် တစ်ဘူးလက်ဆောင်ပေးလိုက်မယ် . . . ဟုတ်ပြီလား"

"ဟား . . . ကျေးဇူးပဲ ဦးလေးရာ . . . ကျေးဇူးပဲ"

"Don't Worry! ကိစ္စမရှိဘူး။ ဒီလောက်တော့လုပ်ပေးရမယ်လေ။ ကဲ . . . ကြွ . . . သင့်ခ်ယူ။ ဩော် . . . မင်းအဖေဗိုလ်တိတ်ကိုလည်း ပြောလိုက်ဦးနော်။ ဦးလေးက အမြဲတမ်း သတိရနေပြီသားပါလို့ . . . ဟား . . . ဟား . . . ဟား . . . ဟား"

"ဟုတ်ကဲ့ ပြောလိုက်ပါ့မယ် . . . အမေ့ကိုရောပဲ"

ဦးစိန်တိုးတစ်ယောက် ခါးထောက်လျက်တဟားဟားရယ်ကာ ဇေယျာတုကို လက်ညှိုးကလေးထိုးလိုက်ပုံက ရုပ်ရှင်တွေထဲမှာ တွေ့ဖူးခဲ့သည့် ကောလိပ်ဂျင်နေဝင်းဟန်။ ဇေယျာတုစိတ်ထဲ ကြိတ်ပြောလိုက်သည်။

"နောက်တစ်ခါ လာခဲ့ပါဦးမယ်၊ ကောလိပ်ဂျင်စိန်တိုးရယ်"

❑❑❑

"ကျွန်တော် ... သူ့ကိုသိပ်ချစ်သွားပြီဗျာ"

"လဲသေလိုက်!"

ဇေယျတုက ရှေးစီးကရက်ဘူးကလေးကိုပင် ညနေအမှတ်ဖြင့် ရင်ခွင်ထဲပွေ့ဖက်ထားရင်းက ဆွေးဆွေးမြေ့မြေ့ကလေးပြောသည်။ အကြည့်တို့က ကုက္ကိုပင်ဖျားမှကောင်းကင်သို့တိုင် ရောက်နေနိုင်သည်။ ပက်လက်ကုလားထိုင်ပေါ် ပက်လက်လန်ရင်း မကြာကောင်းမစည်ရာ ညနေအကြောင်းများကို ပြန်ရစ်ကြည့်နေခြင်းပင်။ သို့ကြောင့် ရင်နှင့်မဆံ့သော ချစ်ဇောဟုန်များက နွတ်ဖျားသို့တိုင် လျှံကျလာချေပြီကော ...။ ခပ်လှမ်းလှမ်းရှိ ကုလားထိုင်ပေါ်ထိုင်လျက်က အားကစားဂျာနယ်ဟောင်းတစ်စောင်ကိုသည်းကြီးမည်းကြီးဖတ်နေသော ကျော်ထူးကလည်း ဟာမိုနီညီညီ ကောင်းချီးသြဘာပေးလိုက်သည်။

✿ ရွှေသမီးစာပေ ✿

"ကျွန်တော် သူ့ကိုဖွင့်ပြောလိုက်တော့မယ်"

"မိတ်ပျက်ချင်လို့လား"

ဆိုင်းဆရာ့အကြောင်းကို ဘီသိက်ဆရာက သိသည်။ ဘီသိက်ဆရာ့အကြောင်းကိုလည်း ဆိုင်းဆရာကဖမ်းမိပြီးသားဖြစ်သည်။ ဖေယျတု တင်သမျှဘောလ်တိုင်းကို ၁၀ပေစည်းအတွင်း စိုက်အောင်ရိုက်ထည့်တတ်သည့် ဘော်လီဘောလ်သမားကောင်း ကျော်ထူးပါပေ။

နောက်ကျောကို ဓားနှင့်ထိုးခံရတာတောင် အမှတ်မရှိ ဆက်သည် ...

"ခါမဒဏ္ဍာရီလေးရှိတယ်ဗျ။ လူဆိုတာ မိန်းမနဲ့ယောကျ်ား ပေါင်းစပ်ထားတဲ့ သတ္တဝါတဲ့။ နောက်တော့ ဘုရားသခင်က ထက်ခြမ်းခွဲပစ်လိုက်လို့ မိန်းမနဲ့ယောကျ်ား တစ်ယောက်ကိုတစ်ယောက်တစ်ခြမ်းစီကို အမြဲတမ်းလိုက်ရှာနေကြရတယ် ... တဲ့"

အဲဒီနှစ်ခြမ်းဟာ တစ်ခြမ်းနဲ့တစ်ခြမ်းပြန်တွေ့တာနဲ့ အလွန်အားကောင်းတဲ့ချစ်ခြင်းတွေနဲ့ပေါင်းစည်းသွားတော့တယ်တဲ့။ အခု ကျွန်တော်ရှာနေတဲ့တစ်ခြမ်းကို ပြန်တွေ့ပြီဗျ။ ကျွန်တော်တို့မကြာခင် အလွန်အားကောင်းတဲ့ချစ်ခြင်းတွေနဲ့ ပေါင်းစည်းကြတော့မယ်။ မယုံရင် ကြည့်နေ ..."

'သူ့ကိုများ အားအားလျားလျား စောင့်ကြည့်နေရဦးမှာလား' လို့ ဖေယျတုမကြားအောင် တိုးတိုးလေးရွတ်သည်။

"ကိုကျော်ထူး ... သူ့ကို ဒီဘူးထဲမှာ ရည်းစားစာထည့်ပေးလိုက်မယ် ... ဘယ့်နှယ်လဲ"

"ဟွန့် ... အောက်လိုက်တာ။ ပြောတော့ အသစ် ... အသစ်နဲ့ ... လုပ်တော့အဟောင်းကြီး။ ဒီဘက်ခေတ်ထဲမှာ ရည်းစားစာပေးတယ်ဆိုတာ ဟောင်းသွားပြီ ... ရိုးသွားပြီ"

ဖေယျတုတို့ ကိုယ့်စကားနှင့်ကိုယ် ခံလိုက်ရပြီ။ ကျော်ထူး၏ ခွပ်ချက်ကြောင့် ဆိတ်ချေးခြောက်ကောက်စားမိသော မျောက်အိုလေး ဖြစ်သွားသည်။

✿ ရွှေသမီးစာပေ ✿

"ဒီဘူးလေးက ရုတ်တရက်ကြည့်တော့ စီးကရက်ထည့်တဲ့ သံဘူးဟောင်းလေးပဲပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ သူ့အချစ်ကိုသိမ်းပိုက်ပစ်လိုက်မယ့် သရဖူကြီးဗျ။ တစ်နည်းအားဖြင့် ကျွန်တော်တို့နှစ်ယောက်ကိုနှီးစပ်စေမယ့် အောင်သွယ်တော်ရွှေကြုတ်ကလေးဆိုလည်း မမှားဘူးပေါ့ဗျာ ... အဟဲ ... ဟဲ"

ဧယျတုကို သနားစရာကြွက်ကလေးတစ်ကောင် ထောင်ချောက်မှာမိနေတာကို ထိုင်ကြည့်နေရသလိုမျိုး ကျော်ထူးစုပ်သပ်ရင်းကြည့်နေမိသည်။

"ကျွန်တော် စွန့်စားမယ် ..."

"ဩော် ... မင်းတော်တော်သတ္တိတွေကောင်းနေတာပေါ့လေ ... ဟုတ်လား"

"ကဗျာဆရာ ဘိုင်ရွန်ကပြောတယ်။ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်နဲ့အတူနေဖို့ထက် မိန်းမတစ်ယောက်အတွက် အသက်စွန့်ဖို့က ပိုပြီးလွယ်တယ်တဲ့"

"မင်းအသက်တောင်စွန့်ရဲတယ်ဆိုပါတော့"

"အွန်း"

မျက်နှာကြီးကရေဆိုးမြောင်းထဲမှာ နှစ်ချီပြီးမြုပ်နေသော ကြက်ပေါင်ရုပ်ကြီးလို ရွံစရာ။

"အေး ... ငါလည်းကြားဖူးပါတယ်ကွ ... ဘားနတ်ရှောဆိုတဲ့ စာရေးဆရာကြီးလေ ... မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို စောင့်နေတာမှန်တယ်။ ဒါပေမယ့် သူစောင့်နေတာ ပင့်ကူကယင်ကောင်တစ်ကောင်ကို စောင့်နေတာမျိုးတဲ့ကွ ..."

"ဟော့လူ ... မိုးကြိုးတွေဘာတွေ ပစ်ကုန်ဦးမယ် ...

မိစ္ဆာပါးစပ်က နတ်စကားတွေ ထွက်နေလို့ ..."

ကျော်ထူး၏ အကိုးအကားက ထိရောက်လှသည်။ ဧယျတုသိ ထိချက်မှန်သည်။ သို့ကြောင့် မနိုင်လျှင် ဝပ်ကိုက်ဆိုသလို သက်သက်ညစ်ပြီး မိုက်ရိုင်းလေသည်။ သို့ကြောင့် ကျော်ထူးကလည်း ယဉ်ကျေး

စွာ ထောပနာပြုသည်။

"ခွေးသူခိုး"

ဒီတော့လည်း ဖေယျတုတခွမ်းခွမ်းရယ်နေတော့သည်။ ပြီးတော့ လက်ကနာရီကိုကြည့်ပြီး လမ်းမ,ဘက်မျှော်နေပြန်သည်။ ကျော်ထူးက ...

"ဟေ့ကောင် ... မျှော်မနေနဲ့ ခေါ်လိုက်လေကွာ ..."

"ဖုန်းလှမ်းဆက်လိုက်ရမှာလား ... ကျွန်တော်က လူကိုယ်တိုင်တွေ့ချင်တာဗျ"

"ဒါဆိုလည်း မှုတ်လိုက်လေကွာ"

"ဟွန်"

ရုတ်တရက် ကြောင်သွားသည်။ သို့သော် ချက်ချင်းဉာဏ်အလင်းပွင့်သည်။ ခရုသင်းစောင့်နတ်သမီးကလေးကို မှုတ်၍ခေါ်မည်စိတ်ကူးသည်။ ဆိုင်ထဲဝင်ပြီး ခရုသင်းကြီးကိုတယုတယမှုတ်ထည့်လိုက်သည်။

"ဗွီ"

နောက်တစ်ကြိမ်ကြိုးစားသည်။

"ဗွီ"

နတ်သမီးလေး အိပ်ပျော်နေဆဲ။ ဖေယျတုမျက်နှာကြီးလည်းနီရဲလာပြီ။ ထပ်လို့မှုတ်ဦးမည်။

"ဗွီ"

တတိယအကြိမ်မြောက်ဗွီမှ ကားကလေးကျွီခနဲထိုးရပ်လာသည် ... ညနေ။ ကျော်ထူးတကယ်ကို အံ့သြအထင်ကြီးသွားပြီ။ ဖေယျတုက' ကဲမပြောဘူးလား'ဆိုသောပုံစံဖြင့် မာန်တက်နေသည်။ အဖြူရောင်အထက်အောက်ဆင်တူနှင့် နွဲ့ပြေသောဆံနွယ်များကို လွင့်ဝေစွာလျှောက်လှမ်းလာနေသည်မှာ အဖြူရောင်ခရုသင်းစောင့်နတ်သမီးကလေးတစ်ပါးကြွလာလေသလား ထင်မှတ်မှားစရာပါလေ။

"ဘယ်လိုလဲ ... ကျွန်မမှာထားတာရပြီလား"

လေသံကလေးနည်းနည်း ချိုလိုက်လျှင်ဖြင့် အဘိုးအနဂ္ဃထိုက်တန်လှသော ရတနာတစ်ပါးဖြစ်သွားမှာပါ။ ရုပ်ရည်ကလေးနှင့် လေသံက ပြောင်းပြန်အချိုးကျသည်။

"ဟုတ်ကဲ့ . . . ရပါပြီ"

စစ်ပွဲများစွာအောင်နိုင်စွာသိမ်းပိုက်လာနိုင်ခဲ့သော စစ်သူကြီးတစ်ယောက်ဘုရင်မထံမှောက်မှာ သံတော်ဦးတင်နေသည့်အလား အောင်မြင်ခဲ့ညားသောလေသံဖြင့် အကြောင်းပြန်သည်။

"ဒါဖြင့်ပြ"

ဇေယျတုနောက်ဖက်မှာ ဝှက်ထားသောရှေးစီးကရက်ဘူးခွံကလေးကို ညနေမျက်နှာနား ကပ်ပြလိုက်သည်။ ဒန် . . . ဒန့် . . . ဒန် မမြည်ပါ)။

"ဒီမှာ"

ညနေ ဘူးခွံကလေးကိုသေသေချာချာစေ့စေ့စပ်စပ်ကြည့်သည်။ နားနားကပ်ပြီး လက်ညှိုးကလေးနှင့် တတောင်တောင်ခေါက်ကြည့်သည်။ ဇေယျတုမျက်နှာကိုလည်း တစ်ချက်အကဲခတ်လိုက်သည်။ ပြီးတော့ ထင်မှတ်မထားသောစမ်းသပ်မှုပြုလုပ်လိုက်သည်။ ဘူးခွံကို နမ်းကြည့်ပြီး အောက်သို့လွှတ်ချလိုက်ခြင်းပင်။ ဘူးခွံကလေးမှာ အနမ်းခံရပြီးလွှတ်ချခံလိုက်ရသဖြင့် ပျော်ရွှင်စွာကြေကွဲသွားလေသလားမသိ၊ ကလွှမ် . . . ကလွှမ်ပင်မြည်သွားသည်။ ဘူးခွံကလေးကို ကောက်ယူလိုက်ရင်းမေးသည်။

"ဘယ်လောက်လဲ"

"အာ . . . နေပါစေ၊ မပေးပါနဲ့ . . . ယူသွားပါ"

"ဘာရှင့်"

"ပြော် . . . ပိုက်ဆံမပေးပါနဲ့၊ အလကားယူသွားပါလို့"

"ဒီမှာ . . . ကျွန်မအမြတ်တနိုးသိမ်းထားမယ့်ပစ္စည်းဟာ သူများအလကားပေးတာမျိုးမဖြစ်စေရဘူး"

"ဟာ . . . ဒီ . . . ဒီလိုသဘောပြောတာမဟုတ်ဘူး။ လက်

. . . လက်ဆောင်ပေးတာ . . . ယူသွားပါ"

"လက်ဆောင်ပေးရအောင် ရှင်နဲ့ကျွန်မက အသိလည်းမဟုတ်၊ မိတ်ဆွေလည်းမဟုတ်ဘူး။ သူငယ်ချင်းတွေလည်းမဟုတ်ဘူး။ ချစ်သူတွေလည်းမဟုတ်ဘဲနဲ့ မယူချင်ဘူး။ ရှင်မရောင်းချင်ရင်နေ . . ."

ညနေ စီးကရက်ဘူးခွံကလေးကို မှန်ဘီရိုပေါ်တင်ပြီး ထွက်သွားတော့မည်ပြင်သည်။

"ဟာ . . . နေ . . . နေပါဦး။ ကျွန် . . . ကျွန်တော်က ညနေ ခဏခဏလာလာမေးပြီးရမသွားတော့ . . . အား . . . အားနာလို့ အဲဒါ"

"မလိုပါဘူး၊ ရှိရင်ရောင်း မရှိရင်မရောင်းနဲ့ပေါ့"

"နေ . . . နေပါဦးဗျာ . . . ခဏ . . . ခဏ ကျွန်တော်ပြောပါရစေ။ ယောကျ်ားတွေက မိန်းမတွေကိုလက်ဆောင်ပေးတာ သူ့မှာစွမ်းအားသတ္တိ ဘယ်လောက်ရှိသလဲဆိုတာ ပြချင်လို့တဲ့။ ဟို . . . ဟိုလေ . . . တင်ကျီးငှက်ဖိုတွေဟာ လှပတဲ့ခဲလုံးလေးတွေကိုကောက်ပြီး ငှက်မလေးကိုပေးတတ်တယ်။ ပြီးတော့ ငှက်ရွှေဝါကလေးတွေဆိုလည်း သစ်ရွက်ကလေးတွေ၊သစ်ခက်ကလေးတွေကိုချီပြီး ငှက်မလေးကိုပေးတတ်ကြတယ်တဲ့။ ကျွန်တော်လည်း . . ."

ညနေ စိတ်ရှုပ်သွားပြီထင်သည်။ ခေါင်းကို တပြုတ်ပြုတ်ကုတ်သည်။

"ကဲ . . . ရောင်းချင်ရင်ရောင်း၊ မရောင်းရင်ဘေးကိုဖယ်"

"အာ . . . ရောင်း . . . ရောင်းပါ့မယ်"

"ဘယ်လောက်လဲ ပြော"

"ထောင့်ငါးရာ"

ဖေယျာတုအရဲစွန့်ပြောချလိုက်ပြီး မျက်နှာမထားတတ်တော့၊ ခေါင်းငုံ့လိုက်မိမှတော့ ညနေမျက်နှာ ဘယ်လိုနေသည်သူမသိ။ ညနေ ပိုက်ဆံအိတ်ထဲမှ တစ်ထောင်တန်တစ်ရွက်နှင့် ငါးရာတန်တစ်ရွက်ကို ဆွဲထုတ်ပြီးပေးလိုက်သည်။

"ဟာ . . . ကျွန် . . . ကျွန်တော်ပြောတာ . . ."

"ဘာလဲ ... ရှင်ပြောတဲ့ဈေး ပေးတာပဲလေ။ ကျွန်မဆစ်တောင် မဆစ်ဘူး ... ကျေးဇူးပဲ။ ဟြော် ... ရနိုင်ရင် ထပ်ရှာထားပါဦး"

စီးကရက်ဘူးခွံကလေးကို ဆွဲယူပြီးဆိုင်ထဲမှ လှစ်ခနဲထွက်သွားလေသူကို ဧယျတုငိုင်ကြည့်နေရုံမှတစ်ပါး ဘာမှမတတ်နိုင်လိုက်ပါ။ နောက်ခံတီးလုံးအဖြစ် ကျော်ထူး၏တငွားငွားရယ်သံသာ ထွက်ပေါ်လာလေတော့သည်။

❑ ❑ ❑

စုံကန္တာဒီမြိုင်ခရီးမှာ ဘယ်ထီးမှမောင်မပါလေတော့ ကျောက်စရစ်တောခေါင်ခေါင်မှာ ကြိုးကြာမောင်ရေငတ်သည်သို့ ရှိသည်။ ကောင်းကင်ကိုမော့ကြည့်ပြီး တစ်စုံတစ်ရာကျိန်ဆဲလိုက်၏။ ပြီးတော့ အကျီကြယ်သီးကိုဖြုတ်ပြီး တဖပ်ဖပ်ခတ်ရသေးသည်။ ဤတစ်ကြိမ်ရှာပုံတော်ခရီးမှာတော့ ကျော်ထူးမလိုက်တော့။ သူ့ဆီမှာ ဆံပင်လာညှပ်သောအဘိုးကြီးတစ်ယောက်၏ သတင်းပေးချက်အရ ဟောဒီ မြောက်ဥက္ကလာ(၁၀)ဈေးနားသို့ရောက်ခဲ့ရလေပြီ။

'သွားပါများခရီးရောက်'ဆိုသော စကားမှန်သလား မှားသလား မသိ၊ ခြေတော့ညောင်းသည်။ 'လမ်းမသိ ခွေးနောက်လိုက်'ဆိုသော်လည်း ခွေးတွေကများသည်၊ ဘယ်ခွေးနောက်လိုက်ရမည်မှန်းမသိ။

'လမ်းဆုံးရင်ရှာတွေ့မယ်'တဲ့။ ဟုတ်ကဲ့ ရွာကတော့ဆုံးပါပြီ။ ဒီလမ်းက ရှေ့ဆက်သွားလို့မရတော့။ စက်ရုံအုတ်တံတိုင်းကြီးခံနေသည်။ ဘေးနားမှာ ကြွပ်ကြွပ်အိတ်များရေဆေးနေကြသော ကလေးများကိုသာမေးရ၏။ ကလေးများ၏ လက်ညှိုးများဆုံးရာကိုရောက်တော့ ...

"အန်တီ ... အန်တီဒေါ်ပူစူး ... အန်တီဒေါ်ပူစူးရှိလား ခင်ဗျာ"

လက်တစ်ဝါးသာသာ လှေကားထစ်ကလေးသုံးထစ်ကို တွေ့သော်လည်းမတက်ရဲ။ တော်ကြာ သာကေတတုန်းကလိုဖြစ်နေမှဒုက္ခ။ 'ခေါ်သံကြားလား ... ငါဟာရှက်လွှင့်'ရယ်လို့ ဇော်ဝင်းထွဋ်သီချင်းထဲကအတိုင်းမေးရမလိုဖြစ်နေစဉ် ...

"ဘာကိစ္စလဲဟေ့"

အသားမည်းမည်း ဝပြိပြိနှင့် အသက် ၆၀ ကျော်အရွယ် မိန်းမကြီးတစ်ယောက်ထွက်လာပြီးမေးသည်။

"အန်တီဒေါ်ပူစူးရှိလားခင်ဗျ"

"အေး ... ငါပဲ"

ပူစူးဆိုလို့ ငယ်ငယ်လေးမှတ်တာ။ ခုတော့ မည်းမည်းပြိပြိ မိန်းမကြီးပဲလို့ ဇေယျတုတွေးမိသည်။

"ဪ ... ဒီလိုပါ။ ကျွန်တော့်ကို အန်တီဒေါ်ပူစူးမသိပေမယ့် အန်တီဒေါ်ပူစူးကို ကျွန်တော်ကသိနေပါတယ်။ ဟို ... ကျော်ဟိန်းက ပရိသတ်အားလုံးကိုမသိနိုင်ပေမယ့် ပရိသတ်ကတော့ ကျော်ဟိန်းကို ..."

"မောင်ရင် ... မင်းဘာလာလုပ်တာလဲ။ ငါတို့အဲဒီအလုပ်မလုပ်ဘာကြာပြီ"

"ဗျာ"

"အေး ... ဗျာတွေဘာတွေလာမလုပ်နဲ့။ အရှုံးကွက်နင်းမယ်မကြံနဲ့နော်။ မင်းပြန်လို့ရပြီ"

"အန် ... အန်တီ ... ကျွန် ... ကျွန်တော်လာတာ ..."

"ငါ အောင်လိုက်မှာနော်။ ဟိုဘက်အိမ်က ဆယ်အိမ်ခေါင်းအိမ် ဘာမှတ်လဲ"

အင်ဒီယာနာဂျုန်း ဇာတ်ကားတွေထဲမှာ အရေးအကြောင်းဆို ကျဉ်းထဲကျပ်ထဲ ရောက်သွားတတ်သည့် ဟယ်ရီဆင်ဖို့ဒ်ကို ကိုယ်ချင်းစာမိသည်။

"ဒီ ... ဒီလိုပါ ... ကျွန်တော်ပြောပါရစေဦး။ အန်တီ့ဆီမှာ ပစ္စည်းဟောင်းလေးတွေ ရှိတယ်ကြားလို့"

"ဟေ့ ... မင်းကိုငါဘယ်နှခါပြောရမှာလဲ။ ငါတို့ဒီအလုပ်လုပ် မစားတာကြာပြီလို့"

ဇေယျာတုခမျာ ရှင်းလေရှုပ်လေဖြစ်ရပြီ။ ကျော်ထူးပါမလာတာ နောင်တရမိသည်။

"အာ ... မ ... မဟုတ်ပါဘူးခင်ဗျာ။ အန် ... အန်တီ့ ဆီမှာလေ ... ဟို ... ဟို ... ရှေးတုန်းက စီးကရက်ဘူးခွံအဟောင်း လေးတွေ ရောင်းမယ်ကြားလို့ ... အဲ ... အဲဒါ"

"မင်း ... ဘယ်သူပြောလဲ"

ခက်ပြီ။ ဆံပင်လာညှပ်သူအာဂန္တုကြီးကို ဘယ်လိုပြောရပါ့။ မတတ်နိုင်၊ နှုတ်ဦးတည့်ရာပြောရပေတော့မည်။

"ဟို ... ဥဒလမ်းထဲမှာ စာအုပ်ဟောင်းထိုင်ရောင်းတဲ့ ကိုသန်း စိန်က ပြောလို့"

ဒေါ်ပုစူးမျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။

"သန်း ... စိန် ... ဟို ... အသားမည်းမည်း ... ပိန်ခြောက် ခြောက်၊ မျက်မှန်နဲ့ကောင် ... ဟုတ်လား"

"ဟုတ်တယ် ... ဟုတ်တယ်အန်တီ"

"သူ ... သူ ... တခြားဘာမှာလိုက်သေးလဲကွဲ့"

"တခြားတွေတွေထူးထူးတော့မမှာပါဘူး။ အန်တီ့ဆီမှာ အန်တီ့ ယောကျ်ားသောက်သွားတဲ့ စီးကရက်ဘူးခွံလေးတွေရှိတယ်ဆိုလို့"

"သန်းစိန်က ..."

"ဟုတ် ... အန်တီ"

ဒေါ်ပူစူးမျက်နှာမှာ ချက်ချင်းမိုးတွေညို့လာလေပြီ ...။

"အေးလေ ... ခုတော့ ရောင်းဖို့စိတ်ကူးမရှိသေးပါဘူးကွယ်။ သန်းစိန်ကမသိလို့ညွှန်းလိုက်တာနေမှာပါ။ ဒါ ... ဒါတွေက အန်တီ့ အသည်းနှလုံးတွေပါကွယ်"

လာပြန်ပြီ အသည်းနှလုံးတဲ့။ သူ့ကြည့်တော့ မျက်ရည်ဝဲ့လာ တာတွေ့ရ၏။

"နှစ်တွေဘယ်လောက်ပဲကြာကြာ တစ်နေ့မှမေ့လို့မရပါဘူး ကွယ် ...."

"အန် ... အန်တီ ... ငိုတော့ မငိုပါနဲ့ဗျာ။ စိတ်ထိန်း ... စိတ်ထိန်း"

"အဲဒီစိတ်ပဲထိန်းလာတာ နှစ်ပေါင်းဘယ်လောက်ရှိပြီလဲ။ တစ်နေ့တစ်နေ့ ဒီဘူးခွံတွေပဲကြည့်ပြီး အလွမ်းဖြေနေရတာကွဲ့ အဟီး ... ဟီး"

ပုလဲခရိုတင်မက မိုးတွေပါရွာလာချေပြီ။ အပြင်မှာ နေဒီလောက် ချင်သော်လည်း ဒေါ်ပူစူးမျက်ဝန်းမှာတော့ မိုးတွေရွာလို့။

"ကိုဇော်ကြီးရေ ... ဒါကြောင့်မို့ ဒီဆေးလိပ်တွေကို မသောက် ပါနဲ့ ဖြတ်ပါတော့လို့ပြောတာ။ ပြောတာမှနားမထောင်တာ ... အဟွန့် ... ဟွန့်"

"ဟာ ... အန် ... အန်တီ ... မငိုနဲ့တော့လေ။ တော်ကြာ အိမ်တွေက တစ်မျိုးထင်ကုန်ပါဦးမယ်"

"ဆေးလိပ်နဲ့ကျုပ် ... ဘယ်သူ့ဖြတ်မှာလဲဆိုတော့ သူက ကျုပ်ကိုဖြတ်မယ်တဲ့။ သောက် ... သောက် ... ဒီဆေးလိပ်ကြောင့် သေရတာ။ ကိုဇော်ကြီးရေ ... အခု ... တော့်ဆေးလိပ်ဘူးတွေ လာဝယ် နေကြပြီတော့။ ကျုပ်ဘယ်လိုလုပ်ရမလဲ ... ဟိုကောင်၊မသာ ... သန်းစိန်က လွှတ်လိုက်တာတဲ့လေ ... အဟီးဟီး"

ဇာတ်ကနာပြီ။ အလွမ်းဓါတ်မီးလျှံများက တငွေ့ငွေ့လောင်ကျွမ်း

လာချေပြီ။ ဇေယျာတုမှာတော့ ပခုံးဖက်ပြီးလည်းမချော့ရဲ ရင်ခွင်ထဲဆွဲသွင်းပြီးလည်း မနှစ်သိမ့်ရဲ။ တစ်စုံတစ်ခုမှ တစ်စုံတစ်ရာထိဖြစ်သွားနိုင်လေသည်။

"အန်တီ ... မငိုပါနဲ့တော့ဗျာ ... နော်။ မရောင်းရင်လည်းမရောင်းပါနဲ့။ တကယ်လို့ရောင်းချင်စိတ်ရှိရင် ဒီလိပ်စာအတိုင်းလာခဲ့ပါ ... နော် .... တိတ် ... တိတ်။ ကျွန်တော်သွားပြီနော် ... ဘိုင့်ဘိုင်"

ငိုနေရင်းက ဇေယျာတုပေးသောလိပ်စာကဒ်ကိုကြည့်သည်။ ပြီးတော့ ဆင်းပြေးလေသောဇေယျာတုကို လှမ်းအော်ပြောလိုက်သေးသည်။

"လူလေး ... သန်းစိန်နဲ့တွေ့ရင် ပြောလိုက်ဦး။ အရင်အကြွေးတွေ ကျန်သေးတယ်လို့၊ သံသရာထိယူသွားချင်တယ်ဆိုလည်း ထားလိုက်တော့လို့ ... နော် ..."

❑ ❑ ❑

"အမှန်အတိုင်းပြောရရင် ဒီအသက်အရွယ်ထိ ပြောနေကြတာ သာ ကြားဖူးတာ။ တကယ်ဖာစ်မြစ်ကိုတော့ မသိတာအမှန်ပဲ ဦးလေး ရေ"

လက်ကလည်း တရှုပ်ရှုပ်ညှပ်နေသလို ပါးစပ်ကလည်း တဖွတ် ဖွတ်တွန်နေသည်။ တကယ့်ကျော်ထူးပါပေ။ ဦးမာယာတင် ကဗ္ဗည်းတင် လည်း တင်ချင်စရာ ... 'ဘူးသီး'ပီသပါပေရဲ့ ...။ ဇေယျတုတို့လို လူငယ်တွေနှင့်တွေ့တော့လည်း လူငယ်တွေမို့ ... ဟော ... အခုလို အသက် ၆၀ ကျော်လူကြီးတွေနှင့် တွေ့တော့လည်းလူကြီးတွေမို့။ ရော လည်းရောတတ်လွန်းပါပေသည်။ အခုလည်း ကိုယ့် Customer ၏ ဝါသနာနှင့် အသက်အရွယ်အလိုက် စကားနိုက်နေပြန်ပါပြီ။

"အေးကွာ ... ပြောရမှာတော့ ကလေးကလားဆန်တယ်ဟေ့ ... မင်းမေးလို့သာ ဖြေရမှာ ... ခပ်ရှက်ရှက်ပဲ"

"ဟာ ... ဦးလေးကလည်း ဘာရှက်စရာရှိလဲ။ ဒါအယူအစွဲ အနတ္တပြောတာမှမဟုတ်တာ"

ဖြေရမှာရှက်လို့သာ၊ ကျော်ထူးမေးရုံနှင့်လည်းချောင်းရှင်းနေပြီး ရေတစ်ခွက်ခပ်ပေးလျှင်ဖြင့် နောက်လူဆံပင်ညှပ်လိုက်ရမည်မထင်။

"တကယ်တော့ကွာ ... ဒီမောင်ချစ်နှမချစ် သားအမိသားအဖ ချစ်တာကို ၅၂၈ လို့ ဘာလို့သတ်မှတ်တာလဲ ... ဟုတ်လား။ အေး ... မင်းမေးသလိုပေါ့ကွာ။ ၅၀၀ ဖြင့် ၅၀၀၊ ၆၀၀ဖြင့် ၆၀၀ ဘာလို့ အတိအကျမသတ်မှတ်လဲ ... ဟုတ်လား။ ဒီလိုကွ ... ၅၂၈ ဆိုတာ အချစ်မဟုတ်ဘူး ... မေတ္တာ။ ဘယ်ကလာလဲဆိုတော့ သဗ္ဗေသတ္တာ အစရှိတဲ့ အနောဒိသမေတ္တာက (၅)ပါး၊ သဗ္ဗာကုတိယောစတဲ့ ဩဒိသ မေတ္တာက (၇)ပါးကွ။ သူတို့နှစ်ခုပေါင်းတော့ (၁၂)ပါးနော် ... ဟုတ်လား မောင်ကျော်ထူး"

ကျော်ထူးခမျာ တရားထောက်ကပွဲယကြီးဖြစ်ရပြီ ... မေးမိသည်ကို။

"ဟုတ်ကဲ့ ... ဦးလေး"

"အေး ... အဲဒီ (၁၂)ပါးကိုတည်၊ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တုဆိုတဲ့ ဟောန္တု (၄)ပါးနဲ့မြှောက်လိုက်။ ဘယ်နှပါးရလဲဟေ့"

"အင်း ... အဲ ... (၄၈) ရတယ်ဦးလေး"

"ဟုတ်ပြီ။ အဲဒီ(၄၈)ပါးကို အရပ်(၁၀)မျက်နှာနဲ့ မြှောက်ဗျာ။ ဘာလို့လဲဆိုတော့ အရပ်က(၈)မျက်နှာတင်မဟုတ်ဘူး။ အထက်ဘဝဂ် အောက်အဝီစိထိ ထည့်တွက်ရမှာ။ ဒီတော့ (၁၀) မျက်နှာပေါ့။ မေတ္တာ ပို့တာကလည်း အရပ်(၁၀)မျက်နှာမှာ ရှိရှိသမျှဝေနေယျတွေကိုပို့မှာ မဟုတ်လား"

"မှန်လှပါ ... အဲ ... ဟဲ ... ဟုတ် ... ဟုတ်ဦးလေး"

"အေး ... အဲဒီအရပ်(၁၀)မျက်နှာနဲ့မြှောက်တော့ ဘယ်လောက်ရလဲ"

"အပါး (၄၈၀) လေ"

"ဟုတ်ပြီ ... အဲဒီအပါး(၄၈၀)ကို စောစောက(၄၈)ပါးနဲ့ ပေါင်းဗျာ ... ဘယ်လောက်ရလဲ ..."

ကျော်ထူး ညှပ်စရာရှိတာမညှပ်သေးဘဲ သင်္ချာအလီမကျွမ်းသော ကလေးတစ်ယောက်လို လက်ချိုးကာတွက်နေသည်။

"၅၂၈"

"ဒါပဲ ... ဒါပဲပေါ့ မောင်ကျော်ထူးရာ"

ကျော်ထူးမှာသိချင်နေသည်ကို သိခွင့်ရပြီမို့ စိတ်အထူးကြည်နူးနေသည်။

"ကဲဗျာ ... ကျွန်တော်ခုမှပဲသိရတော့တယ်၊ ပြောနေတာတော့ ... ၅၂၈ ... ၅၂၈ နဲ့ ... ဒါဆို ၁၅၀၀ ကရော ဦးလေး"

"မောင်ကျော်ထူး ... တော်ရင်ကောင်းမယ်ထင်တယ်ကွဲ့၊ ဦးလေးမောတယ်"

"ကျွန် ... ကျွန်တော်ရေခပ်ပေးရမလား"

ကပ္ပိယကြီးပဲ ဒီလောက်တော့ ရုပ်ပေးရပါလိမ့်မည်။ ဇေယျတုတို့ ဆိုင်ရှေ့ကရေသန့်ဘူးကြီးထဲမှ ရေတစ်ခွက်ခပ်တိုက်လိုက်သည်။

"ဦးလေး ... ၁၅၀၀ ကျ ကိလေသာ ... ကိလေသာနဲ့ပြောနေကြတာ ... ကိလေသာကျဘာလို့ ၁၅၀၀ ဖြစ်ရတာလဲဟင်"

"အဟွန်းဟွန်း ... မောင်ကျော်ထူးကတော့ မေးတတ်ပုံကွယ်"

"ကျွန်တော်တကယ်မသိလို့ မေးတာပါဦးလေးရယ် ..."

"အေးကွာ ... ကိလေသာဆိုတာ တကယ်တော့ စိတ်ကိုညစ်ညူးပူပန်စေတတ်သောတရားလို့ဆိုတယ်ပေါ့ကွာ။ ကိလေသာက(၁၀)ပါးရှိတယ်။ မင်းတို့ကြားဖူးမှာပါ။ လောဘကိလေသာ၊ ဒေါသကိလေသာ၊ မောဟကိလေသာ၊ မာနကိလေသာ၊ ဒိဋ္ဌိကိလေသာ၊ ဝိစိကိစ္ဆာကိလေသာ၊ ထိနကိလေသာ၊ ဥဒ္ဓစ္စကိလေသာ၊ အဟိရိကကိလေသာနဲ့

အနေဓာတ္တုပ္ပက်ိလေသာဆိုတာ . . . အားလုံး(၁၀)ပါး။

ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ လူတစ်ဦးမှာ စိတ်က(၁)ခု၊ စေတသိက်က (၅၂)ခု၊ ပေါင်းလိုက်တော့ (၅၃)ပါး၊ ဒါကိုနာမ်တရားလို့ ဆိုရအောင်ကွာ။ လူမှာ ရုပ်ရယ်၊ နာမ်ရယ်ရှိတာကိုး . . .''

ကျော်ထူးက အဘိုးကြီးဒီလောက်အမြုပ်ထ,အောင် ပြောပြနေတာတောင် ခေါင်းကလေးပဲညိတ်ပြသည်။

''တစ်ခါ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဆိုတဲ့ နိပ္ဖန္နရုပ်က (၁၈)ပါး။ လက္ခဏာရုပ်က (၄)ပါး။ သူတို့ပေါင်းတော့ ဘယ်နှပါးလဲ (၂၂) ပါး၊ ဟုတ်ပြီ . . .။

ကဲ . . . စောစောက နာမ်တရား(၅၃)ပါးနဲ့ အခုရုပ်တရား (၂၂)ပါး ပေါင်းကွာ . . .''

''(၇၅) ပါးဦးလေး''

''အဲဒီ (၇၅) ပါးက လူတစ်ဦးစီမှာရှိတာ။ ခုနက ကိလေသာ (၁၀)ပါးနဲ့မြှောက်၊ ဘယ်လောက်ရလဲ . . .''

''(၇၅၀) ဦးလေး''

''အေး . . . အဲဒါ မင်းတို့ငါတို့ လူတစ်ဦးစီမှာရှိတာ။ လင်ရယ်၊ မယားရယ်ဖြစ်လာရင် တစ်ဦးစီမှာရှိတဲ့ (၇၅၀) စီပေါင်းကြရော . . . ကိုင်းဗျာ . . . အဲဒါ (၁၅၀၀) ပါပဲ . . .''

''ကဲ . . . ဦးလေး . . . ဆံပင်ညှပ်ခမပေးနဲ့တော့။ ဦးလေးကို ကျေးဇူးတင်တယ် . . . ကျွန်တော့်ကိုလင်းသွားအောင် ရှင်းပေးနိုင်လို့''

''ဟာ . . . မဟုတ်တာ မောင်ကျော်ထူးကလည်း''

ကျော်ထူး ထိုလူကြီးပေါ်ခြုံထားသော ခြုံထည်ကိုဆွဲယူလိုက်ပြီး စာခြွန်းခြွန်းခါလိုက်သည်။

''ကျွန်တော် ကုသိုလ်လုပ်တာပါ . . မပေးပါနဲ့ . . .''

''အေးကွာ . . . မောင်မင်းကြီးသား ကျန်းမာချမ်းသာပါစေဗျာ။ ကဲ . . . သွားမယ်နော်''

''ဟုတ် . . . ဟုတ်ကဲ့ ဦးလေး''

အဘိုးကြီးထွက်သွားမှ တစ်ခုခုကိုသတိရသွားဟန်ဖြင့် ...

"ဒါနဲ့ဦးလေး ... ဦးလေးကို တစ်ခုမေးရဦးမယ်"

"မေးဗျာ"

"ဦးလေး ဘာလို့ခုထိ မိန်းမမရသေးတာလဲ"

"ဒါတော့ကွာ အပြောမ်း ..."

အဘိုးကြီးမဖြေ ရှုးရှုးရှုးရှုးဖြင့် ထွက်သွားလေတော့သည်။ ကျော်ထူးကတော့ နည်းနည်းကလိလိုက်ရမှ။ တဟွန်းဟွန်းရယ်ရင်း ဆေးပေါ့လိပ်တိုကိုကောက်ယူလိုက်ပြီး မီးညှိလိုက်စဉ် ...

"မောင်ရင် ... ဒီဆိုင်ကကလေး ဘယ်သွားလဲကွဲ့"

ညနေ၏ဖခင်ဦးပေါ်လေးရောက်လာပြီး ဧေယျတုကိုမေးသည်။

"ဪ ... မြောက်ဥက္ကလာဘက်သွားပြီး ပစ္စည်းရှာတယ် အန်ကယ်။ ဟို .. အန်ကယ်တို့ရှာခိုင်းထားတဲ့ ရှေးစီးကရက်ဘူးခွံဆို တာလေ ..."

"ဪ ... အေး ... အေး ... အေး ... ဒါဆိုနောက်နေ့ကျမှ ထပ်လာခဲ့ဦးမယ်"

"ဟို ... ဟိုနေ့က ဘူးခွံတစ်ခုရပြီးပြီပဲ။ နောက်ထပ်လိုသေး တာလား"

"အေးကွယ် ... သမီးလေးလိုချင်တာဆိုတော့လည်း ..."

"ဟုတ်ကဲ့ ... လာတော့မှာပါ။ မနက်ဆိုင်ဖွင့်ပြီးကတည်းက ထွက်သွားတာ။ အချိန်ရရင် စောင့်ပါဦးလား"

ဦးပေါ်လေး လက်ကနာရီကို ငုံ့ကြည့်လိုက်ပြီး ...

"အင်း ... အချိန်ရတယ်တော့ မဟုတ်ဘူးပေါ့ကွာ"

"လာ ... ဒါဆို ဒီပေါ်ထိုင်။ အပျင်းပြေဆံပင်ညှပ်သွားပါ့လား"

"ဟော့ကောင် ... ဒီတစ်မွှေးနှစ်မွှေးရှိတဲ့ ဆံပင်ကိုညှပ်ရဦးမှာ လား"

"ဟာ ... အန်ကယ်ကလည်း ထောင်တတ်ရပ်ပန့်နီကေတောင် လုပ်လို့ရတယ်"

"မင်းကွာ . . . လူကြီးကို . . .

အေး . . . ဟိုကောင်လေး လာရင်သာမှာထားတဲ့ စီးကရက်ဘူးခွံတွေရပြီလားလို့ . . . နောက်နေ့လာခဲ့မယ်လို့"

ဦးပေါ်လေး လှည့်ထွက်သွားလေသည်။ ပြီးမှ နောက်ပြန်လှည့်ကာ . . . .

"ဒါနဲ့မနေ့ညက မန်ယူနဲ့ချဲယ်ဆီး ဘယ်လိုပြီးသွားလဲ"

"ဗျာ . . . ကျွန် . . . ကျွန်တော်မသိလိုက်ဘူး"

"ချာပဲကွာ"

ကျော်ထူးကို ချီးမွမ်းခန်းဖွင့်အပြီး . . .

"ဟာ . . . အန်ကယ် . . . ဟို . . . ဟိုမှာဖေယျတုပြန်လာပြီ"

ကျော်ထူးလက်ညှိုးညွှန်ရာကြည့်လိုက်တော့ သောင်ပြင်ပေါ်မှာ ဘိနပ်မပါဘဲ သဲသောဲကိုကြိုးချည်ပြီးဆွဲလာခဲ့ရသူလို ဖင့်နွဲးလေးလံနေသူ ဖေယျတုကိုတွေ့လိုက်ရသည်။

"ဟေ . . . ဖေယျတု . . . ဒီကလေးနာမည်က ဖေယျတုတဲ့လား"

"ဟုတ် . . . ဘာလို့လဲအန်ကယ်"

"နာမည်ကမင်္ဂလာရှိလိုက်တာကွာ။ ဒီခေတ်ထဲမှာ ဒီလိုနာမည်မျိုးရှားသွားပြီကွ။ မရှိသလောက်ပဲ"

ဖေယျတုလည်း ဦးပေါ်လေးကိုတွေ့လိုက်ရတော့ အိုအေစစ်ထဲမှာ စွံပလွံသီးလေးစားရင်း ရေချိုးကန်ထဲစိမ်နေရသလို လန်းသွားသည်။

"ဟာ . . . အန်ကယ် . . . ရောက်နေတာကြာပြီလား"

"အေး . . . မကြာသေးပါဘူးကွာ။ မင်းပစ္စည်းသွားရှာတာဆို"

"ဟုတ် . . . အန်ကယ်တို့လိုချင်တဲ့ စီးကရက်ဘူးခွံဟောင်းတွေ ရှာနေတာ"

"ဘယ်နှယ်လဲ . . . ရခဲ့လား"

ဧေယျတု ဖြည်းလေးစွာခေါင်းယမ်းပြရင်း ...

"ပစ္စည်းတော့တွေ့ခဲ့ပါတယ်။ ဒါပေမယ့် မရောင်းဘူးတဲ့။ ပစ္စည်းရတဲ့အပြင် ပိုင်နက်ကျူးလွန်မှုတွေရော၊ လက်ရောက်မှုတွေ၊ ကာယိခြေ ကျက်မှုတွေနဲ့ရော အချုပ်ထဲဝင်ရတော့မလို့"

ဦးပေါ်လေး အံ့အားသင့်သွားသည်။

"ဟော ... ဘာ ... ဘာဖြစ်လို့လဲ"

"သူ့ယောက်ျားသောက်သွားတာတွေ အလွမ်းပြေကြည့်နေတာ တဲ့။ ကျွန်တော်လာဝယ်တော့ သူ့ယောက်ျားကိုသတိရပြီး ထိုင်ငိုပါ လေရော။ ကျွန်တော့်မှာမနည်းချော့ခဲ့ရတယ် ... ဟူး"

"ဩော်"

"အန်ကယ် ... ထိုင်ဦးလေ"

"အေး ... အေး ... မထိုင်တော့ပါဘူးကွာ"

ပြောတော့မထိုင်တော့ပါဘူးတဲ့ ... လူကပက်လက်ကုလားထိုင် ပေါ် ရွေ့ခနဲရောက်နေပြီ။

"ဒါနဲ့ ... ကျွန်တော်သိချင်တာလေး ... အန်ကယ်မပြောသေး ဘူးနော်"

"ဘာများပါလိမ့်"

"အန်ကယ့်သမီးက ဒီလိုရှေးစီးကရက်ဘူးခွံတွေဘာလို့ စုတာလဲ ဆိုတာ ..."

"ဩော်"

ဦးပေါ်လေး၏ 'ဩော်'က အဓိပ္ပာယ်တွေအများကြီးပါလာ သည်။ နောင်တ၊ သံဝေဂ၊ ကရုဏာ၊ အနိစ္စနှင့်အနတ္တ။

"ပြောရမယ်ဆိုရင် ဦးသမီးလေးက ကံဆိုးရှာပါတယ်ကွာ။ မပြောချင်တော့ပါဘူး ..."

အမှိုင်းရောင်များ လွင့်ပျံ့ဝေဖုံးသွားလေပြီ။ မပြောချင်တော့ပါ ဘူးဆိုပေမယ့် ...

"ဦးသမီးက ဦးတို့ရဲ့တစ်ဦးတည်းသော သမီးကလေးပါ။ သူ့

မှာချစ်သူရှိတယ်။ ဦးတို့နှစ်ဖက်မိဘတွေလည်း သဘောတူပြီးသား။ ကောင်လေးက အားကစားသမား။ ဘောလုံးကန်တယ်။ အားကစားသမားဆိုတော့ ကျန်းမာရေးလိုက်စားတယ်။ ဒီတော့ စီးကရက်ဆေးလိပ်ရှောင်တယ်။ အရက်သေစာ မသောက်စားဘူးပေါ့ကွာ . . .။

သူ . . . အခု သင်္ဘောတက်သွားတာ (၃)နှစ်ကျော်ကြာသွားပြီ။ စာလည်းမလာ၊ ဖုန်းလည်းမဆက်၊ လူလည်းပြန်မလာတော့ သမီးလေးခမျာ နေ့ရှိသ၍တငိုငိုတရယ်ရယ်နဲ့ပေါ့ကွာ။ သူသင်္ဘောပေါ်က ပြန်ဆင်းလာရင် လက်ထပ်ဖို့စီစဉ်ထားကြတာ။ ခုလို ဘယ်ရောက်လို့ဘယ်ပေါက်နေမှန်းမသိ၊ ဘယ်သူ့ဆီစုံစမ်းရမှန်းလည်းမသိ၊ သေလား ရှင်လားလည်း ဘာမှကွဲကွဲပြားပြားမသိရတော့ သမီးကလေးစိတ်ထိခိုက်နေရတာပေါ့ကွာ။

သူ့ချစ်သူကိုစွဲလမ်းတဲ့စိတ်နဲ့ နည်းနည်းလွတ်လွတ်သွားတယ်။ သူ့ချစ်သူအင်မတန်မုန်းတဲ့ စီးကရက်ကိုအကြောင်းပြုပြီး စီးကရက်ဘူးခွံတွေ စုတော့တာပါပဲကွာ။ စီးကရက်ဘူးခွံတောင် အခုခေတ် ပေါ်နေတဲ့ စီးကရက်ဘူးခွံတွေမစုဘူး။ ရှားပေ့ဆိုတဲ့ ဟိုရှေးတုန်းက စီးကရက်ဘူးခွံတွေမှစုတာများ''

ဖေယျတုစိတ်ထဲ မိုးသားတိမ်ရိပ်တို့တလိပ်လိပ်မှိုင်းညို့အုံ့ဆိုင်းလာချေပြီ။ အလွမ်းချင်းကူးယှက်ပေါင်းဆက်သွားပြီပဲ . . . .။

''လွမ်းလိုက်တာ ညနေရယ်''

စိတ်ထဲက အော်ပြောသည်မို့ ဦးပေါ်လေးကြားလိမ့်မည် မထင်ပါ။

''သမီးလေးစိတ်သက်သာရာ ရပါစေတော့ရယ်လို့ သူဖြစ်ချင်တာလေးတွေ တတ်နိုင်သလောက်လိုက်လုပ်ပေးနေရတာပေါ့ကွယ်''

''စိတ်မကောင်းစရာပဲ အန်ကယ်ရယ်။ ကျွန်တော် သူနဲ့တွေ့လို့ရမလား . . . ဟင်''

''ဘာလုပ်မလို့လဲ''

''ဗျာ . . . ဘာ . . . ဘာမှမလုပ်ပါဘူး။ ကျွန်တော်အားပေးချင်

လို့ပါ"

"ဘာ! ... ဘာပြောတယ်ကွ"

"ဟို ... သူ .... သူ့ကို နှစ်သိမ့်ပေးချင်လို့ပါ။ အဲ ... အဲဒါ"

"မလိုဘူးကွ။ ရုပ်ရှင်တွေဗီဒီယိုတွေထဲကလို နှစ်သိမ့်ရင်းနဲ့ ရင်းနှီးသွား၊ ရင်းနှီးရာက နီးစပ်သွား၊ နောက် ... ချစ်သူတွေဖြစ်၊ မိဘတွေသိသွား .... မိဘတွေက သဘောမတူ၊ နောက်တော့ နိုးပြေးကြ၊ 'ဒီအဆင်တွေ ရိုးနေပြီ။ ဒါရုပ်ရှင်ရိုက်နေတာမဟုတ်ဘူးကွ နားလည်လား"

ဦးပေါ်လေး ပြောချင်ရာပြောပြီး ဒေါနှင့်မောနှင့်ထွက်သွားသည်။ ဧယျတုမှာတော့ သောင်ပြင်မှာလွှတ်ထားသည့်ဟိုအကောင်လို ယောင်တောင်တောင်ရပ်လို့ ကျန်ခဲ့ရှာလေသည်။

❑ ❑ ❑

"ဟာ ... ငါမလိုက်ချင်ဘူးဟာ ... နင်တို့ဘာသာနင်တို့ပဲ မေးကြ"

ဘုရားပုရဂုဏ်ထဲရောက်နေပြီးမှ မေဒင်ဆရာ့အခန်းထဲမဝင်ချင်၍ ညနေငြင်းနေသည်။ အေးအေးဆွေက ညနေလက်ကိုဆွဲထားပြီး ...

"နင်ကလည်းဟာ ရောက်လာပြီးမှတော့ မေးလိုက်ပါ။ လုပ်သင့်တာလုပ်လိုက်တော့ နင့်လူလည်း မြန်မြန်ပြန်လာနိုင်တာပေါ့ ..."

အေးအေးဆွေ၏ ဆွယ်တရားကြောင့် ညနေနည်းနည်းစိတ်ပါလာသည်။

"ရှက်စရာကြီးဟာ ... သူများတွေမြင်သွားရင် ဒုက္ခပဲ"

"ဘယ်သူတွေ မြင်မြင်ပေါ့။ ကိုယ်မဟုတ်တာလုပ်တာမှမဟုတ်ပဲ၊ ဗေဒင်မေးတာပဲဟာ ဘာဖြစ်လဲ"

တင်တင်နွယ်ကပါဆွဲခေါ်သဖြင့် ညနေယက်ကန်ယက်ကန်ပါလာသည်။ 'ဆရာ ဝိုင်းယဉ်နွယ်'ဆိုသော ဆိုင်းဘုတ်ချိတ်ထားသည့်အခန်းရှေ့ရောက်သောအခါ အေးအေးဆွေက ...။

"ဆရာမ ... ဆရာမရှိလားရှင့် ... ကျွန်မတို့ဝင်ခဲ့မလို့"

အထဲမှ အကြောင်းပြန်သံမကြားရ၊ သူတို့ကတော့ ဖွေ့ခနဲဝင်ထိုင်ကြ၏။

"ဆရာမ ... ကျွန်မတို့ရောက်နေပါပြီ။ မိန်းမချင်းပွင့်ပွင့်လင်းလင်းရင်ဖွင့် .... ဖွင့်"

"ဟင်"

အေးအေးဆွေစကားမဆုံးခင်မှာပင် အခန်းဆီးကြားမှ လူတစ်ယောက်ထွက်လာသည်။ အသားလတ်လတ်၊ အရပ်ပုပု၊ ပိန်ညှော်ညှော်နှင့် အသက်(၃၀)ကျော်ယောကျ်ားတစ်ယောက်က ကွမ်းသွေးကိုပျစ်ခနဲထွေးလိုက်ပြီး မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးကြမ်းကြမ်းတို့ကို ပွတ်သပ်ပစ်ရင်း ဗေဒင်ခုံရှေ့မှာဝင်ထိုင်လိုက်ရာ အားလုံး'ဟင်'ကုန်ကြသည်။ ဗေဒင်ဆရာက မီးခိုးရောင်ဟုယူဆရသော တိုက်ပုံအင်္ကျီနွမ်းဖတ်ဖတ်ကို သပ်သပ်ရပ်ရပ်ဖြစ်သွားအောင်ပြင်လိုက်ရင်း ညနေတို့ကို ဝေ့ကြည့်လိုက်၏။

"ဗေဒင်လား၊ လက္ခဏာလား၊ ဗေဒင်ရောလက္ခဏာရောရောသမမွှေလား ... ပြော"

ထိုင်မိမှ ပြန်အထရခက်နေသောကြောင့် မထူးဇာတ်ခင်းရလေပြီ။ အေးအေးဆွေကပင် လေသံကိုနှိမ့်ကာ ဟိုဟိုဒီဒီကြည့်ရင်း ...

"ဆရာ ... ကျွန်မတို့ပြောတာကို နားနဲ့မနာ ဖဝါးနဲ့နာပါဆရာ။ ဟိုလေ ကျွန်မတို့မိန်းမသားတွေရဲ့ဒုက္ခဆိုတာ ..."

တင်တင်နွယ်က ခန်းဆီးနောက်ဘက်ဆီလှမ်းကြည့်သည်။ ညနေလည်းယောင်ယမ်းပြီး နောက်ဘက်သို့လှည့်ကြည့်လှည့်ကြည့်လုပ်

နေသည်။ ဗေဒင်ဆရာလည်း သူ့နောက်သို့ပြန်လှည့်ကြည့်ရင်းက ...

"ပြော်ဟော် ... သဘောပေါက်ပြီ။ အဲဒါအတွက် ဟိုဘက်မှာ ဘုရားဖူးတွေသုံးဖို့အိမ်သာရှိပါတယ်။ အဲဒီမှာကိစ္စရှင်းလိုက်ပါ။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ သွားရင်းလာရင်းလေ။ ဆရာ့ဆီမှာတော့ မလုပ်ကြပါနဲ့ကွယ်။ ဆရာခုထိဈေးဦးမပေါက်သေးလို့ပါနော်။ တော်ကြာ လာဘ် တိတ်နေပါဦးမယ် ..."

"ရှင်"

တင်တင်နွယ် 'ရှင်'သွားသလို ညနေလည်းမျက်နှာမှာ နွေးခနဲ ဖြစ်သွားသည်။

"ဆရာ့ဆီလာကြတဲ့သူတွေက အများအားဖြင့် အပူသည်တွေ ပဲများတယ်ကွဲ့။ ဒီလိုအရေးပေါ်အခြေအနေကြောင့် ရောက်လာတဲ့သူ မရှိသလောက်ရှားပါတယ်။ ဟို ... ဘယ်လိုမှတော့ မအောက်မေ့ကြပါ နဲ့ ... နော်"

"ဆရာ ... ဘာတွေလျှောက်ပြောနေတာလဲ။ ကျွန်မတို့က ဗေဒင်မေးမလို့"

"ဟင်! ... ဗေဒင်မေးမလို့၊ ဆောရီး ... ဆောရီး"

ဗေဒင်ဆရာက ယင်ကောင်များကိုကြည့်သော ပင့်ကူတစ်ကောင် ၏အပြုံးမျိုးဖြင့်ကြည့်ပြီး ပင့်ကူပြုံးပြုံးလိုက်သည်။

"ဒီ ... ဒီလိုပါဆရာ။ ဟောဒီက ကျွန်မသူငယ်ချင်းမှာ ညည်းစား ရှိပါတယ်။ သူသင်္ဘောတက်သွားတာ (၃)နှစ်ကျော်ပြီဆရာ။ ခုထိ စာ လည်းမလာ၊ ဖုန်းလည်းမဆက်၊ လူလည်း ပြန်မလာလို့"

ဗေဒင်ဆရာက မေးဖျားပေါ်ကမုတ်ဆိတ်မွေးများကို တုန်ယင် သောလက်ချောင်းသွယ်သွယ်ကလေးများဖြင့် ပွတ်သပ်နေတော့သည်။

"ဟုတ်ပြီ ... သူက ဘာနေ့သားလဲ"

"ရှင်"

"သူဘာနေ့သားလဲလို့မေးတာ"

"မသိဘူးရှင့်"

ညနေကို အေးအေးဆွေက မျက်စောင်းထိုးကြည့်ရင်း ‘နင်က လည်း ကိုယ့်ရည်းစားတောင် ဘာနေ့သားမှန်းမသိဘူးလား’ လို့ အပြစ် တင်လိုက်သည်။

“နာမည်ကရော ဘယ်လိုခေါ်လဲ”

“တွံတီ”

“စနေသားဖြစ်ဖို့များတယ်။ မွေးသက္ကရာဇ်ရော သိလား”

“မသိဘူးရှင့်”

တင်တင်နွယ်က ‘နင့်ဟာမသိတာချည်းပဲ’ လို့ ဩဘာပေးပြန် သည်။

“အင်း ... ဒါဆို ဓာတ်ပုံတွေဘာတွေမရှိဘူးလား”

“အာ ... အဲဒါတော့ ရှိ ... ရှိပါတယ်”

ညနေ ပိုက်ဆံအိတ်ထဲမှ ပတ်စ်ပို့ဓာတ်ပုံကလေးတစ်ပုံ ထုတ်ပြ လိုက်သည်။ ဗေဒင်ဆရာက ဓာတ်ပုံကိုမမှိတ်မသုန်စိုက်ကြည့်ရင်း ...

“ကြည့်ကောင်းသားပဲ။ မင်းသားလုပ်ရင်တောင် ဖြစ်မယ့်ရုပ် ပဲ။ ဒါဆိုရင်တော့ အင်္ဂဝိဇ္ဇာနဲ့ဟောရတော့မှာပဲ ...”

စာရွက်တစ်ရွက်ပေါ်သို့ ဘောပင်တစ်ချောင်းဖြင့် ဟိုခြစ်ဒီခြစ် ခြစ်ပါလေတော့သည်။

“အင်း ... စနေသားဆိုရင်တော့ တိုင်ခြေမြေလူးနေတယ်။ သူ့ဒုက္ခကောင်းကောင်းရောက်နေပြီ။ ဒါပေမယ့် ခရီးသွားခြင်း၊ စကား ပြောခြင်း အောင်ဌာမယ်လို့ပြနေတယ်။ ငါ့ညီမကရော ဘာနေ့သမီးလဲ”

“အင်္ဂါပါဆရာ”

“ဟား ... စနေအင်္ဂါရေနဲ့ကြာပဲ။ တင့်တယ်တဲ့အဓိပ္ပာယ်ဆောင် ပြီးသား။ ဘာမှမပူနဲ့၊ သူပြန်လာမှာ”

“ဆရာရယ် ... ပြန်လာမယ်၊ ပြန်လာမယ်နဲ့ (၃)နှစ်တောင် ရှိနေပြီဆရာ”

“စိတ်ချ ... သူ့အလုပ်အကိုင် အဆင်မပြေဘူးဖြစ်နေတယ်။ အလုပ်ပြောင်းဖို့များတယ်။ အင်း ... စန်းအားလည်းကောင်းနေတော့

ဟိုမှာ အိမ်ထောင်တွေဘာတွေများ ...''

''ရှင်''

ညနေ မျက်လုံးလေးဝိုင်းသွားသည်။ အေးအေးဆွေနှင့်တင်တင်နွယ်တို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။

''ဆရာရယ် ... သူ့ဆီပြန်လာအောင် ဓာတ်ရိုက်ဓာတ်ဆင်လေးများလုပ်ပေးလို့ရမလား ဆရာ။ ရရင်လုပ်ပေးပါနော် ... ဆရာ''

ဗေဒင်ဆရာက ညနေ၏မျက်နှာကို တစ်ချက်ငေ့ကြည့်လိုက်၏။ ပြီးမှ မှင်သေသေဖြင့် ...

''ဒီလိုလုပ်တာ အန္တရာယ်တော့များတယ်ကွ။ အခန့်မသင့်ရင် သူ့ကိုသွားပြီး ခိုက်တတ်တယ်''

''ဒါဆို မလုပ်ပါနဲ့တော့ဆရာ''

ညနေကတားလိုက်ပါမှ ဗေဒင်ဆရာပျာပျာသလဲဖြစ်သွားရှာသည်။

''ဒီလိုလည်း မဟုတ်ပါဘူး။ ဓာတ်ပိုင်ရင် ဘာမှမဖြစ်ပါဘူး။ ဓာတ်ကိုက်ရင် နတ်လိုက်တတ်တာပဲ။ ဘယ် ... ပယောဂမှန်လို့ကတော့တုန်ဆင်းသွားစေရမယ်''

'''ဆရာ ... ဘာ ... ဘာတွေတုန်ဆင်းမှာလဲဆရာ''

''ဟမ်! ဪ ... ဘေးအနှောင့်အယှက်ရှိတာမှန်ရင် မကပ်နိုင်အောင်ကို ဖြစ်စေရမယ်လို့ပြောတာ''

''ဟာ ... ဒါဆို ... လုပ် ... လုပ်ပေးပါဆရာ''

''ကဲ .. ငါ့ညီမတို့လိုက်မှတ် ... လုပ်ရမှာနည်းနည်းများတယ်။ တစ် ... စနေနေ့ညကိုးနာရီမှာ ကြမ်းပြင်ပေါ်သူ့နာမည်ကို မီးသွေးခဲနဲ့ရေး၊ နာမည်ပေါ်ခွထိုင်ပြီး ခုံဘိနပ်နဲ့နောက်ပြန်(၇)ချက်ရိုက်၊ ပါးစပ်ကလည်း 'ချဉ်း ... ဆရာ ... ချဉ်း၊ ကပ် ... ဆရာ ... ကပ်၊ မြာမြာလန်ပျော့ မြန်မြန်လာ'လို့ခေါ်။ ရတယ်နော် ... ဟုတ်ပြီ။ နှစ်အချက် စနေသားရုပ်ရှင်မင်းသားနဲ့ အင်္ဂါသမီးရုပ်ရှင်မင်းသမီးမင်္ဂလာသတို့သား သတို့သမီးလိုဝတ်စားထားတဲ့ပုံပါတဲ့ပိုစတာကို နံရံမှာချိတ် ...''

"ဆရာ စနေသားရုပ်ရှင်မင်းသားကတော့ "နေတိုး' ရပါရဲ့၊ အင်္ဂါသမီးရုပ်ရှင်မင်းသမီးက ဘယ်သူရှိမလဲဆရာ ... ဆုရွှန်းလဲ့ကျ တော့လည်း နေတိုးနဲ့တွဲရိုက်ထားတာမရှိဘူး"

တင်တင်နွယ်အဲလိုဖြတ်မေးတော့ ဗေဒင်ဆရာရုတ်တရက် ကြောင်သွားသည်။

"ကဲ ... ဒါဆိုဒီလိုလုပ်။ နေတိုးနဲ့မင်းသမီးတစ်ယောက်ယောက် ပုံပါတဲ့ပိုစတာပေါ် ဒီကင်္ဂါညီမ သတို့သမီးဝတ်စုံနဲ့ရိုက်ထားတဲ့ဓာတ်ပုံကို ဖြတ်ကပ်ချင်ကပ်။ ဒါမှမဟုတ် မင်းသမီးမျက်နှာနေရာမှာ ညည်းမျက်နှာ ဓာတ်ပုံကို ဖောက်ကပ်ထားလိုက် ဟုတ်ပြီလား"

"ဟုတ်ဆရာ"

"ပြီးတော့ ... အဲဒီပိုစတာပေါ် ဆေးပင်အပြာနဲ့ ... အပြာနဲ့ နော်၊ အနီတို့အနက်တို့မသုံးရဘူး။ စာရေးရမယ် ... 'ထန်းလျက် နှစ်လုံးပူး'လို့"

"ရှင်"

"ထန်းလျက်(ထညက်)လေ ... သိတယ်မဟုတ်လား"

"ဟုတ် .. အဲ ... အဲ့ဒါက ..."

"ဆရာခိုင်းတာလုပ် ... ထညက်နှစ်လုံးပူးဆိုတာ 'တစ်သက် မမုန်းဘူး'လို့ပြောတာ ... ဝေးတယ်ကွာ"

"ပြီးတော့ စနေ–အင်္ဂါ ဓာတ်ဖက်အောင် ကက်ကင်းအပြန် အလှန်ဖြစ်မယ့် 'နမ်းဆီ–တစ်ဖွန်း'နဲ့'နို့ဆီ–တစ်ဖွန်း'ကို 'နှင်းဆီ–တစ် စည်း'ပေါ်လောင်းချပြီးရင် 'လေမလာကြာတိုင်းကောင်း။လေ့သူကြီးကို လေ့သားထောင်း'လို့ (၃)ခါအော်ရမယ်။ ဒါဆိုရပြီ ...။ ဆရာခိုင်းတာ သာ ယုံယုံကြည်ကြည်လုပ်။ မကြာခင် မင်းတို့အိမ်ပေါ်ကို ဆိုက်ဆိုက် မြိုက်မြိုက်ကြီး တက်လာလိမ့်မယ်"

"ကျေးဇူးပါပဲဆရာရယ်။ ဆရာမကယ် သေဖွယ်သာရှိပါတယ် တော့တယ် ... ရှုံ့ရှဲ့ညီ ... ရှုံ့ရှဲ့ညီ"

အေးအေးဆွေက တရုတ်–မြန်မာနှစ်ဘာသာဖြင့် ကျေးဇူးတင်

နေသည်။ တင်တင်နွယ်က 'ဆရာ့ကို ဘယ်လိုကန်တော့ရမလဲဆရာ' လို့မေးတော့ ...

"စနေသားနဲ့အင်္ဂါသမီးအတွက် ကက်ကင်းကိုက်သွားအောင် ၇-၃၊ ၃-၇ ဆိုတော့ ၃၇၀၀ိ/ပဲ ပေးခဲ့ပါတော့ ...အငင်းငင်းငင်း"

ညနေပိုက်ဆံအိတ်ထဲမှ ၃၇၀၀ိ/ ထုတ်ပေးလိုက်ပြီး ထပြန်ကြလေသောအခါ အသက်(၃၇)နှစ်သာရောက်လာသည်အထိ တစ်ခါမှ ဒီလောက်ပေဒင်ဟောခမရဖူးသော ပေဒင်ဆရာပိုင်းယဉ်နွယ်တစ်ယောက် အပျော် ကြီးပျော်နေသည်။ သူ့ထက် ၃ တန်းကျောင်းသူ စနေသမီးကြီး သာသိလျှင် ပိုပျော်နေပေလိမ့်မည်။ မနက်ဖြန် ကျောင်းဝင်ကြေး ၃၇၀၀ိ/ သွင်းနိုင်ပြီမို့လေ။ မနက်ဖြန် (၇)ရက်နေ့ နောက်ဆုံးသွင်းရမှာတဲ့။

❑ ❑ ❑

"ရှုံးမယ်မှန်းကြိုသိနေတဲ့ပြိုင်ပွဲကို အမောခံပြီးဝင်မပြိုင်ချင်တော့ပါဘူးဗျာ ...။ ကျွန်တော့်ကို ပျော့ညံ့တဲ့လူ ... သတ္တိနည်းတဲ့ယောကျ်ားလို့ ထင်ချင်လည်းထင်တော့။ ဒုတိယလူဆိုတာ ဒုတိယနေရာမှာပဲ နေရမှာပေါ့ဗျာ ..."

ဇေယျတုအဲသလိုလွှမ်းလွှမ်းဆွတ်ဆွတ်ရွတ်လာတော့ ကျော်ထူးသောက်လက်စဆေးပေါ့လိပ်တိုကို အနားမှာရှိသော ကုက္ကိုပင်မြစ်ဆုံပေါ်ထိုးချေပစ်လိုက်သည်။

"ဟော့ကောင် ... စစ်ပွဲကဖြင့်မတိုက်ရသေးဘူး။ မင်း စစ်မရောက်ခင်မြားကုန်မနေနဲ့။ ယောကျ်ားပဲကွာ ... တိုက်ရင်းသေရတာမြတ်တယ်"

✿ ရွှေသမီးစာပေ ✿

ဆိုင်လားမဆိုင်လားတော့မသိ။ ကြားဖူးနားဝများနှင့် အားပေးနေမိသည်။ ပြီးတော့ ဘေးနားမှာရှိနေသော မဂ္ဂဇင်းတစ်အုပ်ကိုဆွဲလှန်ရင်း သူနှစ်သက်သော အဆိုအမိန့်ကလေးတစ်ခုကိုပြလိုက်သည်။

"ဒီမှာ ကြည့်စမ်းဖေချော ...

အချစ်ဆိုတာ ရာသီမရွေးသီးတဲ့ သစ်သီးတစ်လုံး ...

လူတိုင်းရဲ့လက်တစ်ကမ်းမှာရှိတယ် ... တဲ့ ... 'မာသာထရီဇာ' ကပြောတာ ...

ဟုတ်တယ် ... သူပြောတာမှန်တယ်။ ဖရဲသီးဆို နွေကျမှပေါ်တယ်၊ သရက်သီးလို မိုးကျမှပေါ်တယ်ဆိုတာမျိုးလည်း မဟုတ်ဘူးကွ။ အချိန်မရွေး အခါမရွေးသီးတယ်၊ ရာသီဥတုမရွေးဘူး။ ပြီးတော့ လူတိုင်းရဲ့ လက်တစ်ကမ်းမှာရှိတယ်။ ဒါလည်းမှန်တာပဲ။ အခု မင့်လက်တစ်ကမ်းမှာ အချစ်သစ်သီးလေးရှိနေတယ်။ မင်းခူးစားလိုက်ရုံပဲပေါ့ကွ ..."

ကျော်ထူးက ဒီလိုကျတော့ မဆိုးဘူးပဲ။ ဖြတ်ထိုးဉာဏ်သုံးပြီး အားပေးတတ်ပါပေသည်။ ဖေချော မဂ္ဂဇင်းကိုယူကြည့်လိုက်ပြီး သက်ပြင်းမောကြီးထုတ်ပစ်လိုက်မိသေးသည်။ မဂ္ဂဇင်းကိုဟိုလှန်ဒီလှန် လှန်ကြည့်ရင်းက ကဗျာတစ်ပုဒ်ကိုသွားတွေ့သည်။ 'ဒဏ်ရာဒိုင်ယာရီ' တဲ့။

ဆိုခဲ့ရတဲ့ တေးတွေက
အဆွေးဆွတ်ထားတာများတယ် ...
တယောမရှိလို့
ရင်ဘတ်ကို ဘိုးတံနဲ့ထိုးကြည့်တော့
လူသိပ်မသိတဲ့တိမ်တွေပဲ အိကျလာတယ်။
ခုတော့ ...
လူရှိသေရှင်ရှိသေနောင်တလေးကိုပဲ
ခဏ ခဏဖွင့်ကြည့်မိတယ် ...
ပြီးတော့
သစ်ရွက်တွေပေါ် ကိုယ့်နာမည် ကိုယ်ထိုးလို့
မိုးရွာသလို ရွာချလိုက်မိတယ်။

တစ်ချိန်ချိန်ရောက်မှ
ကောက်ရတဲ့သူတွေ သိကြလိမ့်မယ်
မွန်မွန်ရည်ရည် အရွှေးတစ်ယောက်ရဲ့
ထူးထူးခြားခြား အလင်းတန်းတွေကို။ ။

ဩော် ... ကဗျာဆရာရယ်၊ သဘောထားချင်းတိုက်ဆိုင်လှပါလားရယ်လို့တွေးရင်း သက်ပြင်းချသြရှည်ကို ထပ်ဆွဲလိုက်မိလေသည်။

"ဟော့ကောင် ... သက်ပြင်းတွေချည်းချမနေနဲ့ကွာ ...

ရော့ ... မှုတ်လိုက် ... ခရုသင်းစောင့်နတ်သမီးလေး လာမလာ ခေါ်ကြည့်ကြဦးစို့ ..."

ကျော်ထူးခမျာ ဇေယျတု၏ဝေဒနာကို မကြည့်ရက်တော့ဘူး ထင်သည်။ ခရုသင်းကြီးကိုယူလာပြီး ညနေကိုခေါ်နိုင်းနေသည်။

"မမှုတ်ချင်ပါဘူးဗျာ။ ရောက်မလာရင် ကျွန်တော်ခံစားနေရဦးမယ်။ ရောက်လာတော့လည်း ဒုတိယလူပဲဗျာ၊ ဘာပြောခွင့်ရှိတော့မှာလဲ"

"မင်းပြောကုန်တဲ့စကား တော်တော်ပြောတဲ့ကောင်ပဲကွ။ ရော့ ... မှုတ်လိုက်။ အနည်းဆုံး သူ့အဖေကြီးရောက်လာတော့လည်း သူ့ကိုယ်စား ဖြေလို့ရသေးတာပေါ့ကွာ"

ဇေယျတုမှာ သူအလွန်နှစ်သက်မြတ်နိုးလွန်းလှသော ခရုသင်းကြီးကို ခုတော့အချိန်မရွေးပေါက်ကွဲသွားနိုင်သော ချိန်ကိုက်ဗုံးကြီးကိုင်ထားရသလို ကြောက်ရွံ့ဝန်လေးမိသည်။ နောက် ... ဝတ္တရားမပျက် မှုတ်ကြည့်လိုက်သည်။

"ဗွီ"

သုတိကျက်သရေနှင့်ပြည့်ပေသော ဗွီသံဆုံးတော့ ကားလမ်းမ,ပေါ်မျှော်ကြည့်လိုက်မိသည်။ ဆိုက္ကားတစ်စီးတောင် ဖြတ်မသွား။ နောက်တစ်ကြိမ် ...။

"ဗွီ"

လမ်းမ,မျှော်ကြည့်လိုက်တော့ တောင်းကိုရွက်ထားသောမိန်းမ

ကြီးတစ်ယောက် ကလေးကိုလက်ဆွဲပြီး လျှောက်သွားတာ မြင်လိုက်ရသည်၊ ကဗျာသိပ်မဆန်။ ကျော်ထူးမျက်နှာကတံခါးကြားမှာညပ်နေသော အိမ်မြှောင်ကလေးလို။ နောက်တစ်ကြိမ်ခွေးမြွေစွာ မှုတ်လိုက်ပြီးသည်။

"ဖွီ"

ဤတွင် ထုံးစံအတိုင်း ကားကလေးထိုးရပ်လာချေပြီ။ ဖေယျတုမျက်နှာ မန်ကျည်းသီးမှည့်နှင့် ပွတ်လိုက်သော ကြေးလင်ပန်းကြီးလိုဝင်းလက်သွားလေသည်။ သို့သော် ...

"လူလေး ... မောင်ဖေယျတု ... ဦးကို တစ်ခုကူညီကွာ"

အနားသို့ လူမရောက်မလာခင်ကပင် အကူအညီတောင်းသံကအရင်ရောက်လာသည်။

"ဦးနဲ့ခဏလိုက်ခဲ့ပါလား။ ဆိုင်ကို မောင်ကျော်ထူးနဲ့ ခဏအပ်ထားခဲ့ပေါ့။ ဖြစ်တယ်မဟုတ်လား"

ဖေယျတုခေါင်းညိတ်ရုံသာညိတ်ရင်း ဦးပေါ်လေးနှင့်ကပ်ပါသွားလေသည်။ ကားကလေးထဲဝင်ထိုင်လိုက်သည်နှင့် ချစ်သူ၏အငွေ့အသက်ကိုရလိုက်သလိုခံစားရသည်။ ကားကလေးကရွှေတောင်ကြားထဲရှိ ချိုဗ်းနိမ့်မြင့်အလိုက်မောင်းလာရင်း ကျယ်ဝန်းလှပသော ခြံဝင်းတစ်ခုရှေ့ရောက်လာသော် ဟွန်းသံနှစ်ချက်ဆင့်တီးလိုက်ရာ ခြံတံခါးပွင့်သွားလေသည်။ သစ်ရပ်ခံ့ညားလှစွာသော တိုက်ကြီး၏ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်ပြီး သန့်ရှင်းဝင်းလက်နေသော တိုက်ကြီးထဲသို့ဝင်လာရသည်။

"ကဲ ... လာကွာ ... အပေါ်ထပ်တက်ရအောင်"

ဦးပေါ်လေးခေါ်ရာ မမိုတ်မသုန်လိုက်လာရင်း Stainless Steel ပွတ်လုံးထိုးလက်ရန်းအတိုင်း တက်လာကြသည်။

"ထိုင်ကွာ ... မောင်ဖေယျတု"

ဦးပေါ်လေးက ပြောင်ရှင်းဝင်းမွတ်နေသော ပါကေးခင်းကြမ်းပြင်ပေါ်ညွှန်ရင်း ယခုတစ်ပတ်ထုတ် အားကစားဂျာနယ်သုံးလေးစောင်ကိုလည်း ဘုတ်ခနဲပစ်ချပေးလိုက်သည်။

"စိရော်နယ်ဒို ရိုးရဲယ်ကို ပြောင်းသွားပြီဆိုတော့ မန်ယူမှာတိုက်စစ်အားနည်းသွားတာပေါ့ကွာနော်"

ဦးပေါ်လေးက အသံကိုမြှင့်ပြောလိုက်ပြီး ဇေယျတုနားဝင်ထိုင်လိုက်၏။

"ဗျာ"

ဇေယျတု အကင်းမပါ။ ဗျာနေသေးသည်။ ဗျာပေမပေါ့ ... ဘောလုံးဆိုလို့ လေထိုးထားသောသားရေအိတ်အလုံးကြီးဆိုတာက ဘဲ့လို့ဘာမှသိပ်မသိပဲ။ ဦးပေါ်လေးက ဇေယျတုကိုမျက်စိတစ်ဖက်မှိတ်ပြလိုက်သည်။

"ဩော် ... အင်း ... ဟုတ်ပါရဲ့"

"ဖာဂူဆန်တော့ တော်တော်ပျားတုပ်သွားမှာပဲနော်"

"ဒါတော့မပူပါနဲ့ ... အနဲကယ်ရယ်၊ ဂျရတ်ရှိပါသေးတယ်"

"ဂျရတ်က လီဗာပူးကပါ။ မန်ယူကမဟုတ်ပါဘူး"

နတ်သမီး ... ခရသင်းစောင့်နတ်သမီးလေးအသံ။ ဇေယျတု မ်းသာစွာတုန်လှုပ်သွားသည်။ အသံလာရာကြည့်လိုက်တော့ ခပ်လှမ်းမ်းရှိ ပလတ်စတစ်ပက်လက်ကုလားထိုင် [Dream bad] ပေါ်မှာလဲလျောင်းနေသော ညနေဦးခေါင်းလေးကို မြင်နေရသည်။ ဦးပေါ်လေးက အချိန်မီဂျာနယ်တစ်စောင်ပေါ် လက်ညှိုးထောက်ပြလိုက်ရ၏။

"အေးလေ ... ဂျရတ်က လီဗာပူးကပွတိန်ပါကွ။ မင်းကည်း ..."

"ဩော် ... ဟုတ်သား။ ဆောရီး ... ဆောရီး"

နောက် ဂျာနယ်ကိုအရေးပေါ်ကောက်ကြည့်ရင်း ...

"မော်ရင်ညို့ကြီးမရှိတော့တဲ့နောက် ချဲယ်ဆီးလည်း တောက်လျှောက်ကျသွားတာပဲနော်"

ဇေယျတုအပြောကြောင့် ဦးပေါ်လေးလက်မ,ထောင်ပြလိုက်သည်။

"အခု မန်ယူကလည်း လူသစ်တွေထပ်ခေါ်မှာတဲ့ကွ"

"ဟာ ... ခေါ်သင့်တာပေါ့ဗျာ။ တိုက်စစ်က ဝွေးနီတစ်ယောက် ပဲကျန်တော့တဲ့ဥစ္စာ"

"အင်းကွ"

"ဝွေးနီမဟုတ်ပါဘူး ရွှန်းနေပါ။ ရှုးနီလို့လည်းခေါ်တယ်"

"အန်"

ဖေယျတုတို့ကတော့ လုပ်ပြီ။ ဒီလောက်ကမ္ဘာကျော်တဲ့ ဘောလုံးသမားကိုတောင် တလွဲခေါ်နေတော့သည်။ အမှားပြင်ဆင်ချက်ကို ညနေလှမ်းပေးလေသည်ပဲ။ နောက် ပရိုးယားလိဂ်ပွဲစဉ်များ၊ လာရီကာဖလားပွဲစဉ်များ၊ ကာလင်းဖလားပွဲစဉ်များ၊ အက်ဖ်အေပွဲစဉ်များဖတ်ပြီး တစ်ယောက်တစ်လှည့်ပြောလိုက်၊ မှားနေသည်များကို ညနေက ထောက်ပေးလိုက်နှင့် Sport talk ကလေးကလှပစွာ စိမ်းလန်းနေလေတော့သည်။

❑❑❑

''ဘယ်ရမလဲ ... ကျွန်တော်နဲ့အဘိုးကြီးက ဂျာနယ်တွေထိုင်ကြည့်ပြီး သူကြားအောင် လျှောက်ပြောလိုက်တာပေါ့။ ဟား ဟား ဟား ဟား ... ဇေယျတုသဗ္ဗမင်္ဂလာ''

ဖြစ်စဉ်များကို စမြုံ့ပြန်ပြီး လေလွင့်တိမ်စိုင်လေးလို ပေါ့ပါးလွင့်ဝဲနေသည်ကိုကြည့်ရင်း ဦးမာယာတင်နှင့်ဒေါ်ခင်ခင်ကြီးတို့ ပီတိဖြစ်နေကြသည်။

''အဟိုးဟိုးဟိုး ... ဇေယျတုသဗ္ဗမင်္ဂလာ ... ငါ့သားက ဒီလိုကျတော့လည်း ဘယ်ဆိုးလို့လဲ ... ငါ့သားပီသတယ်''

''တော်ချည်းမဟုတ်ပါဘူးတော့် ... ကျွန်မလည်းပါပါသေးတယ် ... ဇေယျတုသဗ္ဗမင်္ဂလာ''

✿ ရွှေသမီးစာပေ ✿

သားအမိသားအဖသုံးယောက်၏အရယ်အပြုံးများက ခုံးခုံးထနေတော့သည်။

"အင်း ... သတ္တဝါအသက်တစ်ချောင်း ကယ်တင်ကောင်းပါတယ်ကွယ်။ မင်းအခုလိုအားပေးလိုက်တော့ သူ့ခမျာစိတ်တွေလန်းလာပြီး ကျန်းမာလာမှာပေါ့ကွာ။ မင်းကုသိုလ်ရပါတယ် ... ဖေယျတုသဗ္ဗမင်္ဂလာ"

ဦးမာယာတင်က ခေါင်းတဆတ်ဆတ်ညိတ်လျက် ချီးမွမ်းခန်းဖွင့်သည်။

"မာသာထရီဇာတို့၊ လေဒီဒိုင်ယာနာတို့ဆို ဟို ... အာဖရိကထိသွားပြီး အေအိုင်ဒီအက်စ်ရောဂါသည်တွေ၊ မိဘမဲ့ကလေးတွေကို နွေးနွေးထွေးထွေးနှစ်သိမ့်ပေးကြသေးတာပဲ။ ငါ့သားလည်း စိတ်မကျန်းမာသူတစ်ဦးကို ခုလိုကူညီလိုက်တာ ... ဒါတနိုင် ဇီဝိတဒါနလုပ်လိုက်တာပဲကွဲ့။ ကောင်းတယ် ... အမေတို့ဂုဏ်ယူတယ် ... ဖေယျတုသဗ္ဗမင်္ဂလာ"

ဒေါ်ခင်ခင်ကြီးလည်း ဖေယျတု၏လူသားဆန်မှုကို ဂုဏ်ပြုလိုက်သေးသည်။

"အင်း ... သတ္တဝါတစ်ခု ကံတစ်ခုပဲ ...။

သူတို့မှာ စည်းစိမ်ဥစ္စာတွေ ပြည့်စုံကြွယ်ဝကြပေမယ့် ဒီသမီးလေးရဲ့ဆန္ဒကိုဖြည့်ဆည်းမပေးနိုင်ကြတော့ သူတို့လည်းဘယ်စိတ်ကောင်းကြလိမ့်မလဲ"

ဖေယျတုကတော့ ဦးမာယာတင့်ကိုသာ မမြင်ဖူးသေးသောလူကြီးတစ်ယောက်ကိုတွေ့နေရသလို သေသေချာချာစိုက်ကြည့်နေတော့သည်။

"ဒါလည်း အတိတ်ဝဋ်ကြွေးလို့ ဆိုနိုင်တာပဲကွဲ့၊ ဒါမှဒါလို့ တန်းတန်းစွဲတာ။ ဝိပဿနာတရားလေးဘာလေး ရှုနိုင်းဖို့ကောင်းတယ်။ အနည်းဆုံး အာနာပါနလေးတော့ ... မှတ်နိုင်းရမယ်။ ဖြစ်ပျက် ... ဖြစ်ပျက်နဲ့ ဒီအနိစ္စကိုသိသွားရင် ဖြေတတ်သွားမှာပါ ... ဖေယျတု

သဗ္ဗမင်္ဂလာ . . .''

ဒေါ်ခင်ခင်ကြီးကလည်း စာတွေ့ငါတွေ့နှစ်တွေသော အတွေ့နှင့်ယှဉ်ပြီး သုံးသပ်ပြနေသည်။

''အမေ''

''ဟင်''

''တကယ်လို့သူသာ အမေတို့ချွေးမလေးဖြစ်လာရင် အမေတို့ဘယ်လိုနေမလဲ''

ဧယျုတုဆီက မထင်မှတ်သောစကားကြောင့် ဦးမာယာတင်ရော ဒေါ်ခင်ခင်ကြီးပါ အံ့အားသင့်သွားကြသည်။

''မင်း . . . မင်းတို့ အဲဒီလောက်ထိအောင် ခရီးရောက်နေကြပြီလား''

ဥက္ကာပျံအပိုင်းအစကြီး ကမ္ဘာမြေဆီလွင့်ကျလာပြီဆိုတုန်းကတောင် ဒီလောက်မအံ့ညြခဲ့။

''အဲဒီလောက်တော့ မဟုတ်သေးပါဘူး။ သဘောပြောတာပါ''

''ဟဲ့သား . . . မစားကောင်းတဲ့အသီးဆိုတာ ရှိတယ်နော်။ ဘီလူးစည်း လူ့စည်းဆိုတာ မကျော်ရဘူး''

''အမေကလည်းဗျာ . . . ဖူးစာဆိုတာ ဦးရာလူပါဗျ''

''ဒီမှာသား . . . ပွဲလန့်တုန်းဖျာခင်းတယ်ဆိုတာ လူ့ကျင့်ဝတ်ကိုမစောင့်စည်းတဲ့ လူ့အန္ဓတွေရဲ့အကျင့်၊ အဖေမကြိုက်ဘူး။ တော်ကြာ အန္တရာယ်ကင်းပါစေတော့လို့ အိမ်ပေါ်ခေါ်ပင့်လာမှ အကုသိုလ်အလုံးအရင်းနဲ့ဝင်လာအောင်ခိုက်တတ်တဲ့ရုပ်တုမျိုးတော့ မဖြစ်စေချင်ဘူးကွ''

ဦးမာယာတင် စကားကတော်တော်လှသည်။ ပြဇာတ်ထဲမှာဆိုလျှင်တော့ ပရိသတ်တွေလက်ခုပ်ညြဘာပေးကြမှာ အမှန်ပင်။

''ဝက်ဆိုတာရွှံ့ဗွက်နဲ့ပဲ လိုက်ပါတယ်ကွယ်။ ကော်ဇောပေါ်မှာတော့ မလူးချင်စမ်းပါနဲ့ . . . နော်သား''

ဇေယျာတုခမျာ ဒုတိယလူ၏ဒုတိယဝေဒနာများဖြင့် ကြေကွဲနေရသခိုက် ပျော်ရွှင်မှုလေးမီးခတ်သလို ဖျတ်ခနဲရလိုက်ခါမှ ရဲရဲမပျော်ရွှင်ရဲတဲ့ဘဝကိုထပ်ပြီးကြေကွဲမိသည်။ အေးလေ ... ပထမမရမှတော့ ဒုတိယလူလည်း တတိယလူနဲ့အတူတူပါပဲ နတ်သမီးလေးရယ်။

"ဟား ... ကဲ ... ကျွန်တော်ဟိုကောင်တွေဆီသွားလိုက်ဦးမယ် ... ဇေယျာတုသဗ္ဗမင်္ဂလာပါ"

အဖေနှင့်အမေတို့၏ဆုံးမစကားများကြောင့် သူတို့နှစ်ယောက်ကြား စည်းခြားသွားပြီထင်မိသည်။ သို့ကြောင့် သူငယ်ချင်းများဆီ ရင်ဖွင့်ဖို့သွားမည်စိတ်ကူးဖြင့် အိမ်ပေါ်မှအနေးရိုက်ချက်ဖြင့်ဆင်းလာစဉ် လှေခါးကွေ့မှာရပ်နေသော မငွမ်းကိုတွေ့လိုက်ရ၏။

"ဟာ ... မမငွမ်း။ အိမ်ထဲမဝင်ဘဲ ဒီမှာရပ်ပြီးဘာလုပ်နေတာတုန်း"

မငွမ်းမပြောဘဲ တစ်ဖက်သို့လှည့်သွားသည်။ လက်ထဲက စပျစ်သီးထည့်ထားသော ကြွပ်ကြွပ်အိတ်ကိုသာလှမ်းပေးသည်။ ဇေယျာတုကြည့်ကာအကဲခတ်တော့ ...

" ဟင် ... မမငွမ်း ... မမငွမ်းငိုနေတာလား ... ဘာဖြစ်လို့လဲ"

မငွမ်းခေါင်းကိုငုံ့လျက် တရှုံ့ရှုံ့ဖြစ်နေသောကြောင့် ဇေယျာတုစိတ်ပူသွားသည်။ ဇေယျာတုမေးမှ ပို၍ဝမ်းနည်းလာသည်ထင့် ရှိုက်သံကမြင့်မြင့်လာသည်။ လက်ထဲကစပျစ်သီးအိတ်ကိုကမ်းရင်း ...

"ရော့ ... ဇေလေးစားဖို့"

ဇေယျာတုလှမ်းယူလိုက်သော်လည်း အကြည့်ကမငွမ်းဆီမှမရွေ့။ အသံကလည်းတုန်ဆတ်နေသည်။

"ဘာဖြစ်လာတာလဲ ... ကြီးတော်နဲ့ရန်ဖြစ်လာပြန်ပြီလား"

မငွမ်းခေါင်းယမ်းလို့သာဖြေသည်။

"ကဲ ... ကဲ ... ဒါဆိုလည်း အိမ်ပေါ်တက်၊ အဖေနဲ့အမေရှိတယ်။ ကျွန်တော်လက်ဖက်ရည်ဆိုင်သွားမလို့"

ဇေယျတုလှည့်ထွက်မည်အလုပ်မှာ မဂ္ဂမ်းကလှမ်းဆွဲလိုက်၏။

''ဇေလေး''

ဇေယျတု ရုတ်တရက်မို့ကြောင်သွားသည်။ မဂ္ဂမ်း၏အဆွဲကို ရုန်းသော်လည်း မဂ္ဂမ်းကမလွှတ်။

''ခုနက ဇေလေးတို့ပြောနေတာတွေ အကုန်ကြားပြီးပြီ။ ဇေလေး ... ဇေလေးမှာချစ်သူရှိနေပြီပေါ့ ... ဟုတ်လား''

''အာ ... ချစ်သူတွေမဟုတ်သေးပါဘူး။ ကျွန်တော်ကသာ''

မဂ္ဂမ်းက ခေါင်းလေးတညိတ်ညိတ်ဖြင့်

''အေးလေ ... နီးလွန်းတော့မှန်တယ်၊ မမြင်ရဘူးဆိုတဲ့စကားက သိပ်မှန်တာပဲနော်။ ဒါပေမယ့် ဇေလေးကိုတော့ သတိပေးချင်ပါတယ်။ ချုံထဲကချိုးနှစ်ကောင်ဟာ လက်ထဲကချိုးတစ်ကောင်လောက် တန်ဘိုးမရှိပါဘူးကွာ''

''မ ... မမဂ္ဂမ်း ဘာကိုဆိုလိုတာလဲ''

''ချုံထဲကချိုးနှစ်ကောင်ဟာ ပိုင်ဆိုင်ဖို့မသေချာဘူးလေ။ ဒါကြောင့်မို့ လက်ထဲမှာရှိပြီးသားချိုးတစ်ကောင်ကသာ တန်ဘိုးရှိတာပေါ့။ မမက တကယ်တော့ ဇေလေးလက်ထဲက သေချာပြီးသားချိုးလေးတစ်ကောင်ပါကွာ။ အေးလေ ... လူဆိုတာခက်သားလား။ ရွာနားကမြက်ကို ရွာနွားကမစားချင်ကြဘူး။ ဟိုးဝေးဝေးကမြက်ခင်းမှ ပိုစိမ်းတယ်လို့ ထင်ကြတာ။ ဒီရွာကမြက်ကလည်း စိမ်းပါတယ်ကွဲ့။ နွားဆိုတဲ့အတိုင်း နွားကိုကျလွန်းပါတယ် ... နွားလိုကောင်တွေ''

မဂ္ဂမ်းစကားကပြောရင်းပြောရင်း ဘယ်ရောက်ကုန်သည်မသိ။ ဇေယျတုတော့တွန့်သွားသည်။

''ဟင် ... ဒါ ... ဒါဆို မမဂ္ဂမ်းကကျွန်တော့်ကို နွား ... နွားလို့ပြောတာပေါ့ ... ဟုတ်လား''

''အင်း ... အာ ... မဟုတ်ဘူး ... မဟုတ်ဘူး။ အဲဒီသဘောမဟုတ်ဘူး''

မဂ္ဂမ်းက ခြေကာကာလက်ကာကာငြင်းစဉ် ဇေယျတုလည်း

လက်ဖက်ရည်ဆိုင်သို့ ထွက်ခွင့်ရသွားလေတော့သည်။ မဂ္ဂမ်းကတော့ တကြော်ကြော်လှမ်းခေါ်နေသည်။ ဖေယျတုကသက်ပြင်းနှင့်ကျောခိုင်းလျက်။

"ဟူး"

ထိုညက ဖေယျတုအတွက်အိပ်မရခြင်းသစ်သီးများ မှည့်ဝင်းနေတော့သည်။

❑❑❑

"ဇေယျတု . . . ဟောဒီမှာ ညှို့သည်ဟေ့"

ပုပ်အဲ့သွားလေသော အိပ်မရခြင်းသစ်သီးများအစား စိမ်းလန်းသောသစ်သီးများသီးပွင့်နေစဉ် ကျော်ထူးအသံကြောင့် အသေခံမုံးခွဲသမားများလက်ချက်ဖြင့် ဘဂ္ဂဒက်လို ပြိုပျက်သွားလေတော့သည်။

ညှို့သည်ဆိုသောကြောင့် ဝုန်းခနဲထထိုင်လိုက်၏။ ခရုသင်းစောင့်နတ်သမီးလေးများလား။ ကြည့်လိုက်တော့ ဒေါ်ပုရုး။ အလွမ်းညှို့သို့ကြောင့် မျက်ခမ်းမို့မို့ဖြင့်ကြွေလေသူကြီး။

"လူလေး . . . မောင်ဇေယျတု"

"ဗျာ"

တိုးဖျော့သောစကားကို ညှိုးလျော့စွာဆိုလေသည်။ သူ့လက်ထဲမှာတော့ ဖေယျတုပေးထားခဲ့သော လိပ်စာကဒ်ကလေးကိုကိုင်လျက်သား။ တစ်ဖက်မှာတော့ ကြိမ်ဆွဲခြင်းခပ်ကြီးကြီးတစ်ခြင်း။

"အန်တီ . . . အန်တီဆုံးဖြတ်လိုက်ပါပြီကွယ် . . ."

"ခင်ဗျာ"

"အန်တီ့အသည်းနှလုံးတွေကို ထုခွဲပစ်လိုက်ပါတော့မယ်"

"ဟာ . . . အန် . . . အန်တီ . . . အရမ်း . . . အရမ်းမလုပ်နဲ့လေ။ ဒေါ်သရွေ့ထား မှားတတ်တယ်လေ"

"လူလေးမတားပါနဲ့တော့ကွယ် . . . အန်တီအကြိမ်ကြိမ်အခါခါစဉ်းစားပြီးမှ ဟောဒီလို ဒုန်းခနဲ ဆုံးဖြတ်လိုက်တာပါ"

ခေါက်ဆွဲကြော်တရုတ်ကြီး ဝက်သားလှီးသလို ဖြတ်ပြလိုက်သဖြင့် ဖေယျတုနောက်သို့ပင် တွန့်သွားသည်။

"တကယ်တော့ အန်တီ့လုပ်ရပ်တွေက ဘုရားဟောနဲ့မညီပါဘူးကွယ်။ အန်တီတို့အရွယ်ဟာ တရားရှိရမယ့်အရွယ်၊ တရားမရှိသေးတောင် တရားတော့သိရမယ့်အရွယ်ပါကွယ်"

ဆိုပြော ငိုပြော တော်တော်ကျွမ်းကျင်ပုံရသည်။ မျက်ဝန်းစိုစိုဖြင့် . . .

"ပျောက်သောရှာရင်တွေ့သလို သေသော်သူကိုလည်း ကြာရင်မေ့သင့်ပါတယ်။ ဒီဘူးခွံတွေကြည့်ပြီး သွားလေသူကိုတမ်းတနေတာအဓိပ္ပာယ်မဲ့လှပါတယ်ကွယ် . . .။

အန်တီ သံသရာပြတ်ချင်ပါပြီ။ သံသရာပြတ်ဖို့ ဒီအစွဲတွေပြတ်မှဖြစ်မယ်မဟုတ်လား။ လူလေးလိုချင်နေတဲ့ဘူးခွံတွေ လာပို့ပေးတာပါ။ လူလေး ယူထားလိုက်ပါတော့နော်။ ကိုဖော်ကြီးရေ . . . ရှင့်ဘူးတွေထားပစ်ခဲ့ပြီနော်။ ဒါရှင့်ကိုမချစ်လို့မဟုတ်ဘူးနော် . . . သံသရာ . . . သံသရာမပြတ်မှာစိုးလို့ပါတော် . . . အီး . . . ဟီဟီး"

"အန်တီ . . . မငိုပါနဲ့နော် . . . တိတ်တိတ် . . .

ဒီဘူးခွံတွေအတွက် ကျွန်တော်ဘယ်လောက်ပေးရမလဲ"

"အန်တီမရောင်းပါဘူးကွယ်။ အသုံးလိုတဲ့သူကိုရောင်းဖို့ ကူညီတယ်သဘောထားလိုက်ပါ"

ညနေလိုချင်နေသော ရှေးစီးကရက်ဘူးခွံတွေရပြီမို့ အပျော်ကြီးပျော်သည်။ ရတနာသိုက်ကြီးကိုတစ်ယောက်တည်းတူးမိရင်တောင် ဒီလောက်ပျော်မှာမဟုတ်တော့။

"အဲဒီလိုတော့ မလုပ်ပါနဲ့အန်တီရယ်၊ အန်တီလည်း ဒီလောက်နှစ်တွေကြာအောင် ထိန်းလာခဲ့ရတာ။ ဒီလိုလုပ်ပါ။ ဒါတွေတန်ဘိုးသင့်လိုက်ပါ။ ရတဲ့ပိုက်ဆံနဲ့ အန်တီ့ယောက်ျားကိုရည်စူးပြီး တစ်ခုခုလှူလိုက်ပါလား . . . ဟင်"

"ဩော် . . . လူလေး မောင်ဇေယျတု သူတော်ကောင်းလေးပါတော်။ အမယ်လေး . . . ကိုဇော်ကြီးရေ . . . ရှင့်ဘူးခွံဘိုးတွေနဲ့ ရှင့်ကိုတစ်ခုခုလုပ်ပေးပါ့မယ်တော့ . . . နော် . . . အီးဟီးဟီး . . ."

တစ်ဘူးလျှင်ငါးရာနှုန်းဖြင့် ဘူး(၃၀)ကျော်ဖိုးရှင်းပေးလိုက်ရာ ဒေါ်ပွစူးခမျာဝမ်းသာလွန်းလို့ မျက်ရည်များပင်လည်လာရှာလေသည်။ သူ့ချစ်လင်ကြီးကို လွမ်းဆွတ်တာနှင့်ရောလွှတ်တာလည်း ဖြစ်နိုင်ပါသည်။

"သာဓုကွယ် . . . သာဓု . . . သာဓု

မောင်မင်းကြီးသား ဘုန်းကြီးပါစေ သက်ရှည်ပါစေ။ ဩော် . . . ဒါနဲ့ စကားမစပ် ဟိုသန်းစိန်ဆိုတဲ့ကောင် မလာဘူးလားကွဲ့"

"ဗျာ . . . အာ . . . ဒီကိုသူလာခဲ့တယ်ဗျ"

"အင်း . . . အင်း . . . တွေ့ရင်သာပြောလိုက်ပါတော့ . . . အရင်ကြွေးတွေ ပေးမနေနဲ့တော့လို့ . . . သံသရာထိယူသွားလို့ . . . နော် . . ."

"ဟုတ် . . . ဟုတ် . . . ပြောလိုက်ပါ့မယ်"

"အေး . . . အေး . . . သွားမယ်နော်၊

ကိုဇော်ကြီးရေ . . . တော့်ဘူးတွေတော့ နေရစ်ခဲ့ရှာပြီတော်ရေ့ . . . အီးဟီးဟီး"

တရားမရှိသေးတောင် တရားသိအောင်ကြိုးစားမည့်သူက ခုထိ 'အီးဟီဟီး' သေးသည်။ စိုက်စိုက်စိုက်စိုက်နှင့် ထွက်ခွာသွားသော မီးသဘောအိုကြီးတစ်စင်းကို လက်ပြနှုတ်ဆက်ပြီးသောအခါ ခေတ်မီသဘောသစ်ကြီးတစ်စင်းကိုရေချဖို့ ရှမ်ပိန်ပုလင်းကို သဘောဦးနှင့်ရိုက်ခွဲလိုက်ရလေတော့သည်။ သဘောကတော့ ညနေလိုချင်တဲ့စီးကရက်ဘူးခွံဟောင်းတွေရပြီမို့ ဖုန်းဆက်ဦးမယ်လို့ ပြောတာပါ။

❑❑❑

ဖြစ်ချင်တော့ ဖုန်းနှစ်လုံးစလုံးက မအား။ ဂျင်းဘောင်းဘီကိုတောင် ရှမ်းဘောင်းဘီလိုချောင်နေသည့် မျက်နှာမှာဝက်ခြံပုန်းအပြည့်နှင့် ပိန်ညှော်ညှော်လူတစ်ယောက်က ပိုက်ဆံကပ်ချေးနေသည့်လေသံဖြင့် ပြောနေသည်မှာ မြင်ရတာအန်ချင်စရာ။ သူ့ကိုယ်သူ 'ကိုကို' တဲ့ . . . 'အသည်း' ခေါ်လိုက် . . . 'ညလေး' ခေါ်လိုက်နှင့် မျက်နှာကြီးကလည်း ဗိုက်ဆာနေသော ဈေးခွေးတစ်ကောင် အမူးသမားအန်ဖတ်ပုံကိုတွေ့နေရသလိုကြီး။ လက်ကလည်း အငြိမ်မနေ။ တယ်လီဖုန်းခုံစွန်းကို အလကား နေရင်းခွာနေသည်။ ဟိုဘက်တစ်လုံးမှာတော့ အသားဖြူဖြူ မျက်လုံးပြူးပြူး၊ အသားနီစပ်စပ်နှင့်အစ်မကြီးတစ်ယောက် ဖုန်းခွက်ကိုကိုင်ရင်း ငိုနေသည်။ နောက်မိန်းမယူသွားသည့်သူ့ယောကျ်ားပြန်မလာတာကြာလို့ ဆက်နေတာလား၊ ဒါမှမဟုတ် နယ်မှာရှိသောမိဘဆွေမျိုး တစ်ဦးဦး ဆုံးသွားလို့ပဲလားမသိ။

ဇေယျာတုလက်ကနာရီကိုကြည့်မိသည်။ ဝက်ခြံပုန်းကိုပဲလက်တို့ ရမလား။ တသိမ့်သိမ့်သူကြီးကိုပဲ သတိပေးရကောင်းမလား ဝေခွဲမရ။ ပီ–စီ–အို ကောင်မလေးကတော့ နေကြာစေ့လှော်စားရင်း ပရိုတ်ကြီး (၁၁)သုတ်စာအုပ်ကလေးကို သည်းသည်းမည်းမည်းဖတ်နေသည်။

ဒီလိုမှန်းသိရင် ခရုသင်းကြီးကိုမှုတ်ပြီးခေါ်ပါတယ်လို့ နောင်တရ မိသည်။ ခရုသင်းကြီးမှုတ်တာက အကြောင်းမဟုတ်။ တော်ကြာ နတ်သမီး လေးရောက်မလာဘဲ နတ်သမီးကလေး၏ ဖခမည်းတော်ကြီးရောက်လာ မှဖြင့် ...။ နောင်တမဆုံးခင် ပုလဲခ,နေသော တသိမ့်သိမ့်သူကြီး ထ,ပြန် သွားသောကြောင့် နတ်သမီးကလေးဆီ ဟလိုခွင့်ရသွားလေပြီ။ အလွတ်ရ နေသော ဂဏန်း(၆)လုံးကို ပြုံးပြုံးကြီးနှိပ်ပစ်လိုက်သည်။

"ဟယ်လို ... ဟယ်လို"

"............"

"ဟယ်လို ... ဟယ်လို"

"အမိန့်ရှိပါရှင်"

"ဩော် ... အန်တီလား ... ကျွန်တော်ပါ ... ဇေယျာတုပါ"

"မဟုတ်ပါဘူးရှင် .... ကျွန်မ သန်းရီပါ"

"ဩော် ... အန်တီတို့ မရှိကြဘူးလား"

"ဟုတ်ကဲ့ ... အပြင်သွားကြပါတယ်"

"ညနေရောလား"

"ဟုတ်ကဲ့ ..."

"ဟင်! ဆေး ... ဆေးခန်းများသွားကြတာလား"

"ရှင်! ဖွဟဲ့ ... မဦးမချွတ် ဒီလိုအချိန်မှာ မင်္ဂလာမရှိတဲ့စကား မပြောပါနဲ့ရှင်"

"ဟုတ် ... ဆောရီးနော်"

"ရပါတယ် ... ဟင် ... ဟို ... ကျွန်မဟင်းအိုးကြီးတန်းလန်း နဲ့မို့ ဖုန်းချလိုက်တော့မယ်နော်"

ဇေယျာတု ဖုန်းခွက်ကိုကိုင်ရင်း ကြက်သေသေပြီး လဒမ္ဗိုင်မွိုင်

သွားလေပြီ ...။ ဟောဒီဖုန်းဟာ ကြေကွဲရသူတို့အတွက်များ ချထား လေသလားတွေးမိသည်။ တသိမ့်သိမ့်သူကြီးလိုပဲ ပုလဲခ,လိုက်ရကောင်း မလား ....။ ခြေလှမ်းတွေက ဆင်ဆယ်ကောင်ကို တန်းစီဆွဲလာရသလို လေးလံလွန်းလှသည်။ နားထဲမှာ အိမ်ဖော်မလေး၏ စကားသံတွေက ပဲ့တင်ထပ်နေဆဲ ...။

'ဒီလိုအချိန်မှာ မင်္ဂလာမရှိတဲ့စကား မပြောပါနဲ့ရှင်''

❑❑❑

ပက်လက်ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး မျက်ဝန်းအစုံကို မှိတ်ထားစဉ်မှာပင် ...

"လူလေး ... လူလေး ... လူလေး"

ခေါ်သံတွေကြားရသည်။ အဝေးတစ်နေရာမှလား၊ ခရှသင်းစောင့်နတ်သမီးလေးဆီကလား၊ မှိတ်ထားသောမျက်ဝန်းအစုံကိုအဖွင့် ဘီသိက်ဆရာကြီး ... ပုဏ္ဏားပျံ့ ဦးတိမ်ညွန့်။

"လူလေး ...၊ ဦးလေး ... ပုဏ္ဏားပျံ့ဦးတိမ်ညွန့်လေ"

ဇေယျတု ထိုင်နေရာမှ ဝုန်းခနဲထ,ရပ်လိုက်မိသည်။

"ဟိုလေ .... ဦးလေးရောင်းထားတဲ့ ခရှသင်းကြီး ပြန်လိုချင်လို့ပါကွယ်"

✿ ရွှေသမီးစာပေ ✿

"ဟာ ... ဦးလေးကလည်း ဦးလေးပဲရောင်းပြီးတော့"

"ဟုတ် ... ဟုတ်ပါတယ်ကွယ်။ ဖြစ်နိုင်ရင် မောင်ရင့်ကိုရောင်းတဲ့ဈေးနဲ့ပြန်ပေးပါလားကွယ်"

"ဗျာ"

"ဒါ ... ဒါက ဦးလေးတို့ရဲ့ ဘိုးစဉ်ဘောင်ဆက်ရတနာကြီးမို့ ဦးလေးပြန်ယူပါရစေကွယ် ... နော်"

"ရောင်းပြီးသားပြန်ယူရင် မျက်စိစွန်တတ်တယ်နော်"

"စွန်လည်းစွန်ပစေတော့ မောင်ရင်ရေ။ ဦးလေးမိန်းမက နန်းစဉ်ရတနာကြီးကို ရောင်းမစားရဘူးတဲ့ ... ပြန်ယူခိုင်းလို့ပါကွယ်"

"ဟာ ... ဘယ်ဖြစ်မလဲ။ ကျွန်တော်နဲ့ထိုက်လို့ ကျွန်တော်ရထားတာ။ ဒီခရုသင်းကြီးက ကျွန်တော်နဲ့ပဋ္ဌာန်းဆက်ရှိတယ်ဗျ။ ပြီးတော့ ခရုသင်းစောင့်နတ်သမီးလေးနဲ့လည်း ကျွန်တော်မခွဲနိုင်ပါဘူး"

"ဦးလေးတောင်းပန်ပါတယ်ကွယ် ... ဒူးထောက်တောင်းပန်သို ဒူးထောက်ပါ့မယ် ..."

"ဟာ ... အဲ ... အဲလိုတော့ မလုပ်ပါနဲ့ဗျာ ... ကျွန်တော်ရဲကြီးနေပါ့မယ်။ ကျွန်တော်စဉ်းစားဦးမယ်ဗျာ။ အခုစိတ်တွေရှုပ်နေလို့။ နောက်နေ့ကျမှလာခဲ့ပါ ... နော် ..."

ဦးတိမ်ညွှန့် ဆက်မပြောတော့။ မှန်ကောင်တာထဲရှိ ခရုသင်းကြီးကိုသာမမိုတ်မသုန်စိုက်ကြည့်ရင်း စိတ်မကောင်းခြင်းကြီးစွာဖြင့် လှည့်ပြန်သွားလေတော့သည်။

❑ ❑ ❑

"အမယ် ... ပုဂ္ဂိုလ်က ဘောလုံးဂျာနယ်တွေ မဖတ်စဖူးဖတ်လို့ပါလား"

ဟုတ်တော့လည်း ဟုတ်သည်။ ဘောလုံးဆိုသည်မှာ 'လုံးနေသောဘော'ဆိုတာလောက်အပြင် ပိုမသိသူက ခုတော့ဘောလုံးဂျာနယ်တွေဖတ်နေပြီဆိုတော့ ကျော်ထူးအံ့ဩရပေလိမ့်မည်။

"ဖတ်ရမယ်လေဗျာ ... ဒီတစ်ခါ ဖားသားကြီးလာခေါ်ရင် ဖောလျှောရိုက်လို့ ရပြီပေါ့ဗျ"

ကျော်ထူးနှုတ်ခမ်းကို အစွမ်းကုန်မဲ့လိုက်သည်။

"ဘာ! ရာရာစစ ... ဖားသားကြီး ... ဟုတ်လား ....

မှန့်ဆီကြော်ကဖြင့် ဘယ်နေမှန်းမသိဘူး။ နှုတ်ခမ်းနာတဲ့သူကတည့်ရဲ့လားမေးနေပြီ ..."

"ခင်ဗျားဗျာ ... ဒီလက်ကိုသေချာကြည့် ..."

"ဘာလဲ ... ဝဲပေါက်နေလို့လား"

ထွတ်! ကျက်သရေမရှိလိုက်တာ မှတ်ထား။ ဒါယောက္ခမအိမ်မှာ ရွှေချိန်မယ့်လက်ဗျ"

ဇေယျာတုညာဖက်လက်တစ်ဖက်ကိုထောင်ရင်း အပြောကြီး လိုက်တော့ ကျော်ထူးတို့တခွမ်းခွမ်းရယ်ပြီလေ ...။

"ခင်ဗျားရယ်မနေနဲ့။ နောင်ကျမှ ဟော့ကောင် ... ဇေယျာတု ငါ ... ငါ ဆံပင်ညှပ်တဲ့ကျော်ထူးလေကွာလို့ လိုက်ပြောနေရဦးမယ်"

"နေပါကွာ ... မင်းရောဂါ ငါကုမပေးရရင်ကို ကျေးဇူးတင် လှပါပြီ"

"ခင်ဗျား နောင်တရမယ်နော်။ အခု ဒီမှာတွေ့လား။ ချစ်သူရှာ နိုင်းထားတဲ့ စီးကရက်ဘူးခွံတွေ၊ ဒါတွေကိုအကြောင်းပြုပြီး ချစ်သူ့နှလုံး သားကိုသော့ဖွင့်ဝင်တော့မှာ ..."

"ဖြစ်ရင် လည်ဖြတ်"

"မယုံရင်ကြည့် ... ကျုပ် ဟောဒီခရသင်းကြီးကို မှုတ်လိုက် မှာ။ ချစ်သူအချိန်မီရောက်လာလိမ့်မယ်"

ဇေယျာတုခရသင်းကြီးထုတ်ယူပြီး ဖုန်သုတ်နေစဉ်မှာပင် ကား ကလေးတစ်စီးထိုးရပ်လာလေပြီ။ ဇေယျာတု ကျော်ထူးကို 'ကြည့် ... တွေ့တယ်မဟုတ်လား' ဆိုသောမျက်နှာဖြင့် ကြည့်လိုက်သည်။ ခရသင်း စောင့်နတ်သမီးကလေး ကားပေါ်ကဆင်းလာသည်။ 'ဟုတ်လှချည့်လား။ ဒီကဖြင့် မှုတ်တောင်မမှုတ်ရသေးဘူး' လို့ ကျော်ထူးမကြားတကြားပြော သည်။ ဤတစ်ကြိမ်ရောက်လာပုံက ပန်းကလေးတစ်ပွင့် ပွင့်လာပုံမျိုး။ ခါတိုင်းလို ခေတ်ဟောင်းရုပ်ရှင်ဆန်မနေ။ ပို၍ထူးခြားသည်က မင်္ဂလာ သတို့သမီးဝတ်စုံကို ဝတ်လာခြင်းပင်။ ဇေယျာတုဆီလျှောက်လာပြီး ...။

"ကိုဇေယျာတု ... မတွေ့တာတောင်ကြာပြီနော်"

ဇေယျာတုစကားမပြန်နိုင် နတ်သမီးကလေးကိုသာငေးလျက်။

"ဟုတ် ... ဟိုလေ ... ညနေလိုချင်တဲ့စီးကရက်ဘူးခွံတွေ

အများကြီးရနေပြီ''

''ဟုတ်လား ... ကျေးဇူးပဲ''

ဖေယျတု စီးကရက်ဘူးခွံများသွားယူမည်ပြင်စဉ် ...

''နေ ... နေ ... အခု မယူသေးဘူး ... ရော့ ... ဒီနေ့ ကျွန်မမင်္ဂလာပွဲရှိတယ်လေ။ ဟိုရှေ့နားက ဘုန်းကြီးကျောင်းမှာလုပ်မှာ ...''

''ဗျာ''

''အယ် ... ဒီခရုသင်းကြီးအသံမကြားရတာ ကြာသွားပြီနော်။ လုပ် ... ကျွန်မကို မှုတ်ပြပါဦး''

''ဗျာ ... ဟုတ် ... ဟုတ်''

ကလေးတစ်ယောက်က ကလေးထိန်းကြီးကို ပူဆာသလိုမျိုး ပူဆာနေတော့ ဖေယျတုခမျာ မနေသာတော့ပြီ။ စိတ်မပါသော်လည်း ခရုသင်းကြီးကို ဝတ္တရားအရမှုတ်ပြပေးမည်စိတ်ဆုံးဖြတ်လိုက်သည်။

''တူ ... တူ ... တူ''

ဖေယျတုရုတ်တရက် တုန်လှုပ်ချောက်ချားသွားလေသည်။ တစ်ခါမှ အပေါက်အလမ်းတည့်အောင်မမြည်ခဲ့ဖူးသော ခရုသင်းကြီးက အခုမှ ဠာန်ကရိုဏ်းကျကျ သုတိမင်္ဂလာအပေါင်းနှင့်ပြည့်စုံစွာသော သာယာသံများ ထွက်လျှံကျလာလေသောကြောင့်ပင်။ ညနေခမျာ ကလေးတစ်ယောက်လို လက်ခုပ်လက်ဝါးများပင်တီးလျက် ပျော်ရွှင်ဝမ်းမြောက်နေလေသည်။ ချစ်သူတို့မင်္ဂလာပွဲအတွက် ဝမ်းမြောက်ခြင်းတံပိုးခရာသံတွေပါလား ချစ်သူရယ် ...။

''ခရုသင်းသံက ချိုတယ်နော် ... ကျေးဇူးပဲ ... ကားထဲမှာ သူစောင့်နေတယ်။ အခု သူ့သဘောပေါ်က ပြန်ဆင်းလာပြီလေ။ နောင်မှ မိတ်ဆက်ပေးရဦးမယ် ... သွားပြီနော် ... ဘိုင့်ဘိုင်''

တစ်သက်တာနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်လိုက်ပြီလား ချစ်သူရယ်။ ညနေက လှည့်ထွက်သွားပြီးမှ ....

''ဩော် ... စီးကရက်ဘူးခွံတွေ မရှာနဲ့တော့နော်၊ မလိုတော့

ဘူး''

ဇေယျတု ခေါင်းညိတ်မိလား မညိတ်မိဘူးလားမသိ။ လောင်ကျွမ်းလိုက်စားနေသော နွေနေ့လယ်ခင်းမှာ ကွင်းပြင်ထဲ ထီးထီးရပ်နေရသလို ခံစားနေရသည်။ ညနေပေးသွားသော ဖိတ်စာကလေးကို ငုံ့ကြည့်မိတော့ ....

**မောင်တင်ကိုကို**
**မညနေ**

## မင်္ဂလာဧည့်ခံပွဲ
## ဖိတ်ကြားလွှာ

ကြည့်နေရင်းကပင် စာလုံးများကဝေ့ဝေ့ဖြင့် ဝေးသွားသလို ခံစားလိုက်ရသည်။ လှမ်းကြည့်မိတော့ ညနေက ကားကလေးနောက်ခန်းထဲမှာထိုင်နေသော သတို့သားဘေးမှာ ဝင်ထိုင်လိုက်တာကိုလှမ်းတွေ့ရသည်။ ဘာကြောင့်ရယ်မသိ လှမ်းမကြည့်မှန်းသိသိကြီးနှင့် လက်ပြနှုတ်ဆက်နေမိသည်။

ပြီးတော့ ... ခရသင်းကြီးကိုထွေးပိုက်ထားရင်းက တုန်ရီသောနှုတ်ခမ်းအစုံဖြင့် ဂုဏ်ပြုနှုတ်ဆက်မိပြန်ပါသေးသည်။

''ဇေယျတု သဗ္ဗမင်္ဂလာပါ ချစ်သူရယ် ...''

ရပ်ငေးလို့အဆုံး အဆွေးတွေမျိုသိပ်ရင်းလှည့်အထွက်မှာပင် ဆိုင်ရှေ့သို့ကားလေးတစ်စင်း ထပ်ရပ်လာပြန်သည်။ အံ့အားသင့်စွာငဲ့ကြည့်တော့ ညနေ၏ဖခင်ဖြစ်နေသည်။

''ဟေး ... မောင်ဇေယျတု''

ကားပေါ်ကဆင်းဆင်းချင်းမှာပင် ဇေယျတုကိုမြင်သွားသောကြောင့် ဝမ်းသာအားရလှမ်းနှုတ်ဆက်လိုက်သည်။ ဇေယျတုမျက်နှာမှာတော့ သံတမန်ဆန်စွာပြုံးကြည့်ပေမယ့် သေချာပါသည် ... နှုတ်ခမ်းတွန့်ရုံသာ

ဖြစ်နေပါလိမ့်မည်။

"ဩော်"

"အေး ... ဒီလိုကွ။ ဒီနေ့ပဲ မင်းနမ မင်္ဂလာပွဲလုပ်ဖြစ်တယ်။ ဟိုရှေ့နားက ဓမ္မာကာရာမကျောင်းတိုက်မှာပဲလုပ်မှာ။ ငါ့တူလိုက်နိုင်ရင် လိုက်ခဲ့ပါလား။ ဩော် ... သမီးလည်း ဝင်ဖိတ်သွားတယ်ထင်တယ်"

ဇေယျတုပန်းကိုဖက်ကာ မင်္ဂလာပွဲသို့လိုက်ခဲ့ဖို့ခေါ်သည်။ ဇေယျတုလက်ထဲကဖိတ်စာကိုလည်းမြင်သွား၏။

"ဟုတ် ... ကျွန် ... ကျွန်တော် သွားစရာအလုပ်ကလေး တစ်ခုရှိနေလို့"

ဇေယျတု အကြောင်းပြချက်ကမခိုင်လှပါ။ သို့ကြောင့် ခေါင်းကိုသာငုံ့ထား၏။

"အေးပါကွာ ... မအားရင်လည်းနေပါ။ ကြုံလို့ဖိတ်တာလို့ တော့မထင်နဲ့နော်။ သမီးလေးချစ်သူက ပြန်းစားကြီးပြန်ရောက်လာ တော့ ... မင်္ဂလာပွဲအတွက်စီစဉ်နေရတာနဲ့မို့ ငါ့တူကြီးကိုမပြောဖြစ် မရောက်ဖြစ်တော့တာ"

"အဲဒါ ... သမီးလေးဆန္ဒအရ သူ့ကောင်လေးသင်္ဘောပြန် မတက်ခင် မင်္ဂလာပွဲလုပ်ချင်တယ်ဆိုတာနဲ့ အားချင်းစီစဉ်လိုက်ရတာ။ အေးကွာ ... ဒါဆိုလည်းသွားဦးမယ်နော်"

"ဟုတ်"

ထိုစဉ် ကားကလေးနောက်ခန်းမှာပါလာသော ဘိသိက်ဆရာ ကြီးပုဏ္ဏားပျံဦးတိမ်ညွန့်ဆင်းလာပြီး ...

"မောင်ရင် ... ဦးလေးခရုသင်းကြီး ခဏငှားပါလားကွယ်။ ဒီမင်္ဂလာပွဲမှာ ဘိသိက်မြှောက်ပေးရမှာမို့ ... ဟင် ... ငှားမယ် မဟုတ် လား"

ဇေယျတု အံ့ဩတုန်လှုပ်သွားလေသည်။ 'ဒီခရုသင်းကြီးက နတ်စောင့်ပါတယ်ကွယ်'ဆိုသောစကားသံများ နားထဲမှာပဲ့တင်လာခဲ့ပြီ။

"ဟင် ... ငါ့တူ ခဏငှားပါလား။ ဦးလေးမင်္ဂလာပွဲပြီးတာနဲ့

ချက်ချင်းဝင်ပေးပါ့မယ်။ ဦးလေးကတိတည်ပါတယ်ကွယ်၊ ဦးလေးကို ပြန်မရောင်းချင်ရင် မရောင်းပါနဲ့၊ ဒီတစ်ပွဲတော့ ခဏငှားပါ ... နော် ... ငါ့တူ"

ဇေယျာတု ခရုသင်းကြီးကိုကြည့်ကာ ရင်ထဲမှာဆို့နင့်လာသည်။ ပဋ္ဌာန်းဆက်ပါတာ တကယ်ဟုတ်ရဲ့လား။ ခရုသင်းစောင့်နတ်သမီးလေးက ခရုသင်းကို ကျော်နိုင်းသွားပြီမဟုတ်လား။ ဘိသိက်ဆရာကြီးကို ဇေယျာတု ကြေကွဲစွာကြည့်ရင်း ...

"ဦးလေးကို ငှားလည်းမငှားဘူး၊ ရောင်းလည်းမရောင်းဘူး"

ခဏရပ်ထားသောစကားကြောင့် ဘိသိက်ဆရာကြီး အံ့အား သင့်သွားရှာသည်။

"ဒီခရုသင်းကြီးက ဦးလေးပိုင်တဲ့ပစ္စည်းပါ။ ဦးလေးကိုကျွန်တော် ပြန်ပေးပါတော့မယ်။ ကျွန်တော်နဲ့ ပဋ္ဌာန်းဆက်မရှိဘူးထင်ပါတယ်ဗျာ။ ပြီးတော့ ... ပြီးတော့ ..."

ဇေယျာတုစကားမဆက်နိုင်တော့ဘဲ နင့်နေသဖြင့် စကားလွှဲ လိုက်ရသည်။

"ဦးလေး ဘယ်သူ့ကိုမှလည်း ရောင်းမပစ်လိုက်ပါနဲ့ဗျာ။ ဦးလေးတို့ ဘိုးစဉ်ဘောင်ဆက်နန်းသုံးရတနာကြီးဆိုတော့ ..."

ချစ်သူနှင့်ပတ်သက်နေသမျှအရာအားလုံး မေ့ပစ်နိုင်အောင် ကြိုး စားရပေတော့မည်။ သို့ကြောင့် ဘိသိက်ဆရာကြီးလက်ထဲသို့ ခရုသင်း ကြီးပြန်ထိုးထည့်ပေးလိုက်သည်။

"ဟာ ... ဝမ်းသာလိုက်တာငါ့တူရာ။ ဘယ်လိုကျေးဇူးဆပ်ရ မှန်းတောင်မသိတော့ဘူး။ မောင်မင်းကြီးသား ဘုန်းကြီးပါစေ သက်ရှည် ပါစေ ... ချစ်တဲ့သူနဲ့အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ပါစေဗျာ ... အပေးပေး"

ဆုတောင်းပေးသံကြောင့် ဇေယျာတုမှာ ပြုံးလဲ့ယိုင်ကျလုမတတ် ခံစားသွားရလေတော့သည်။ 'ချစ်တဲ့သူနဲ့အိုအောင်မင်းအောင် ပေါင်းသင်း နိုင်ပါစေ'တဲ့လား။

✿ ရွှေသမီးစာပေ ✿

အတတ်နိုင်ဆုံးထိန်းပြုံးလျက် ...

"ပေးတဲ့ဆုနဲ့ ..."

"အေး ... အေး ... ဒါဆိုလည်းသွားမယ်နော်။ မင်္ဂလာအခါ နီးနေပြီပို့ ... နော်လူလေး"

ဇေယျာတုစကားမဆုံးခင်မှာပင် ဘိုးသိက်ဆရာကြီးက ဇေယျာတု လက်ကိုဖမ်းဆုပ်ပြီးနှုတ်ဆက်သည်။ ပြီးတော့ ကားကလေးဆီခပ်သုတ်သုတ်လေးပြေးသွားသည်။ ကားရှေ့ခန်းထဲမှာထိုင်နေသော ဦးပေါ်လေး ကလက်လှမ်းပြပြီး ကားကိုမောင်းသွားလေတော့သည်။ ဇေယျာတုလည်း ဦးညွှတ်ကာနှုတ်ဆက်လိုက်ပါသည်။

"ဇေယျာတုသဗ္ဗမင်္ဂလာပါ"

❑❑❑

**ချမ်းမင်းအိမ်**